# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၅၆)၊ အမှတ် (၀၂၈)


# မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ပိုမိုဖြန့်ကြက်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ဆွေးနွေး



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ဒါရိုက်တာများဘုတ်အဖွဲ့ ယာယီဥက္ကဋ္ဌနှင့် Viettel Telecom Corporation အမှုဆောင် အရာရှိချုပ်တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ဒါရိုက်တာများဘုတ်အဖွဲ့ ယာယီဥက္ကဋ္ဌ မစ္စတာ ကျန်အိုင်းသွမ်နှင့် Viettel Telecom Corporation ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ငုယင်မင့်ဟုန်တို့အား ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟန္နိုင်းမြို့ဂရင်းပလာဇာဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်သမ္မတ ဦးထင်ကျော် Viettel Telecom Corporation ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ငုယင်မင့်ဟုန်အား လက်ခံတွေ့ဆုံစဉ်

(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Humanitarian Award 2016 ဆု ပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Humanitarian Award 2016 ပေးအပ်သည့်အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Helen Keller International Europe ဥက္ကဋ္ဌ Dr. Howard Cohn က ဤဆုကို ပရဟိတနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များ စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့သူများကို ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့လူဦးရေ သန်း ၃၀၀ ခန့်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေပါကြောင်း၊ မိမိတို့ Hellen Keller Foundation ၏ အဓိကရည်ရွယ်ချက်မှာ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးနှင့် မျက်စိရောဂါ ကာကွယ်ကုသရေးဖြစ်ပါကြောင်း၊ ထို့ပြင် Hellen Keller Foundation သည် အကျိုးအမြတ်ကို ပဓာနမထားသော ကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး သုတေသနနှင့် ပညာရေးအတွက် အယ်လ်ဘားမားပြည်နယ်၏ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ဆောက်ကာ မျက်မမြင်များကို အလေးထား ကူညီပေးပါကြောင်း၊ အပူပိုင်းဒေသတွင် ဖြစ်ပွားလေ့ရှိသည့် ရောဂါဘယကုသရေးအတွက် နည်းပညာအကူအညီများပေးပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သည့် ၁၅ နှစ်ခန့်မှစပြီး မျက်စိနှင့်ပတ်သက်သည့် ရောဂါကုသရေးဆောင်ရွက်ချက်များ လုပ်ဆောင်ခဲ့ပါကြောင်း၊ Total Co; ၏ အကူအညီနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Europe ဥက္ကဋ္ဌ Dr. Howard Cohn က ဆုပေးအပ်ချီးမြှင့်စဉ်

ဓာတ်ပုံ-အောင်ရှိန်းဦး


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဧရာဝတီ-ကျောက်ဖယား-မဲခေါင်နှင့် CLMV နိုင်ငံများဖွံ့ဖြိုးရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်ဇနီး ဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီး (၈)ကြိမ်မြောက် CLMV ၊ (၇)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးများနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်-မဲခေါင်ညီလာခံသို့လည်း တက်ရောက်ခဲ့သည်။ သမ္မတသည် အောက်တို ဘာလ ၂၅ ရက်နေ့က ကမ္ဘာ့စီးပွားရေးဖိုရမ် (မဲခေါင်ဒေသ) သို့တက်ရောက်အမှာစကားပြောကြားပြီး အောက်တိုဘာလ ၂၆ ရက်နေ့တွင် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) ထိပ်သီးအစည်း အဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့သည်။

မဲခေါင်ဒေသသည် ဖွံ့ဖြိုးမှုအဆင့်အသစ်တစ်ခုသို့ တက်လာသောဒေသတစ်ခု ဖြစ်သော်လည်း၊ အခွင့်အလမ်းများနှင့်အတူ စိန်ခေါ်မှုများလည်း ရှိနေကြောင်း၊ CLMV နှင့် ACMECS မူဘောင်များအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မဲခေါင်ဒေသတွင်းရှိ ထိုင်းနိုင်ငံအပါအဝင် ငါးနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံနိုင်စေမည့် အလားအလာနှင့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်ကို တွေ့ရပါသည်။

ပထမဆုံးအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင်ကျင်းပခဲ့ပြီး ထိုလေးနိုင်ငံ၏ ဘုံအကျိုးစီးပွားနှင့် မဲခေါင်ဒေသတွင်း စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့များရရှိရေးအတွက် ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။ CLMV ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတစ်ခုချင်းစီ၏ အကျိုးအမြတ်နှင့် အလားအလာများဖွံ့ဖြိုးမှုအတွက် ပွင့်လင်းသော အစီအစဉ်ဆောင်ရွက်ချက်များဖြစ်ပြီး အခြားသော အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးနည်းပညာဆိုင်ရာ အထောက်အကူများ ရယူရန်လည်း ပါဝင်ပါသည်။

ဤဖိုရမ်မှာ အခြားသောအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ ကိုယ်ပိုင်အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်မည့် ရှုထောင့်များဖလှယ်ကြမည်ဖြစ်ပြီး အလားတူ အခြားသော မိတ်ဖက်များဖြစ်သည့် အမေရိကန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဥရောပသမဂ္ဂတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်မည်ဖြစ်သည်။ ထိုသို့ CLMV ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်အတွင်း ထိုင်းနိုင်ငံနှင့်ပါ ပူးပေါင်းပြီး ACMECS ကို ထူထောင်ခြင်းဖြင့် ဒေသတစ်ခုလုံး တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ACMECS ၏ အဓိကပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူသားအရင်းအမြစ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ဖြစ်ကြပါသည်။

၂၀၀၄ ခုနှစ်မှစ၍ ၁၃ နှစ်တာကာလအတွင်း CLMV နှင့် ACMECS ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးနှင့် ကုန်သွယ်ရေးမြှင့်တင်မှု၊ ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းနိုင်မှုတို့ကို ကောင်းစွာ အထောက်အကူပြုနိုင်ခဲ့သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပိုမိုလုပ်ဆောင်လာကြခြင်းနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့တွင် ဖြေလျှော့ပေးမှုများကြောင့် မဲခေါင်ဒေသ၏စီးပွားရေးမှာ သွက်လက်အားကောင်းလာပြီး အာဆီယံဖွံ့ဖြိုးမှု၏ မောင်းနှင်အားသဖွယ် ဖြစ်လာစေခဲ့သည်။

ယခု (၇) ကြိမ်မြောက် ACMECS အစည်းအဝေး၏ပူးတွဲကြေညာချက်နှင့် (၈)ကြိမ်မြောက် CLMV အစည်းအဝေး၏ ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် (မဲခေါင်ဒေသ)အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက “မဲခေါင်မြစ်သည် ဒေသတွင်းနေထိုင်ကြသော ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရှင်သန်ရပ်တည်မှုအတွက် အခြေခံကျစွာ ချိတ်ဆက်လျက်ရှိကြောင်း၊ မဲခေါင်မြစ်ဝှမ်းနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများရှိသော်လည်း စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်တိုးမြှင့်မှုနှင့် စီးပွားရေးယှဉ်ပြိုင်စွမ်း တိုးမြှင့်မှုကဏ္ဍများတွင် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း”ပြောကြားခဲ့သည်။

အခြားသော အခက်အခဲတစ်ခုမှာ အာဆီယံဒေသ ၁၀ နိုင်ငံမှ ကျန်ခြောက်နိုင်ငံနှင့် CLMV နိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းဖြစ်သည်။ ထို့ကြောင့် CLMV လေးနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်းက အာဆီယံနိုင်ငံများပေါင်းစည်းရေးအတွက် အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်နေပါကြောင်း တင်ပြရပါသည်။ ။



## သဘာဝပတ်ဝန်းကျင်သတင်းရေးသားနည်း သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာသတင်းပညာသိပ္ပံ ပြင်သစ်နိုင်ငံအခြေစိုက် Canal France International ( CFI )နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သော World Wildlife Fund Myanmar (WWFM) တို့ ပူးပေါင်းစီစဉ်မှုဖြင့် သဘာဝပတ်ဝန်းကျင်သတင်းရေးသားနည်းသင်တန်းကို နိုဝင်ဘာလတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ မန္တလေးမြို့တွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ ထားဝယ်မြို့တွင် နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

**အောင်သူရ**

# မန္တလေး-ပြင်ဦးလွင်လမ်းသစ် ဖောက်လုပ်ရာတွင် လမ်းနယ် ပေ ၁၅၀ အစား ပေ ၅၀ သို့ ပြောင်းလဲသတ်မှတ်

**မန္တလေး အောက်တိုဘာ ၂၇**

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ရန် အသစ်ဖောက်လုပ်လျက်ရှိသော မန္တလေး-ပြင်ဦးလွင် လမ်းပိုင်း၏ လက်ရှိလမ်းနယ် သတ်မှတ်ချက် ပေ ၁၅၀ အစား အမှန်တကယ် ဖောက်လုပ်ရန်လိုအပ်သည့် ပေ ၅၀ သို့ ပြောင်းလဲသတ်မှတ်ဖောက်လုပ်စေခြင်းဖြင့် သစ်တောဆုံးရှုံးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း Axion Mandalay Highway Construction co.,Ltd. မှ ပြောရေးဆိုခွင့်ရှိသူ ဦးစိုးမြတ်သူ က ပြောသည်။

ယင်းကုမ္ပဏီမှ အသစ်ဖောက်လုပ်လျက်ရှိသော မန္တလေး- ပြင်ဦးလွင်လမ်းပိုင်းရှိ သတ်မှတ်လမ်းနယ်နိမိတ် ပေ ၁၅၀ အတွင်း လုံးပတ်တစ်ပေနှင့်အထက် သစ်ပင်ပေါင်း ၇၃၃၅၂ ပင် ခန့်ဆုံးရှုံးမှုရှိနိုင်သဖြင့် ယာယီရပ်ဆိုင်းထားရမှုနှင့် လက်ရှိလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို အောက်တိုဘာ ၂၄ ရက်က ရွှေပြည်သာဟိုတယ်၌ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

“ဆုံးရှုံးနိုင်တဲ့ သစ်ပင်တွေအတွက် သတ်မှတ်ထားတဲ့ လျော်ကြေးငွေကို ပေးဆောင်ဖို့ ကျွန်တော်တို့ကုမ္ပဏီက သဘောတူထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဆုံးရှုံးသွားတဲ့အပင်တွေ နေရာ မှာ လေကာပင်တစ်သိန်းနီးပါးပြန်လည် စိုက်ပျိုးထားပါတယ်။ လက်ရှိ လမ်းနယ်သတ်မှတ်ချက်ကို လျှော့ချလိုက်ရင် သစ်တော ဆုံးရှုံးမှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျှော့နည်းသွားနိုင်ပါမယ်”ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် ပြင်ဦးလွင်ဘက်အခြမ်း လမ်းအူကြောင်းဖောက်လုပ်ခြင်းလုပ်ငန်း နှစ်မိုင်ခန့် ပြီးစီး၍ ပုသိမ်ကြီးဘက်အခြမ်း လမ်းအူကြောင်းဖောက်လုပ်မှုလုပ်ငန်း ခြောက်မိုင် ခြောက်ဖာလုံခန့် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အဆိုပါ လမ်းသစ်ဖောက်လုပ်မှုတွင် ပြင်ဦးလွင်မြို့နယ်အပိုင်း၌ လမ်းအရှည် ကိုးမိုင် သုံးဖာလုံအတွင်း သစ်တော ဧရိယာ ၁၇၀ ဒသမ ၅ ဧက၊ ပုသိမ်ကြီးမြို့နယ်အပိုင်းတွင် လမ်းအရှည် လေးမိုင်အတွင်း သစ်တောဧရိယာ ၇၂ ဒသမ ၇ ဧက ပါဝင်ပြီး လမ်းအကျယ်ပေ ၁၅၀ အတွင်း စုစုပေါင်း သစ်တောကြိုးဝိုင်း ဧရိယာ ၂၄၃ ဒသမ ၂ ဧက ပါဝင်ကြောင်း သိရသည်။

လက်ရှိအသုံးပြုနေသော မန္တလေး- ပြင်ဦးလွင် ကားလမ်းမှာ ၄၂ မိုင်ခန့် ရှည်လျားပြီး ယခုဖောက်လုပ်မည့် လမ်းသစ်မှာ မန္တလေးမှပြင်ဦးလွင် (အနီးစခန်းဘူတာ)အထိ ၂၂ မိုင်ခန့်သာ ရှည်လျားကြောင်းနှင့် အဆိုပါလမ်းသစ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလဆန်းမှစတင်၍ ခွင့်ပြုချက်ဖြင့် ဖောက်လုပ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ သစ်တောဦးစီးဌာန၏ တားမြစ် ချက်ကြောင့် ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(ဇေယျာသီရိ)၌ ၂ ဒသမ ၄၄ လက်မ၊ ဖလမ်းမြို့၌ ၂ ဒသမ ၀၅ လက်မ၊ မြဝတီမြို့၌ ၁ ဒသမ ၉၃ လက်မ၊ တပ်ကုန်းမြို့၌ ၁ ဒသမ ၇၇ လက်မ၊ နောင်ချိုမြို့၌ ၁ ဒသမ ၇၃ လက်မ၊ မတ္တရာ(စိုက်ပျိုးရေး)၌ ၁ ဒသမ ၆၅ လက်မ၊ ရေးမြို့၌ ၁ ဒသမ ၆၁ လက်မ၊ ရန်ကုန်(မြို့လယ်)နှင့် ထားဝယ်မြို့တို့၌ ၁ ဒသမ ၅၄ လက်မစီ၊ ကျိုက္ကမီမြို့၌ ၁ ဒသမ ၄၆ လက်မနှင့် ခရမ်းမြို့၌ ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၁ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၇ · ၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၄၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၁၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့ ကွမ်နင်းပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာ Nguyen Duc Long က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ် (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတသည် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ဒါရိုက်တာများ ဘုတ်အဖွဲ့ ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် BIDV ဘဏ်၏ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် လေ့လာဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Viettel Telecom Corporation ၏ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ပိုမိုဖြန့်ကြက်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ ဦးကျော်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ Quang Ninh ပြည်နယ်မှ တာဝန်ရှိသူများနှင့်အတူ Quang Ninh ရှိ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် Ha Long Bay သို့ သွားရောက်ပြီး ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်လာရောက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများ၊ သဘာဝကျွန်းများ ဖြစ်တည်နေမှုတို့ကို သဘော်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကွမ်နင်းပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာ Nguyen Duc Long က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

မျက်စိဆိုင်ရာ ရောဂါကုသရေးအတွက် သင်ကြားရေး ဆေးရုံများကို အဏုကြည့်မှန်ပြောင်းများ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် လူတစ်သိန်းခန့်ကို မျက်စိအတွင်းတိမ်ကုသမှုများ ပြုလုပ်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ နိုင်ငံရှိ ကျန်းမာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကမ္ဘာပေါ်ရှိ အစိုးရတိုင်းနှင့် NGO များက ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကို ကိုင်တွယ်ဖြေရှင်းနေသည့်အတွက် ဆင်းရဲနွမ်းပါးမှုနှုန်းများလည်း ကျဆင်းလာခဲ့ပါကြောင်း၊ Hellen Keller Foundation ကို လွန်ခဲ့သည့်နှစ် ၁၀၀ ခန့်ကတည်းက Hellen Keller က တည်ထောင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဟယ်လင်ကဲလားဆိုသည့် အမျိုးသမီးသည် ငယ်ရွယ်စဉ်ကတည်းက မျက်စိမမြင်၊ နားမကြားတစ်ယောက် ဖြစ်ခဲ့ပါကြောင်း၊ သူသည် အမျိုးသမီးတစ်ယောက်၏ အကူအညီဖြင့် ဆက်သွယ်ရေးသားပြောဆိုမှုကို တတ်မြောက်လာခဲ့ပါကြောင်းပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Humanitarian Award 2016 ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဟယ်လင်ကဲလား၏ ပြောင်မြောက်သည့် စွမ်းဆောင်ချက်များက သူ့ကိုအမြဲသတိရစေပြီး သူသည် ဒုက္ခိတတစ်ယောက်အနေဖြင့် မယုံနိုင်လောက်အောင်စွမ်းအားများကို အသုံးချခဲ့ပါကြောင်း၊ အင်အားနည်းသူများကို စုပေါင်းလိုက်လျှင် ကြီးမားသည့်စွမ်းအားတစ်ရပ်ဖြစ်လာပါကြောင်း၊ ယင်းရည်မှန်းချက်ရောက်ရန်အတွက် အများကြီးကြိုးစားရမည်ဖြစ်သကဲ့သို့ အခက်အခဲပေါင်းများစွာကိုလည်း ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများသည် နိုင်ငံတကာအကူအညီနှင့်အတူ ယင်းအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မျက်စိကွယ်ရာမှ အလင်းရလာခြင်းသည် မိမိတို့အတွက် ရှားပါးလှသည့် အခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း၊ အာဟာရချို့တဲ့သူများကို အာဟာရပေးခြင်းသည် မိမိတို့၏ရင်သွေးများအတွက် ကောင်းမွန်သောအနာဂတ်တစ်ရပ်ကို ဖော်ဆောင်ပေးခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ကလေးများထဲမှ အများစုသည် အာဟာရချို့တဲ့မှုကြောင့် ကြီးထွားနှုန်းကိုတန့်စေပြီး အကယ်၍ အာဟာရပြည့်ဝပါက စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ထိုမှတစ်ဆင့် နိုင်ငံ၏ အနာဂတ်ကို ကောင်းမွန်စွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Helen Keller Foundation မှ ပါဝင်ပတ်သက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းဖောင်ဒေးရှင်းက မသန်စွမ်းသူများကို သန်စွမ်းအောင်လုပ်ပေးခြင်းနှင့် မသန်စွမ်းသူများအား အဓိပ္ပာယ်ရှိသည့်ဘဝကို တည်ဆောက်ပေးပြီး ကမ္ဘာလောကကြီးအတွက် အကျိုးရှိစေသူများဖြစ်အောင် လုပ်ဆောင်ပေးသည့် ရည်ရွယ်ချက်ထားရှိပါကြောင်း၊ ထို့ပြင် အားမာန်၊ ဇွဲလုံ့လဝီရိယနှင့် အမြော်အမြင်ကောင်းအတွက် အသက်ရှင်ခဲ့သည့် အမျိုးသမီးတစ်ဦး၏ နာမည်နှင့် ပါဝင်ဆက်စပ်ခဲ့သည်ကို ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လူသားချင်းစာနာ ထောက်ထားမှုကိစ္စရပ်များတွင် ထူးချွန်စွာ အာရုံစူးစိုက်နှစ်မြှုပ်ဆောင်ရွက်သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် Helen Keller International က အဆိုပါ Helen Keller International Humanitarian Award 2016 ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ Helen Keller International Europe ဥက္ကဋ္ဌ Dr. Howard Cohn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❖ **အပူပိုင်းဒေသတွင် ဖြစ်ပွားလေ့ရှိသည့် ရောဂါဘယကုသရေးအတွက် နည်းပညာအကူအညီများပေး**


❖ **ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် လူတစ်သိန်းခန့်ကို မျက်စိအတွင်းတိမ်ကုသမှုများ ပြုလုပ်ပေးခဲ့**

❖ **ဟယ်လင်ကဲလား၏ ပြောင်မြောက်သည့် စွမ်းဆောင်ချက်များက သူ့ကိုအမြဲသတိရစေပြီး သူသည် ဒုက္ခိတတစ်ယောက်အနေဖြင့် မယုံနိုင်လောက်အောင် စွမ်းအားများကို အသုံးချခဲ့ပါကြောင်း၊ အင်အားနည်းသူများကို စုပေါင်းလိုက်လျှင် ကြီးမားသည့် စွမ်းအားတစ်ရပ်ဖြစ်လာ**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၇**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်လေဆိပ်သို့ အောက်တိုဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်မှ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Lee Baek-soon နှင့် တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရ ဦးသက်ဦးမောင်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်သို့ရောက်ရှိကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun နှင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ပင်မအစည်းအဝေးခန်းမအတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

---

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၃ / ၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သော မြို့နယ်များ** |
|---|---|
| (၁) မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ် (ဆိပ်ကမ်း) |
| (၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) |
| (၇) ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျေးသီး |
| (၉) မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သော မြို့နယ်များ** |
|---|---|
| (၁) ချင်းပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| **လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သော မြို့နယ်များ** |
|---|---|
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | ကျေးသီး |
| (၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | ညောင်ရွှေ |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | မိုင်းရှူး |
| (၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | မိုင်းရှူး |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၄ / ၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်-

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက် | ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်) |
| (ခ) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်) |
| (ဂ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက် | ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် မှ နတ်တော်လပြည့်ကျော် ၄ ရက် အထိ (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် မှ ၁၈ ရက် အထိ) |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တည်ထောင်ခြင်း (၂၈)နှစ်ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တည်ထောင်ခြင်း (၂၈)နှစ်ပြည့် အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များက အမှာစကားအသီးသီးပြောကြားကာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တည်ထောင်ခြင်း (၂၈)နှစ်ပြည့် အခမ်းအနားသို့ နိုင်ငံရေးပါတီများမှ ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားကြသည်။ **ကိုလတ်(သတင်းစဉ်)**

---

## အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၁၇ ခုနှစ်(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းသာယာ ပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့်စီစဉ်ကျင်းပခဲ့သည်။

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၃၂၀ ကပြိုင်ပွဲဝင်ဓာတ်ပုံ ၁၂၂၈ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ဇော်မော်ဦး၊ ဒုတိယဆု ပြည်စိုးထွန်း (ပန်းချီ)၊ တတိယဆု ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ပြည်စိုးထွန်း(ပန်းချီ)၊ သန့်ဇော်ဦး၊ ခိုင်ဇာမွန်၊ ဇော်ဇော်ထွန်း၊ ကျော်ကျော်ဝင်း (သမဝါယမတက္ကသိုလ်)တို့ကရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဆဋ္ဌမအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာ ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဆဋ္ဌမအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပစဉ်

နေပြည်တော် အောက်တိုဘာ ၂၇

**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဆဋ္ဌမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဝိဇိတာရုံဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က မဟာဝိသုတာရာမ ဈေးကုန်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်တို့ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဆဋ္ဌမအကြိမ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး/ဌာန အသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၁ ခု၊ တန်ဖိုးငွေကျပ် ၆၈၁ သိန်း ကျော် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ အမ်းမြို့နယ် ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံ



**အမ်း အောက်တိုဘာ ၂၇** ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီ က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု ဒါးလက်အလယ်ကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၌ ပြည်သူအကျိုးပြုသော ဥပဒေပြုကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဒေသခံပြည်သူများ အနေဖြင့် မိမိဒေသ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ဆောင်ရာတွင် အခက်အခဲ လိုအပ်ချက်တင်ပြမှုများကို ဝန်ကြီးများအဆင့် ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်၊ အခက်အခဲများကို တင်ပြခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**အောက်တိုဘာ ၂၇ ရက်က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် ညစာ့ခံပွဲအခမ်းအနားတက်ရောက်လာသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Yoo Jae-Kyung ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

# သုတေသနဖွံ့ဖြိုးတိုးတက်မှုများကို အဆင့်မြင့်ပညာဦးစီးဌာန၏ တက္ကသိုလ်များကသာ ဆောင်ရွက်ပေးနိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့က ကြီးမှူး၍ (၁၆)ကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်မှစ၍ ဆရာ ဆရာမများအား သုတေသနပြုဆောင်ရွက်မှုများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနရန်ပုံငွေများကိုလည်း ယခုထက် ပိုမို ခွင့်ပြုပေးလိုကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ် စသည့် အဆင့်မြင့်ပညာကဏ္ဍ၏ အသက်သွေးကြောသည် သုတေသနလုပ်ငန်းပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် သင်ကြားသည့် တာဝန်အပြင် သုတေသနလုပ်ငန်းကိုလည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် သုတေသနဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေကြောင်း၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုများကို အဆင့်မြင့်ပညာဦးစီးဌာန၏ တက္ကသိုလ်များကသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သုတေသနစာတမ်းရှင်များနှင့် သုတေသနလုပ်ငန်းများမှ သုတေသနရလဒ်များကို နီးစပ်ရာပညာရှင်များနှင့် ပူးပေါင်းဆွေးနွေးကြစေလိုကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပေးရာရောက်သည့်အတွက် သုတေသနစာတမ်းများကို ယခုထက် ပိုမိုဖတ်ကြားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သိမ်းမြင့်က သုတေသနစာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့၌ နေရာ ၁၁ ခုခွဲ၍ သုတေသနပညာရှင်များက ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းပေါင်း ၂၅၅ စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

(၁၆)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲမှ ရရှိသော အကောင်းဆုံး သုတေသနစာတမ်းဆုနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၁၅)အတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❀ *ကျောဖုံးမှ*

မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး၌ နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့်ဘုရားစေတီများ ပြုပြင်ရာတွင် ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**အမေး၊ အရေး - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

နေပြည်တော် အောက်တိုဘာ ၂၇

**ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံများအား ရှေးဦးပြုပြင်ထိန်းသိမ်းမှုအနေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးပရဟိတအဖွဲ့များ ပူးပေါင်း၍ ဂူဘုရား ၂၅၈ ဆူ၊ စေတီ၁၀၄ ဆူ၊ အုတ်ကျောင်း ၁၃ ကျောင်းနှင့် အခြား ၁၄ ဆူ စုစုပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့သည့်အနက် ချက်ချင်းလုပ်ဆောင်မှုအနေဖြင့် ဘုရားစေတီများကို မိုးကာအုပ်ခြင်း၊ ငြမ်းဆင်ခြင်း၊ အပျက်အစီးများရှင်းလင်းခြင်း၊ နိုင်လွန်ခါးပတ်ပတ်ခြင်းနှင့် ရေပိတ်လွှာလောင်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အလင်းအဖွဲ့က လက်ရှိဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ -**



**ဦးအောင်စိုး
လက်ထောက်
ညွှန်ကြားရေးမှူး၊
ရှေးဟောင်း
သုတေသနနှင့်
အမျိုးသားပြတိုက်
ဦးစီးဌာန
(ပုဂံဌာနခွဲ)**

အာနန္ဒာအုတ်ကျောင်းအနေနဲ့ ငလျင်လှုပ်တုန်းက အပေါ်ပိုင်း အမိုးခုံးတွေက အုတ်တွေဟာ အက်ကွဲပြီးတော့ အောက်ကို အိပြီး ကျွံကျလာပါတယ်။ ငလျင်ပြီးတဲ့အချိန်မှာ မိုးတွေလည်း ရွာနေတယ်။ ဆက်တိုက်မိုးရွာတော့ အက်ကွဲကြောင်းကနေ မိုးရေတွေဝင်မယ်။ ဒါကြောင့်မို့ ရှေးဟောင်းသုတေသနဌာန အနေနဲ့ ပြိုကျလာတဲ့ အမိုးကို First Aid အနေနဲ့ သံပိုက်တွေ၊ သစ်သားချောင်းတွေနဲ့ ထောက်ပင့်ပေးထားရတယ်။ ဒီနံရံ ဆေးရေးပန်းချီတွေဟာ ၅၅၀ နိပါတ်တော် သရုပ်ဖော်ပုံတွေ ရေးဆွဲထားတာဆိုရင် အခုချိန်ထိအောင် အရောင်တွေလည်း မပျက်မစီး ရှိနေပါသေးတယ်။

**အင်းဘုရားကြီး**

အင်းဘုရားကြီးကို အခုလက်ရှိ ရှေးဟောင်းသုတေသနဌာနအနေနဲ့ ဝိတ်လျှော့တဲ့ လုပ်ငန်းလုပ်နေတာဖြစ်ပါတယ်။ ဒီအင်းဘုရားကြီးကငလျင်လှုပ်တုန်းက ဘုရားကြီးရဲ့ ခရေသီး ကြာမှောက်ကြာလန်အောက်က ဖောင်းရစ်သုံးခုက ငလျင်ဒဏ်ကြောင့်ပွဲထွက်သွားခဲ့ပါတယ်။ အဲဒီလိုပြုတ်ထွက်သွားတဲ့အတွက်ကြောင့် အပေါ်မှာရှိတဲ့ ခရေသီး ကြာမှောက်ကြာလန်တွေက အောက်ကို ပြုတ်ကျတော့မလိုဖြစ်နေပါတယ်။ အဲဒီလိုဖြစ်နေတဲ့အတွက် Original အင်္ဂတေပန်းတွေ၊ Structure တွေကို ထိခိုက်သွားမှာစိုးတဲ့အတွက် အခုလို အပေါ်မှာရှိတာတွေကို တစ်လွှာချင်း ခွာထုတ်ပြီးတော့ ဝိတ်လျှော့လိုက်တာဖြစ်ပါတယ်။ အဲဒါတွေက ၁၉၉၇-၉၈ တုန်းက ပြန်ပြီးတင်ထားတဲ့ အသစ်တွေပါ။ အဲဒီ အသစ်တွေရဲ့ အလေးဝန်က ဝိတ်မလျှော့ဘူးဆိုလို့ရှိရင် အောက်မှာရှိတဲ့ အဟောင်းတွေကို ပိုပြီးပျက်စီးစေမှာဖြစ်တဲ့အတွက် အဲဒီလိုမဖြစ်အောင် ဒီလိုဆောင်ရွက်ရတာဖြစ်ပါတယ်။ ဝိတ်လျှော့ပြီးရင် ရေပိတ်လွှာလောင်းပြီးတာနဲ့ ပြန်လည်ထိန်းသိမ်းတဲ့လုပ်ငန်းပြီးသွားပြီလို့ ပြောလို့ရပါတယ်။

**စူဠာမဏိစေတီတော်**

မိုးကာအုပ်တာတွေကျတော့ တကယ်လို့ မိုးတွေရွာတဲ့အခါမှာကွဲသွားတဲ့ ပြိုကျသွားတဲ့နေရာတွေ၊ အက်သွားတဲ့ လိုင်းတွေကို မိုးရေတွေ ဝင်မှာစိုးတဲ့အတွက် မိုးကာအုပ်ထားရတာဖြစ်ပါတယ်။ မိုးရေဝင်လို့ရှိရင် ငလျင်ကြောင့် ပြိုတာတစ်မျိုး၊ နောက်ဆက်တွဲမိုးရေကြောင့် ထပ်ပြီး ပြိုမှာစိုးတဲ့အတွက်ကြောင့်နဲ့ မိုးရေဝင်လို့ရှိရင် ပြိုထားတဲ့ သဲခဲတွေထဲကို မိုးရေတွေဝင်ပြီး ထပ်ပြီး ပြိုကျနိုင်တဲ့အတွက်ကြောင့် အပေါ်ပိုင်း အထွတ်ပိုင်းတွေမှာ ငြမ်းတွေ ဆင်ပြီးတော့ မိုးကာတွေအုပ်ထားတာ ဖြစ်ပါတယ်။ အခု စူဠာမဏိစေတီတော်ကြီးမှာဆိုရင် ငလျင်ကြောင့် အထွတ်ကနေ ပေါက်သွားတာရှိတယ်။ အဲဒီအပေါက်ကနေ မိုးကာတွေ အုပ်မထားဘူးဆိုရင် နံရံမှာရှိတဲ့ ဆေးရေးပန်းချီတွေ၊ အင်္ဂတေပန်းတွေဆီကို မိုးရေတွေဝင်ပြီးတော့ ပျက်စီးသွားနိုင်တယ်။ မိုးရေဝင်ပြီးတော့ ထပ်ပြီး မပျက်စီးအောင် မိုးကာအုပ်ထားတာ ဖြစ်ပါတယ်။ ဒီလို မိုးကာတွေအုပ်တာကလည်း First Aid အနေနဲ့ပါ နောက်ပိုင်းကျမှ အင်ဂျင်နီယာအဖွဲ့ Expert Team မဆုံးဖြတ်ရသေးခင် ပထမဆုံးအနေနဲ့ ရှေးဦးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုတစ်ရပ်အနေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**မြတောင်အုတ်ကျောင်း**

ပုဂံမှာက ရှေးဟောင်းအဆောက်အအုံနဲ့ပတ်သက်လို့ ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း၊ ဥမင်၊ အခြားအဆောက်အအုံဆိုပြီး အမျိုးမျိုးရှိတာမှာ ဒါကတော့ အဲဒီထဲက ကျောင်းပါ။ နာမည်ကတော့ မြတောင်အုတ်ကျောင်းလို့ ခေါ်ပါတယ်။ ဒီမြတောင်အုတ်ကျောင်းကတော့ ၁၆ ရာစု အင်းဝခေတ်က တည်ခဲ့တဲ့ အုတ်ကျောင်းကြီးဖြစ်ပါတယ်။ အဲဒီမှာ ပြီးခဲ့တဲ့ ငလျင်နဲ့ပတ်သက်ပြီး ကျောင်းကြီးရဲ့အနောက်ဘက်ခြမ်းနံရံကြီးက အောက်ခြေကနေ အပေါ်ထိအောင် တိုးလျှိုပေါက် အက်ကွဲကြောင်းကြီးဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်သွားတဲ့အတွက်ကြောင့် ရှေးဟောင်းသုတေသနဌာနက ရှေးဦးပြုပြင်ထိန်းသိမ်းမှုအနေနဲ့ ပိုပြီးတော့ ကွဲမသွားအောင်၊ လန်မကျအောင် စတီးကြိုးတွေနဲ့ ခါးပတ်သဘောမျိုးချုပ်ပြီး တုပ်နှောင်ထားပါတယ်။ ချုပ်တဲ့နေရာမှာလည်း အုတ်တွေထဲကို ဒီစတီးလ်ကြိုးက ညပ်ဝင်ပြီး ကွဲမသွားအောင် အောက်က သစ်သားပြားတွေခံပြီး စနစ်တကျနဲ့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ဒါကတော့ ရှေးဦးအနေနဲ့ ကာကွယ်ထားတာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ Expert Team မှာ ပါဝင်တဲ့ ပညာရှင်တွေရဲ့ ရွေးချယ်မှုနဲ့ ဆက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



**ကိုဖြိုး
ဝေဠုကျော်
ဖောင်ဒေးရှင်း**

ကျွန်တော်တို့ ဒီမှာ တာဝန်ယူတာက ဘုရားတွေမှာ ငြမ်းမဆင်ခင် မိုးတွေရွာရင် ဘုရားတွေ ပျက်စီးမှာစိုးတဲ့အတွက် ကျွန်တော်တို့ မိုးကာအုပ်တယ်။ မိုးကာအုပ်ပြီး နောက်ပိုင်း ငြမ်းဆင်ဖို့အတွက် ရှေးဟောင်းသုတေသနဌာနက ညွှန်ကြားတဲ့အတိုင်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဒီကိုဖြစ်တဲ့နေ့ ညနေပိုင်းမှာ ဖြစ်ပြီးပြီးချင် ကိုဝေဠုကျော်က ပုဂံရောက်လာပြီးတော့ ချက်ချင်း ဘုရားတွေ ကိုလည်း ကိုင်လို့မရဘူး၊ ကိုင်လို့မရတဲ့အတွက်ကြောင့် ရှေးဟောင်းသုတေသနဌာနနဲ့ ခရိုင်က ညွှန်ကြားမှုကို စောင့်နေရတယ်။ စပြီးခွင့်ပြုတဲ့နေ့ကစပြီး သန့်ရှင်းရေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မိုးကာအုပ်တာ၊ ငြမ်းဆင်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ပရဟိတအဖွဲ့တွေအနေနဲ့ ပုဂံမှာ ဘုရားစုစုပေါင်း အဆူ ၆၀ ကျော် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအထဲမှာ ငြမ်းဆင်ပြီးတာနဲ့ သန့်ရှင်းရေးလုပ်တာကတော့ အဓိကပါပဲ။



**ဆောက်လုပ်ရေး
ဝန်ကြီးဌာနမှ
ဝန်ထမ်းတစ်ဦး**

ဘုရားအပေါ်ပိုင်းက ဖောင်းရစ်ကွဲအက်နေတာတွေကို ပြန်ပြင်ပေးရတာပါ။ ၁၉၉၇-၉၈ လောက်က အသစ်လုပ်ထားတာတွေကို ပြန်ပြီးဝိတ်လျှော့ပေးရတာပါ။ ကျွန်တော်တို့ အထူးအဖွဲ့ (၆) အနေနဲ့ကတော့ ဂူပြောက်ကြီးဘုရားမှာ ငြမ်းဆင်တဲ့လုပ်ငန်း တစ်ခါလုပ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဖွဲ့ငါးဖွဲ့ခွဲပြီး စုစုပေါင်း ၃၅ ဦးလောက် လာရောက်ကူညီပေးနေပါတယ်။



**ဦးကိုကို၊ ဦးအောင်မျိုးသွင်(ခ)ဖိုးသား
ဒေသခံပရဟိတအဖွဲ့**

ကျွန်တော်တို့ နယ်မြေခံပရဟိတအဖွဲ့တွေအနေနဲ့ ငလျင်လှုပ်ပြီး နောက်နေ့ကစပြီး တတ်နိုင်သလောက် လုပ်ရင်း ဘုရား ၃၇ ဆူလောက်မှာ တချို့ဘုရားတွေကို သန့်ရှင်းရေးလုပ်တယ်။ တချို့ ဘုရားကျတော့ ငြမ်းဆင်တယ်၊ မိုးကာအုပ်တယ်။ အရေးပေါ် လေဒဏ်၊ မိုးဒဏ်ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒေသခံပရဟိတအဖွဲ့တွေအနေနဲ့ ဒီလိုလုပ်တဲ့နေရာမှာ လက်ရှိ ဒေသခံအများစုဟာ ကျွန်တော်တို့နဲ့အတူ လက်တွဲပြီးတော့ လုပ်ပေးနိုင်တဲ့ အနေအထားက တော်တော်လေးနည်းပါတယ်။ ကျွန်တော်တို့ ပုဂံဆိုတာကလည်း တစ်နိုင်ငံလုံးနဲ့ နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တယ်လို့ ပြောလို့ရပါတယ်။ အဲဒီအထဲကနေ ကျွန်တော်တို့ ပုဂံသားတွေဆိုတာ ဘိုးစဉ်ဘောင်ဆက် Tourism လုပ်ငန်းဆိုတာ ဒီဘုရားစေတီတွေကို အမှီပြုပြီး ထမင်းစားနေကြတာဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက် အများကြီး နစ်နာပါတယ်။ မြေငလျင်ကြောင့် အခုလို ဘုရားတွေ ပျက်စီးသွားတဲ့အတွက် တော်တော်လေးလည်း စိတ်မကောင်းပါဘူး။ အဲဒါကြောင့် ကျွန်တော်ကိုယ်တိုင်ကလည်း ကိုယ့်လုပ်ငန်းကိုင်ငန်းတွေ၊ တခြားစီးပွားရေး၊ လူမှုရေးတွေ အပျက်ခံပြီး အင်တိုက်အားတိုက် ပူးပေါင်းလုပ်ကိုင်ပေးနေတာ ဖြစ်ပါတယ်။

အဓိက လုပ်နေတာကတော့ ဝေဠုကျော်ဖောင်ဒေးရှင်းပါ။ နောက် ပုဂံဒေသခံတွေကတော့ နှစ်ဖွဲ့၊ သုံးဖွဲ့ရှိပါတယ်။ မန္တလေးက မြတ်ပါရမီသွေးလှူအသင်းက အဖွဲ့ပါတယ်။ အလင်းစေတမန် အွန်လိုင်းပရဟိတ အဖွဲ့တို့ တော်တော်များများပါကြပါတယ်။ ကုန်ကျစရိတ်တွေကိုတော့ ကျွန်တော်တို့ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့ ရပ်တည်နေတာပါ။ ဝေဠုကျော်ဖောင်ဒေးရှင်းကလည်း ကူညီပါတယ်။ နောက်ပိုင်း စားရေးသောက်ရေးအတွက် အလင်းစေတမန်နဲ့ မြတ်ပါရမီအသင်းကပဲ တာဝန်ယူထားကြတယ်။ လောလောဆယ်လုပ်နေတာ လူအင်အားအနေနဲ့ အမာခံအဖွဲ့တွေကို စုစည်းပြီး Unity and Success ဆိုပြီး ဖွဲ့စည်းပြီးလုပ်တာဆိုလို့ရှိရင် လူ ၂၀၀ ကျော်လောက်ရှိပါတယ်။ တခြားပရဟိတအဖွဲ့တွေက လာပြီးပူးပေါင်းတယ်ဆိုရင်တော့ လူ ၄၀၀ လောက်အထိ ဖြစ်သွားတယ်။



**အာနန္ဒာအုတ်ကျောင်း အမိုးခုံးများ ကွဲအက်ပြိုကျမှုကို သံပိုက်များ၊ သစ်သားချောင်းများဖြင့် ထောက်ပင့်ပေးထားသည်ကို တွေ့ရစဉ်**

# ကွန်တိန်နာယာဉ်များ ရန်ကုန်မြို့၌ ညအချိန်သာ ဝင်ရောက်ခွင့်ပြုမည်



**ရန်ကုန်မြို့အတွင်း နေ့အချိန်၌ သွားလာနေသော ကွန်တိန်နာကုန်တင်ယာဉ်ကြီးကို တွေ့ရစဉ်**

ရန်ကုန် အောက်တိုဘာ ၂၇

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ကုန်သေတ္တာ(ကွန်တိန်နာ) ယာဉ်များကို နေ့ပိုင်းအချိန်တွင် လူသွားလူလာများပြီး ယာဉ်ကြောရှုပ်ထွေးမှုများကြောင့် နိုဝင်ဘာ ၁ ရက်မှစ၍ ဝင်ရောက်ခွင့်ပြုတော့မည်မဟုတ်ကြောင်း တိုင်းဒေသကြီး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောကြားသည်။**

"ဒီကိစ္စနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအနေနဲ့ အစည်းအဝေးတွေ အကြိမ်ကြိမ်ပြုလုပ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နေ့ပိုင်းအချိန်မှာ လူသွားလူလာများပြီး ယာဉ်ကြောရှုပ်ထွေးမှု ပြဿနာဖြေရှင်းရာမှာ အထောက်အကူပြုနိုင်ဖို့အတွက် နေ့ပိုင်းအချိန်တွေမှာ ပေးမဝင်တော့ဘဲ ညပိုင်းရောက်မှသာ ပေးဝင်မှာဖြစ်ပါတယ်" ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက ယနေ့ ညနေပိုင်းတွင် ယာဉ်ထိန်းရုံး၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောသည်။

အဆိုပါ ကွန်တိန်နာယာဉ်များကို ည ၉ နာရီမှ နံနက် ၆ နာရီအတွင်း ရန်ကုန်မြို့တွင်းသို့ ပေးဝင်မည်မဟုတ်ကြောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် ကွန်တိန်နာယာဉ်လမ်းကြောင်းများကို စစ်ဆေးမှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွန်တိန်နာယာဉ်များအား ရန်ကုန်ဆိပ်ကမ်း ဝင်/ထွက်ရာ အဓိကလမ်းမကြီးများနှင့် စက်မှုဇုန်အသီးသီးသို့ ဝင်ထွက်ရာလမ်းကြောင်းများအပါအဝင် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်ခြင်းကို သတ်မှတ်အချိန်ကာလတွင် ဝင်ရောက်ခြင်းမဟုတ်၍ တားဆီးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်တိန်နာယာဉ်များ အရေးယူခြင်းနှင့်ပတ်သက်၍ ဒဏ်ကြေးငွေ သတ်မှတ်မှုအတိအကျ မပြုလုပ်ရသေးသော်လည်း ဒဏ်ကြေးငွေမှာ အလွန်များပြားကြောင်း၊ ငွေကျပ်သိန်းဂဏန်းအထိ ဒဏ်ရိုက်မှုဖြစ်နိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ ကွန်တိန်နာယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ လုပ်ငန်းရှင်များအနေဖြင့် များပြားသော ဒဏ်ငွေဖြစ်နိုင်၍ စည်းကမ်းကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စည်းကမ်းချိုးဖောက်မှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

ကွန်တိန်နာယာဉ်များကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှု လျော့နည်းစေရေးအတွက် စီမံချက်တစ်ခုအရ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ ရင်သွေးများကို နိုင်ငံတော်အနာဂတ်အတွက်(၁၄)ကြိမ်မြောက် မွေးထုတ်ပေးနိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ သားကောင်းရတနာရင်သွေးများကို နိုင်ငံတော်အနာဂတ်အတွက် တန်ဖိုးရှိသည့် သားကောင်းရတနာများအဖြစ်(၁၄)ကြိမ်မြောက် မွေးထုတ်ပေးနိုင်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားများအတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့ဖြစ်သလို နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် ဝန်ထမ်းကောင်းများ တိုးပွားလာသောနေ့တစ်နေ့ဖြစ်ပါကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနား၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဤဒီဂရီကောလိပ်မှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် မွေးထုတ်ပေးသော နေရာဖြစ်သဖြင့် ကျောင်းဆင်းပြီးသော်လည်း မိမိတို့တာဝန်ထမ်းဆောင်သည့် ဒေသများတွင်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ကြမည့် နိုင်ငံတော်၏ သားကောင်းရတနာများဖြစ်မယ်လို့ ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိ၏မူလတာဝန်များအပြင် ပြည်ထောင်စု၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကိုလည်း တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ရန် အထူးတာဝန်တစ်ရပ်အနေဖြင့် အလေးထားမှာကြားလိုပါကြောင်း။

သဘာဝဘေး အန္တရာယ်များ ကျရောက်လာခဲ့လျှင်လည်း ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြုပြင်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးတွင်လည်း စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍လည်း နိုင်ငံ့ဝန်ထမ်း ပညာတတ်များအနေဖြင့် လူ့ဘောင်အဖွဲ့အစည်း တိုးတက်ကောင်းမွန်ရန် အထောက်အကူပြုသည့် မှန်ကန်ကောင်းမွန်သည့် ကိုယ်ကျင့်တရားကိုလည်း ကိုယ်စီစောင့်ထိန်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းကို ပိတ်ဆို့ထားဆီးမည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဆန့်ကျင်တော်လှန်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းဝိဇ္ဇာထူးချွန်ဆုရ (ရခိုင်)တိုင်းရင်းသား မောင်ကျော်လှိုင်ဆန်း၊ သိပ္ပံထူးချွန်ဆုရ (ကိုးကန့်)တိုင်းရင်းသား မောင်ကျော်နိုင်နှင့် B.Tech ထူးချွန်ဆုရ(မွန်)တိုင်းရင်းသား မောင်မင်းလွမ်းဝေတို့အား ဆုအသီးသီး ချီးမြှင့်ပေးအပ်ပြီး တက်ရောက်လာသော ဧည့်သည်တော်များနှင့်



ကျောင်းဆင်းကျောင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသားများနှင့် ကျောင်းဆင်း တိုင်းရင်းသားလူငယ်များ၏ မိဘများအား လိုက်လံနှုတ်ဆက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဇနီးတို့က သင်တန်းဆင်းကျောင်းသားများအား သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ယခုနှစ်သင်တန်းအမှတ်စဉ် (၁၄)ကျောင်းဆင်း ကျောင်းသားအရေအတွက်မှာ ဝိဇ္ဇာဘွဲ့ရ ကျောင်းသား ၃၈ ဦး၊ သိပ္ပံဘွဲ့ရကျောင်းသား ၁၉၈ ဦးနှင့် B.Tech ဘွဲ့ရကျောင်းသား ၁၃၅ ဦး စုစုပေါင်း ၃၇၁ ဦးဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့် (စစ်ကိုင်း) တို့မှ ၂၀၀၃ ခုနှစ် သင်တန်းအမှတ်စဉ် (၁)မှ ၂၀၁၅ ခုနှစ် သင်တန်းအမှတ်စဉ် (၁၃)ထိ သင်တန်းဆင်းပြီးသော ဝိဇ္ဇာဘွဲ့ ၅၈၇ ဦး၊ သိပ္ပံဘွဲ့ ၁၄၂၈ ဦး၊ AGTI ဒီပလိုမာ ၈၁၉ ဦး၊ B.Tech ဘွဲ့ရ ကျောင်းသား ၁၃၅ ဦး စုစုပေါင်း ၂၉၆၉ ဦးတို့သည် နိုင်ငံတော်အစိုးရ လက်အောက်ရှိ ဝန်ကြီးဌာနများ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် ကျောင်းသူများ ခေါ်ယူနိုင်ရေးစီစဉ်လျက်ရှိ

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ရဲထွန်း**

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ သင်တန်းအမှတ်စဉ် (၁၄) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ပြုလုပ်ခဲ့ပြီး ယခင်က ကျောင်းသားများကိုသာ အဓိကထားလက်ခံခြင်းဖြစ်သော်လည်း ယခုအခါ တိုင်းရင်းသူ(ကျောင်းသူများ)ကိုပါ စတင်လက်ခံနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ရှိသည့် တိုင်းရင်းသားများ ပညာသင်ကြားနိုင်ရေးအတွက် ဒီဂရီကောလိပ်နှစ်ခုရှိပြီး ၂၀၀၂ ခုနှစ်ကတည်းက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က အဆိုပါကောလိပ်နှစ်ခုတွင် ကျောင်းသားများကိုသာ အဓိကထား လက်ခံခြင်းဖြစ်ပြီး ယခုအခါတွင် ကျောင်းသူများကိုလည်း စတင်လက်ခံနိုင်ရန် လုပ်ဆောင်နေကြောင်း ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်ထံမှ သိရသည်။

ဒေါက်တာမင်းသန့်က “စစ်ကိုင်းမှာရော ရန်ကုန်မှာပါ တိုင်းရင်းသူ(ကျောင်းသူ)တွေကို စလက်ခံတော့မှာပါ။ အခုလောလောဆယ် ရန်ကုန်မှာ နေရာအခက်အခဲလေး ပြင်ဆင်နေတုန်းဖြစ်ပြီး စစ်ကိုင်းမှာတော့ နေရာရှိပြီးသားမို့ အခုလာမယ့် စနေနေ့မှာစပြီး လက်ခံနိုင်ပါပြီ။ ရန်ကုန်မှာ တိုင်းရင်းသူတွေကို လက်ခံဖို့အတွက် သူတို့နေဖို့ သုံးထပ်အိပ်ဆောင်တွေလိုတယ်။ အနီးကပ်ကွပ်ကဲမယ့် ဆရာမတွေနေဖို့ အဆောင်တွေလိုတယ်။ ဒါကြောင့် သူတို့ရဲ့ လုံခြုံမှုအတွက် ခြံစည်းရိုး၊ စားရိပ်သာ စသဖြင့် ပြည့်စုံအောင်စီမံပြီးမှပဲ ခေါ်မှာဖြစ်ပါတယ်”ဟုပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)တွင် ယနေ့အထိ သင်တန်းဆင်း တိုင်းရင်းသားပေါင်းစုံ ကျောင်းသားစုစုပေါင်း ၂၂၀၀ အထိ မွေးထုတ်နိုင်ခဲ့ပြီး ကုန်ကျစရိတ်များကို နိုင်ငံတော်မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အင်ဂျင်နီယာ (B.Tech)ဘွဲ့များရရှိခဲ့သည့် ကျောင်းသား ၃၇၁ ဦးအား သင်တန်းဆင်းပွဲ



ဒေါက်တာမင်းသန့် (ကျောင်းအုပ်ကြီး)

အမှာစကားပြောကြားခဲ့သည်။

လက်ရှိပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် ပထမနှစ်မှ စတုတ္ထနှစ်အထိ ကျောင်းတက် ပညာသင်ယူနေသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားလူငယ် ၈၃၂ ဦးရှိသည်။ သင်တန်းဆင်းပွဲအပြီးတွင် အဆိုပါကျောင်း၏ ကျောင်းအုပ်ကြီးနှင့် ထူးချွန်ဆုရ ကျောင်းသားများအား မေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဒေါက်တာမင်းသန့် (ကျောင်းအုပ်ကြီး)**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)**

ကျွန်တော်တို့ ဒီနေ့ကျင်းပတဲ့ အခမ်းအနားကတော့ ပြည်ထောင်စုလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)ရဲ့(၁၄)ကြိမ်မြောက် သင်တန်းဆင်းပွဲပါ။ မနေ့က ဘွဲ့နှင်းသဘင်အခမ်းအနားလုပ်ပြီးပါပြီ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နဲ့ အင်ဂျင်နီယာ B.Tech ဘွဲ့တွေ ပေးအပ်ပြီးပါပြီ။ ပေးအပ်တဲ့ ကျောင်းသားအရေအတွက်ကတော့ ၃၇၁ ဦးပါ။

ကျွန်တော်တို့က နယ်စပ်ဒေသအသီးသီးကနေပြီးတော့ ကျွန်တော်တို့ ဒီဂရီကောလိပ်မှာ လာရောက်ပြီး သင်ကြားလေ့ကျင့်နေတဲ့ တိုင်းရင်းသားလူငယ်တွေကို အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်ပေးပါတယ်။ တစ်ပိုင်းကတော့ သူတို့သက်ဆိုင်ရာ ဘွဲ့ဒီဂရီတွေ ပေးအပ်ခြင်းနဲ့ နောက်တစ်ပိုင်းက လေ့ကျင့်ပြီးတဲ့ သူတို့တွေကို အလုပ်တာဝန်ခန့်အပ်ခြင်းဖြစ်ပါတယ်။ သူတို့ကို ကျွန်တော်တို့က



မောင်ကျော်လှိုင်ဆန်း

သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှာ အရာရှိငယ်တွေအဖြစ် အလုပ်တာဝန်တွေ ခန့်အပ်ပေးသွားမှာပါ။ သင်တန်းမဆင်းမီကတည်းက အကြီးအကဲတွေရဲ့လမ်းညွှန်ချက်အတိုင်း ဝန်ကြီးဌာနအသီးသီး စုပေါင်းပြီး ညှိနှိုင်းအစည်းအဝေး လုပ်ပါတယ်။ သူတို့ တောင်းခံချက်တွေအပေါ်မူတည်ပြီးတော့မှ ကျွန်တော်တို့က ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး၊ သာသနာရေး၊ လျှပ်စစ်စသည်ဖြင့် ဝန်ကြီးဌာန အစုံပေးပါတယ်။

သင်ကြားရေးနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့က ရန်ကုန်တက္ကသိုလ်နဲ့ ချိတ်ဆက်ထားတာ ဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်ရဲ့ သင်ရိုးအတိုင်း သင်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဝိဇ္ဇာ၊ သိပ္ပံ အင်ဂျင်နီယာဘာသာရပ်တွေအပြင် ကွန်ပျူတာကိုပါ တတ်ကျွမ်းတဲ့အထိ သင်ပေးပါတယ်။ အောင်လက်မှတ်လည်း ပေးပါတယ်။ သူတို့ကို ကိုယ်ကျင့်တရားကောင်းမွန်ဖို့အတွက် သီးခြားဘာသာရပ်တွေအဖြစ် ကိုယ်ကျင့်အဘိဓမ္မာနဲ့ ခေါင်းဆောင်မှုဆိုင်ရာ ဘာသာရပ်တွေကိုလည်း သင်ပေးပါတယ်။ သူတို့ ဒီကို စပြီးတော့ ပညာသင်တဲ့ ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ သူတို့နေတာ၊ ထိုင်တာ၊ စားတာ၊ သောက်တာ၊ နောက်ဆုံး ပညာသင်တာတွေအထိ အားလုံးဟာ နိုင်ငံတော်စရိတ်နဲ့ပါ။ အဝတ်အစား၊ အိပ်ရာ၊ ပန်းကန်ခွက်ယောက်ကအစ အကုန်လုံးနိုင်ငံတော်က ထောက်ပံ့ပါတယ်။ နောက် လစဉ်မုန့်ဖိုးအနေနဲ့ တစ်လကိုသုံးထောင်ပေးပါတယ်။ သူတို့အတွက် တစ်နှစ်ကုန်ကျစရိတ်က အနည်းဆုံး



မောင်မင်းဇာနည်

ရှစ်သိန်းလောက် ရှိပါတယ်။

ဒီကျောင်းကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတွေအားလုံး တက်လို့ရပါတယ်။ ရွေးချယ်တဲ့နေရာမှာတော့ ကျွန်တော်တို့က နယ်စပ်ဒေသ အသီးသီးမှာရှိနေကြတဲ့ အထူးသဖြင့် မိဘမဲ့တွေ၊ အမိမဲ့ အဖမဲ့တွေ၊ ဆင်းရဲနွမ်းပါးတဲ့သူတွေ၊ ဒီအထက်တန်းပညာကို သင်ကြားဖို့အတွက် အခက်အခဲရှိတဲ့ တိုင်းရင်းသားတွေကို ဦးစားပေးပြီး စိစစ်ပြီးတော့ လက်ခံပေးတာပါ။

ပထမစတင် ဖွဲ့စည်းကတည်းက ကျောင်းသားတွေကို အဓိကထားပြီးတော့ခေါ်ယူပေမယ့် အခုဆိုရင် ကျောင်းသူတွေကိုလည်း စတင်ပြီး လက်ခံဖို့ လုပ်ဆောင်နေပါပြီ။ ကျွန်တော့်ဆီမှာ နေရာအခက်အခဲ၊ အဆောက်အအုံအခက်အခဲ စာသင်ကြားမှုနေရာလေး နည်းနည်း စီစဉ်နေတုန်းမို့လို့ မကြာခင်မှာတော့ ကျွန်တော့်ဆီမှာလည်း ကျောင်းသူ သင်တန်းသား တိုင်းရင်းသူတွေ၊ ကျောင်းတက်မယ့် တက္ကသိုလ်ကျောင်းသူတွေကို မြင်တွေ့ရတော့မှာပါ။ အခုလာမယ့် စာသင်နှစ်မှာတော့ စစ်ကိုင်းကနေစပြီး ကျောင်းသူတွေ သင်တန်းတက်ခွင့်ရပါပြီ။

**မောင်ကျော်လှိုင်ဆန်း**
**ဝိဇ္ဇာထူးချွန်ကျောင်းသား**

ကျွန်တော်က ဝိဇ္ဇာမေဂျာပါ။ ဝိဇ္ဇာထူးချွန်ဆုရပါတယ်။ ကျွန်တော်က ဒီထဲမှာ ပထမနှစ်ကနေ စတုတ္ထနှစ်ထိ တက်ရပါတယ်။ အဲဒီထဲမှ ကျွန်တော်က ဝိဇ္ဇာဖြစ်တဲ့အတွက် မြန်မာစာ၊ ပထဝီ၊ သမိုင်း၊ မနုဿ၊ စိတ်ပညာ၊ စီးပွားရေးပညာတက်ရပါတယ်။ ကျွန်တော်တို့ ဒီကျောင်းက တတ်မြောက်သွားတဲ့အခါကျတော့ အဓိကကတော့ တိုင်းရင်းသားတွေ ချစ်ကြည်ရေးစိတ်ဓာတ်တွေ အများကြီးရပါတယ်။ တိုင်းရင်းသားတွေ အရေးနဲ့ပတ်သက်ပြီး ဗဟုသုတရတဲ့ ပညာတွေရပါတယ်။

ကျွန်တော်မနှစ်က အလုပ်စဆင်းရပါတယ်။ ကျွန်တော်က နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မတူပီမြို့နယ် ဖွံ့ဖြိုးရေးရုံးမှာ တာဝန်ကျပါတယ်။ ကျွန်တော်တို့ အခုအလုပ်ခန့်တာက အကြီးတန်းစာရေးနဲ့ရပါတယ်။ နယ်ရောက်ရင် အဆင်သင့်ဖြစ်အောင်လို့ ကြိုပြင်ဆင်ထားပါတယ်။ ကျွန်တော်က ၂၀၁၂ မှာ ၁၀ တန်းအောင်တာ။ ကျွန်တော်တို့ဇာတိဖြစ်တဲ့ ပလက်ဝ ဘုန်းကြီးကျောင်းကနေပြီးတော့ လျှောက်လွှာတွေခေါ်တာပါ။ လိုအပ်တဲ့ အင်တာဗျူးတွေပါဖြေပြီး အောင်တော့မှ ဒီကျောင်းကို ရောက်ခဲ့တာပါ။

တိုင်းရင်းသားတစ်ယောက်အနေနဲ့ အဓိကပြောချင်တာက ဒီကျောင်းမှာ တိုင်းရင်းသားပေါင်းစုံ အများကြီးရှိတဲ့အတွက် တစ်နိုင်ငံလုံးက တိုင်းရင်းသားတွေရဲ့ကိစ္စတွေကိုလည်း သိရတယ်။ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ အကုန်လုံးကို တစ်နေရာတည်းမှာစုပေါင်းပြီးသိရတဲ့အတွက် အလွန်ကိုဂုဏ်ယူဝမ်းသာပါတယ်။ နေစရိတ်၊ စားစရိတ်၊ စာအုပ်၊ ဘောပင်၊ ခဲတံအစ အကုန်လုံးကို ထောက်ပံ့ပေးပါတယ်။

**မောင်မင်းဇာနည်**
**စက်မှုအင်ဂျင်နီယာ ထူးချွန်ကျောင်းသား**

ကျွန်တော်က မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမာရွတ်ကျေးရွာက လာတာပါ။ ကျွန်တော် ဒီကျောင်းမှာ လေးနှစ်ပညာသင်ခဲ့ပါတယ်။ ကျွန်တော် စက်မှုအင်ဂျင်နီယာဘာသာရပ် အထူးပြုပါ။ အခက်အခဲတော့ သိပ်မရှိပါဘူး။ ကျောင်းသားသူငယ်ချင်းတွေနဲ့ ဒီလိုပဲ စုစုစည်းစည်းနေကြတယ်။ ခက်ခဲတာ တစ်ခုက စာကြိုးစားရတဲ့နေရာမှာ အကုန်လုံးက အပြိုင်အဆိုင်ရှိကြတယ်။ ကျွန်တော်တို့ မေဂျာမှာဆိုရင် အပြိုင်အဆိုင်တွေကများတယ်။ တစ်ကနေ ၂၀ ထိက အပြိုင်အဆိုင်တွေဆိုတော့ နံပါတ်တစ်ရဖို့ကို ကျွန်တော် တော်တော်ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့ ဘာသာမှာ စက်မှုအင်ဂျင်နီယာ အဲဒါပဲရှိတယ်။ အထူးပြုလေးခုရှိတယ်။ ပြည်ထောင်စုစိတ်ဓာတ်တွေလည်း သင်ရတယ်၊ နောက်ပြီးတော့ ယဉ်ကျေးမှုအဘိဓမ္မာတွေလည်း သင်ရတယ်။ ကျန်တာတွေက လေ့ကျင့်ရေးပိုင်းဆိုရင်တော့ ညနေပိုင်း ကာယလေ့ကျင့်ခန်းဆင်းရတာရှိတယ်။ ကျွန်တော့်ဒေသကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ အခြားကျောင်းတွေ အများကြီးရှိတဲ့အထဲမှာ ဒီကျောင်းရွေးဖြစ်တာက ကျွန်တော့်ဒေသကို ဖွံ့ဖြိုးတိုးတက်စေချင်လို့ပါ။

ကျွန်တော်တို့ရွာက အလွန်ခေါင်တယ်။ ရွာကို တခြားရွာတွေနဲ့အတူတူဖြစ်စေချင်တယ်။ ကျွန်တော်က နတလမှာ အလုပ်ရတယ်။ သထုံခရိုင်မှာ တာဝန်ကျပါတယ်။ ဒီကျောင်းကဆင်းရင် ကိုယ့်နယ်ရယ်လို့တော့ မဟုတ်ပေမယ့် ကျောင်းပြီးရင် အလုပ်တွေက ဝန်ကြီးဌာနတိုင်းလိုလို ရပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့နေရာချတဲ့နေရာကို သွားရတာပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ကိုယ့်ပြည်နယ်မှာ ပြန်ကျတာပေါ့။ ကျွန်တော်က ဖြစ်နိုင်ရင် ရာထူးကြီးကြီးမားမားနဲ့ ကိုယ့်ပြည်နယ်တိုးတက်ဖို့၊ ကိုယ့်လူမျိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ချင်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ဖို့က ပထမလို့ပဲ ကျွန်တော်ထင်တယ်။ တောင်တန်းဒေသတွေနဲ့ ပြီးတော့ နယ်စပ်ဒေသတွေနဲ့ ဒီပြည်မနဲ့ အတူတူဖြစ်မှပဲ ကျွန်တော်တို့ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကြိုးစားရမှာပါ။ ဆင်းရဲတယ်ဆိုတာ အပြစ်တစ်ခုမဟုတ်ပါဘူး။ ဘယ်လောက် ဆင်းရဲဆင်းရဲ ကြိုးစားမှုကအဓိကပါဟု ပြောသည်။

# ချင်းတွင်းမြစ်တစ်လျှောက် ပြေးဆွဲနေသောရေယာဉ်များ စည်းကမ်းချက်များထုတ်ပြန်

**မုံရွာ အောက်တိုဘာ ၂၇**

ချင်းတွင်းမြစ်အတွင်းပြေးဆွဲနေသော ခရီးသည်တင်အမြန်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ ဆိပ်ကမ်းမှမထွက်ခွာမီ စစ်ဆေးရမည့်စည်းကမ်းချက် ၂၃ ချက်ကို တိကျစွာစစ်ဆေးပြီးမှ ထွက်ခွာခွင့်ပြုရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အောက်တိုဘာ ၂၇ ရက် ရက်စွဲဖြင့်ထုတ်ပြန်ထားကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးတင်ထွန်းအောင်ထံမှ သိရသည်။

စည်းကမ်းချက် ၂၃ ချက်နဲ့ ညီမညီကို ရေယာဉ်ဆိပ်ကမ်းကမထွက်ခွာခင် အဖွဲ့နဲ့ စနစ်တကျစစ်ဆေးပြီး စည်းကမ်းကိုက်ညီမှသာ ရေယာဉ်တွေကို ထွက်ခွာခွင့်ပြုဖို့ သတ်မှတ်စည်းကမ်းနဲ့ ကိုက်ညီမှုမရှိတဲ့ရေယာဉ်တွေကို ထွက်ခွာခွင့်မပြုဖို့နဲ့ လိုက်နာဖို့ ပျက်ကွက်ရင် ထိထိရောက်ရောက်အရေးယူသွားဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်း လက်မှတ်ထိုးပြီး ထုတ်ပြန်ထားတာဖြစ်ပါတယ်”ဟု တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူးက ပြောသည်။

ရေယာဉ်များ ဆိပ်ကမ်းမှမထွက်ခွာမီ ရေယာဉ်လိုင်စင်၊ ရေယာဉ်အုပ်လက်မှတ်၊ စက်ခန်းအုပ်လက်မှတ် ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိနှင့် လုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးရမည်ဖြစ်သလို ရေယာဉ်မောင်းနှင်စဉ်အတွင်း ရေယာဉ်ဝန်ထမ်းများသည် အရက်သေစာနှင့် မူးယစ်ထုံထိုင်းဆေးများသုံးထားခြင်း မရှိစေရန် စစ်ဆေးရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရေယာဉ်ဝန်ထမ်းအင်အား ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိနှင့် ကျန်းမာရေးကောင်းမွန်စွာ အလုပ်လုပ်နိုင်သည့်အနေအထား ရှိကြောင်း စစ်ဆေးအတည်ပြုရန်နှင့် လုပ်ငန်းလိုင်စင်၊ ရေယာဉ်လိုင်စင် သက်သေခံလက်မှတ်ပါ၊ မပါ လိုင်စင်သက်တမ်းလွန် မလွန် စစ်ဆေးရမည်ဖြစ်ပြီး ရေယာဉ်ပေါ် တင်ဆောင်လာသော ခရီးသည်အားလုံးအတွက် အသက်ကယ်အင်္ကျီလုံလောက်မှု ရှိစေရန် အရေးပေါ်ထွက်ပေါက် အသက်ကယ်ပစ္စည်းအသုံးပြုပုံတို့ကို ခရီးသည်များအား ရှင်းလင်းပြောကြားထားရန်နှင့် အသက်ကယ်ပစ္စည်းကိရိယာများ ကောင်းမွန်စွာ ရှိကြောင်း စစ်ဆေးအတည်ပြုရန် ညွှန်ကြားထားသည်။

ခရီးသည်ပို့ဆောင်ရေးဆိပ်ကမ်းများ ကုန်တင်ရေယာဉ်ဆိပ်ကမ်းများတွင် ရေယာဉ်များ စနစ်တကျသတ်မှတ်ချိန်အတိုင်း ဝင်ထွက်ခြင်းနှင့် ခွင့်ပြုထားသည့်ခရီးစဉ်လမ်းကြောင်း သတ်မှတ်ဆိပ်ကမ်းနေရာများတွင် ရပ်နားခြင်း ရှိ၊ မရှိ စစ်ဆေးရမည့်အပြင် ခရီးသည်နှင့် ကုန်စည်တင်ဆောင်ထားမှုသည် ရေယာဉ်၏ ရေလွတ်ပိုင်းအထိ တင်ဆောင်ထားခြင်းမရှိစေရန် အထူးကြပ်မတ်စစ်ဆေးရမည်ဖြစ်ကြောင်း သိရသည်။ ခရီးသည်တင်ရေယာဉ်များသည် ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်တွင် ဖော်ပြထားသောခရီးသည်အရေအတွက်ထက် ကျော်လွန်ခြင်းမရှိစေရန်နှင့် ခရီးသည်အရေအတွက်ကို အတည်ပြုရန် ခရီးသည်တင်ဆောင်ရမည့်နေရာတွင် ကုန်ပစ္စည်းများတင်ဆောင်ထားခြင်းကို ခွင့်မပြုကြောင်း စသည့် စည်းကမ်းချက်များ ထည့်သွင်းထုတ်ပြန်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခွဲက ကနီမြို့နယ် မိချောင်းတွင်းရွာအနီး ခရီးသည်တင်ရေယာဉ်နစ်မြုပ်ဆုံးရှုံးခဲ့သည့် ဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားစေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တိကျစွာစစ်ဆေးပြီးမှသာ ထွက်ခွာရန် စည်းကမ်းချက်များ သတ်မှတ်ရခြင်းဖြစ်ကြောင်း လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း သုံးထောင်ကျော် လာမည့်နှစ်တွင် ရောင်းချပေးမည်

**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာအနီးတွင် တည်ဆောက်လျက်ရှိသည့် တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းပေါင်း သုံးထောင်ကျော်အား လာမည့်နှစ်အတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစီမံကိန်းအား ၂၀၁၆ ခုနှစ် မေလက စတင်ဆောင်ရွက်ခဲ့ပြီး ခြောက်ထပ် တိုက်အလုံး ၁၄၀၊ အခန်းပေါင်း ၃၃၆၀ ပါဝင်မည်ဖြစ်ပြီး တစ်ခန်းလျှင် ၆၅၀ စတုရန်းပေကျယ်ဝန်း၍ အိပ်ခန်းနှစ်ခန်း ထည့်သွင်းတည်ဆောက်ထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

“ဘယ်ပုံစံနဲ့ ရောင်းချမလဲ။ ဘယ်သူတွေကို ရောင်းပေးမယ်ဆိုတာတော့ မဆုံးဖြတ်ရသေးပါဘူး။ အဓိကအနေနဲ့ကတော့ အမှန်တကယ် အိမ်ရာလိုအပ်ချက်ရှိသူတွေကိုပဲ ဦးစားပေးရောင်းချပေးမှာပါ။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ကျင့်သုံးနေကြတာဆိုတော့ ဝယ်ယူမယ့်သူတွေအနေနဲ့ အလုပ်အကိုင်ရှိထားဖို့တော့လိုတာပေါ့”ဟု ၎င်းကပြောသည်။



ယခုတည်ဆောက်နေသည့် အိမ်ရာစီမံကိန်းအား ဆောက်လုပ်ရေးကုမ္ပဏီ ၄၇ မှ တာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက တိုက်ခန်းအားလုံးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းအပ်နှံ၍ မြို့တော်စည်ပင်မှ ရောင်းချပြီးမှသာ ကုမ္ပဏီများသို့ ငွေပြန်လည်ပေးအပ်သွားမည့် စနစ်ဖြစ်သည်။

ယခုနှစ် မတ်လအတွင်းကလည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း ၄၀၀ကို အရစ်ကျစနစ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ လုပ်သက် ၂၅နှစ်အထက် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများအား ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ ကိုယ်စားလှယ်များ တရုတ်(တိုင်ပေ)သို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၇**

တရုတ်(တိုင်ပေ)၌ အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် KAHOSIUNG FOOD SHOW GROUP A PROGRAM အခမ်းအနားတက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာရာ အသင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက် သင်တန်းဆင်း

**ကျောက်ဖြူ အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဆရာဝန်ကြီး ဦးရဲလွင်မောင်က စေတနာ့ဝန်ထမ်းများ မွေးထုတ်ပေးရခြင်းအကြောင်းကိုပြောကြားပြီး ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာအေးငြိမ်းက ငှက်ဖျားဖြစ်ပေါ်ရခြင်းအကြောင်းအရင်း၊ ငှက်ဖျားရောဂါဖြစ်ပွားရာတွင် ရှောင်ရန်၊ ဆောင်ရန်များ၊ ဆေးရုံနှင့် အလှမ်းဝေးသောဒေသများတွင် စေတနာ့ဝန်ထမ်းများရှိရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျေးရွာများသို့ ရောက်ရှိသောကျန်းမာရေးဝန်ထမ်းများနှင့် လက်တွဲညီစွာ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုလို စေတနာရှင်လူငယ်များ ဒီသင်တန်းကို လာရောက်တက်ကြတဲ့အတွက် ဝမ်းသာပါကြောင်းပြောကြားပြီး သင်တန်းသား သင်တန်းသူ ၂၁ ဦးအား သင်တန်းဆင်းလက်မှတ်နှင့် လွယ်အိတ်များအား တစ်ဦးချင်းပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

● *ကျော့ဖုံးမှ*

လေ့လာတွေ့ရှိချက်အရ ထိုင်ခုံခါးပတ် ပတ်ခြင်းသည် ယာဉ်အန္တရာယ်ဖြစ်ပွားစဉ်လူကို အနည်းဆုံး ထိခိုက်အန္တရာယ်ဖြစ်ပွားမှုသာတွေ့ရကြောင်း ၎င်းက ထပ်မံပြောသည်။

ရန်ကုန်တိုင်းယာဉ်ထိန်းတပ်ဖွဲ့၏ စာရင်းများအရ ယခုနှစ်အတွင်း ဩဂုတ်လကုန်အထိ ရန်ကုန်မြို့တွင် ယာဉ်တိုက်မှုပေါင်း ၁၁၄၄ မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့တွင် ထိခိုက်ဒဏ်ရာရသူ ၁၃၂၉ ဦးရှိပြီး သေဆုံးသူ ၉၉၈ ဦးရှိခဲ့ကြောင်း သိရသည်။

ထိုသို့ မလိုလားအပ်ဘဲ အသက်ပေါင်းများစွာ ဆုံးရှုံးနေရခြင်းသည် ထိုင်ခုံခါးပတ်မပတ်ခြင်းသည် အဓိကပြဿနာဖြစ်လာကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ပြောသည်။

နိုဝင်ဘာ ၁ ရက်မှစပြီး ထိုင်ခုံခါးပတ် မပတ်သော ယာဉ်မောင်းများအား ပုဒ်မ ၆၂ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဒဏ်ငွေအပြင် ငွေကျပ် သုံးသောင်းထက်မပိုသောဒဏ်ငွေကိုလည်း ရိုက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်ရာတွင် ရန်ကုန်မြို့တွင် ပြေးဆွဲနေသော လိုင်းကားများအပါအဝင် အားလုံးအကျုံးဝင်ကြောင်း သိရသည်။

# ရန်ကုန်မြို့၌ ဇီကာရောဂါဖြစ်ပွားနေသည့်နိုင်ငံခြားသူတစ်ဦးတွေ့ရှိသဖြင့် ကာကွယ်ထိန်းချုပ်နှိမ်နင်းရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော်  အောက်တိုဘာ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဇီကာရောဂါကာကွယ်ရေးလုပ်ငန်းများအပါအဝင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့၌ ဇီကာရောဂါဖြစ်ပွားနေသည့် နိုင်ငံခြားသူတစ်ဦးကို ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ပြီးနောက် အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီကာရောဂါလက္ခဏာသံသယရှိသူအသက် ၃၂ နှစ်အရွယ်ရှိနိုင်ငံခြားသူ ကိုယ် ဝန်ဆောင်အမျိုးသမီးတစ်ဦးကို ယနေ့တွင်ရန်ကုန်မြို့နယ်အတွင်း၌ တွေ့ရှိခဲ့သဖြင့် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများဆောင်ရွက်ခဲ့ရာ ဇီကာရောဂါဖြစ်ပွားလျက်ရှိကြောင်း အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ ဇီကာရောဂါနှင့်ပတ်သက်ပြီး လိုအပ်သောကာကွယ်ထိန်းချုပ်နှိမ်နင်းရေး လုပ်ငန်းများကို တာဝန်ရှိသူများက အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကနဦး သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးများ၍ စလင်း-ချောက် ကားလမ်းပေါ် ရေကျော်

**စလင်း  အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အောက်တိုဘာ ၂၇ ရက်က မိုးများသည်းထန်စွာရွာသွန်းသဖြင့် တောင်ကျရေများကြောင့် စလင်းမှ ချောက်သို့သွားသော ကားလမ်းများပေါ်တွင် ရေကျော်မှုများဖြစ်ပေါ်ခဲ့သည်။

စလင်းမှချောက်သို့သွားရာဖြစ်သောကားလမ်း အနည်းဆုံးသုံးနေရာလောက်တွင် မိုးများရွာသွန်းဖြင့် ကားလမ်းပေါ် သို့ရေများကျော်လျက်ရှိပြီး စလင်းနှင့် ၁၆ မိုင်ကွာဝေးသော ကန်တော်ချောင်းမှာ အကျယ်ကိုက် ၁၀၀ ခန့်ထိရေများကျော်နေပြီး ရေစီးသန်၍ မော်တော်ယာဉ်များပါ ဖြတ်ကူးရန် အခက်အခဲရှိနေပြီး ရေကျချိန်ထိခရီးသည်နှင့် မော်တော်ယာဉ်များပါ စောင်းဆိုင်းနေရကြောင်းနှင့် ချောင်းများမှာချောင်း ချောက်များဖြစ်ပြီး အထက်ပိုင်းမိုးများမှချောင်းရေများ ကျတတ်ကြောင်း ယခုနှစ်တွင် မိုးများသဖြင့် မကြာခဏချောင်းရေများကျကာ ကားလမ်းကို ကျော်မှုများကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



ဖမ်းဆီးရမိသည့် ဘင်္ဂါလီလူမျိုးရှစ်ဦးအား တွေ့ရစဉ်

■ *ကျောဖုံးမှ*

ထို့ပြင် ယနေ့ နံနက် ၁ နာရီခန့်တွင် နတ်မြစ်အတွင်း NAVYSEALS အဖွဲ့မှ တိုက်ရေယာဉ်ဖြင့် တိုက်ကင်းတာဝန်ထမ်းဆောင်စဉ် ဦးရှည်ကျချောင်း၏ တောင်ဘက်ကိုက် ၃၀၀ ခန့်အကွာ ချောင်းပေါက်ငယ်အတွင်းမှ နတ်မြစ်ဘက်သို့ လှော်ခတ်လာသော လှေနှစ်စီးအား တွေ့ရှိသဖြင့် မီးဖြင့်အချက်ပြခေါ်ယူ ရာ ပြန်လှည့်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဒီရေတောအတွင်း ပုန်းအောင်းနေသည့် ဘင်္ဂါလီလူမျိုး အဒူဇူဝိုင်း(ဘ) ရှုဇိမ်းနာနှင့် ၎င်း၏ဇနီး နူကနိ (ဘ) နုရှုဟာကိန်၊ သမီး ရှုဂျီးနားနှင့် သားနှစ်ဦးဖြစ်သည့် ဝါဟဲမူတိုဖာ၊ မူဟာမက်ဟူပိုက်တို့ ငါးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် မသင်္ကာဖွယ်ရာ ဘင်္ဂါလီလူမျိုး ငါးဦးအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။


**(မြဝတီ)**

အကြမ်းဖက် စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် လူနှစ်ဦးအား ဖမ်းဆီးရမိ ပြီးနောက် တွေ့ရစဉ်





ဖမ်းဆီးရမိသည့် ဘင်္ဂါလီလူမျိုးငါးဦးအား တွေ့ရစဉ်





## မြစ်ရေတိုက်စားမှုကြောင့် အန္တရာယ်ရှိသော အဆောက်အအုံများ ပြောင်းရွှေ့ခဲ့

**ကြံခင်း  အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးများပြိုကျသည့်အတွက်မြစ်ကမ်းပါးနှင့် နီးသည့် အန္တရာယ်ရှိသည့်အဆောက်အအုံများအား အောက်တိုဘာ ၂၇ ရက်နံနက်က ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေလယ်ကျွန်းကျေးရွာသည် နှစ်စဉ် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးများပြိုကျသဖြင့် လူနေအိမ်များ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ယခုအခါ မြစ်ကမ်းပါးပြိုကျမှုမြန်ဆန်၍ မြေပြိုမှုများပြားလာသဖြင့် ယနေ့နံနက်ပိုင်းတွင် ရေလယ်ကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် မူကြိုကျောင်းတစ်ကျောင်းကို ပြောင်းရွှေ့လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ပြောသည်။

မြစ်ကမ်းပါးပြိုကျမှုများ ဆက်လက်ဖြစ်ပွားနိုင်သဖြင့် ကျေးလက်ဆေးပေးခန်း တစ်ခု၊ စာသင်ကျောင်းတစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ပြောင်းရွှေ့ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျရာ နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြောင်းရွှေ့ရန်လိုအပ်သည့် အဆောက်အအုံများကို ပြောင်းရွှေ့ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ဝိုင်ယာရှော့ခ်ဖြစ်ပြီး လျှပ်စစ်ဓာတ်ကြိုးပြတ်ကျ၍ ဆိုက်ကားတစ်စီးမီးလောင်

**ရန်ကုန်  အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီခန့်က ရန်ကုန်မြို့လမ်းမတော်မြို့နယ် အနော်ရထာလမ်းပေါ် Junction Mawtin ရှေ့ရှိ ဓာတ်တိုင်ပေါ်မှ ဓာတ်ကြိုးတစ်ချောင်းပြတ်ကျပြီး ဓာတ်တိုင်အောက်ရှိ ဆိုက်ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းကြိုးများသည် လေပြင်းတိုက်ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ဆိုက်ကားများပေါ်သို့ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုက်ကားများပေါ်မှ အနေးယာဉ်လုပ်သားများမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ဓာတ်ကြိုးပြုတ်ကျသည့် ဆိုက်ကားတစ်စီးပေါ်မှ ခရီးသည်ထိုင်ခုံကို မီးစွဲလောင်ခဲ့ကြောင်း၊ အဆိုပါမီးလောင်မှုဖြစ်ပွားသည့်နေရာသို့ လမ်းမတော်မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ စစ်ဆေးပြုပြင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်ကြောင့် ထိခိုက်မှု ကင်းဝေးစေရန် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများအောက် ဖြတ်သန်းသွားလာရာတွင် အထူးသတိထားသွားလာကြရန်လိုအပ်ကြောင်း၊ လေတိုက်ချိန်တွင် ဓာတ်ကြိုးများအောက်ဖြတ်သန်းသွားခြင်း၊ အလုပ်လုပ်သွားရခြင်းများရှိပါက အထူးသတိပြုရန်လိုကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**






# ဟိုတယ်သစ်ဖွင့်လှစ်လိုက်ခြင်းနှင့်အတူ ဒေါ်နယ်ထရန့်၏ စီးပွားရေးနှင့် နိုင်ငံရေး ရောရောထွေးထွေးဖြစ်နေ

**ဝါရှင်တန် အောက်တိုဘာ ၂၇**

ရွေးကောက်ပွဲရက်စတင်ရန် နှစ်ပတ်နီးနီးလိုချိန်တွင် ဒေါ်နယ်ထရန့်သည် ရွေးကောက်ပွဲပုံစံလှုပ်ရှားမှုကို ၎င်း၏အသစ်ဖွင့်လှစ်လိုက်သော ဟိုတယ်တွင် အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

သို့သော်လည်း ရီပတ်ဘလစ်ကန် သမ္မတလောင်းဒေါ်နယ်ထရန့်သည် ရွေးကောက်ပွဲအတွက် အချိန်ယူရမည့်အစား ၎င်း၏ကိုယ်ပိုင်စီးပွားရေးအား ရွေးကောက်ပွဲလှုပ်ရှားမှုအတွက် ကျားကန်ရန် အသုံးပြုခဲ့သည်။

၎င်း၏ဟိုတယ်သည် ကမ္ဘာပေါ်တွင် အကောင်းစားဟိုတယ်တစ်ခုဖြစ်ကြောင်း ဘီလီယံနာသူဌေးက အမှာ်မ်းတင်ပြောဆိုလိုက်သည်။ ၎င်း၏စီးပွားရေး အောင်မြင်မှုသည် သမ္မတဖြစ်ရန် အဓိကကျသော အရည်အချင်းတစ်ခုဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားလိုက်သည်။

"ဒီနေ့နိုင်ငံအတွက် ဘာလုပ်ပေးခဲ့သလဲဆိုတာကို တင်စားဖော်ကျူးတဲ့နေ့တစ်နေ့ပါပဲ" ဟု ထရန့်က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားလိုက်သည်။

ထို့အပြင် နောက်ဆုံး ရွေးကောက်ပွဲလှုပ်ရှားမှုများတွင် အလှူကြီးပေးမည်ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ကိုလံဘီယာ အဝေးပြေးလမ်းပေါ်မြေပြိုကျမှု လူခြောက်ဦးသေဆုံး

**ဘိုကိုတာ အောက်တိုဘာ ၂၇**

ကိုလံဘီယာနိုင်ငံ၏အစည်ကားဆုံးလမ်းတစ်ခုပေါ်သို့ အောက်တိုဘာ ၂၆ရက်က မြေများပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ခြောက်ဦးသေဆုံးပြီး ပျောက်ဆုံးသူအတိအကျမသိရသေးကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ကိုလံဘီယာ၏ ဒုတိယအကြီးဆုံးမြို့တော် မက်ဒယ်လင်မှ ကီလိုမီတာအတော်ဝေးဝေးရှိ ဘိုကိုတာသို့သွားရာ အမြန်လမ်းပိုင်းတွင် ဘောလုံးကွင်းနှစ်ကွင်းစာခန့်မြေပြိုကျသဖြင့် ကားနှစ်စီး၊ ကုန်တင်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်နှစ်စီးကို မြေကြီးများဖုံးလွှမ်းသွားခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများသည် နောက်ထပ်ပျောက်ဆုံးသူများကို မြေကြီးအောက်၌ နစ်မြုပ်နေမှုရှိ၊ မရှိဆက်လက်ရှာဖွေမှုများပြုလုပ်နေကြောင်းသိရသည်။ ယခုအချိန်အထိ သေဆုံးသူ ခြောက်ဦးကို တွေ့ရှိခဲ့ပြီဖြစ်ကြောင်း၊ မြေပြိုမှုကြောင့် ပျောက်ဆုံးသူအတိအကျမသိရသေးကြောင်း၊ ဒဏ်ရာရသူ လေးဦးကို ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအကြီးအကဲ ဂီဘာတို မာဇိုက ပြောကြားခဲ့သည်။

အဝေးပြေးလမ်းပေါ်သို့ မြေများပြိုကျမှုသည် ထုထည်အားဖြင့် ၅၀၀၀၀ကုဗမီတာ (၁ ဒသမ ၈ မီလီယံ ကုဗပေ)ခန့်ရှိကြောင်းသိရသည်။ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် အမြန်လမ်း ရှင်းလင်းရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် အချိန်ဘယ်လောက်ကြာမည်ဆိုသည်ကို ပြော၍မရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယင်းဒေသ၌ နောက်ထပ်မြေပြိုကျနိုင်သဖြင့် တပ်လှန့်ထားပြီး စုစုပေါင်းကယ်ဆယ်ရေးလုပ်သား ၁၀၀ ခန့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

**(ဘီဘီစီ)**



# အာရှ၌ ပထမဆုံးကြက်တူရွေးငှက် ရုပ်ကြွင်းတွေ့ရှိ

**ဆိုက်ဘေးရီးယား အောက်တိုဘာ ၂၇**

ရှားပါးကြက်တူရွေးငှက်တစ်မျိုး၏ရုပ်ကြွင်းကို ဆိုက်ဘေးရီးယား၌ တူးဖော်တွေ့ရှိခဲ့ပြီး အဆိုပါငှက်တစ်မျိုးကို မြောက်ဘက် အဝေးဆုံးဒေသ၌ တွေ့မြင်ခဲ့ဖူးကြောင်း လေ့လာမှုတစ်ရပ်က ဖော်ပြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၆ သန်းနှင့် ၁၈ သန်းအတွင်းက တည်ရှိခဲ့သည့် ကြက်တူရွေးငှက်တစ်ကောင်၏အရိုးကို ဘိုက်ကယ်ဒေသအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာမှုတွင် အဆိုပါငှက်များသည် ယနေ့အခါတွင် အပူပိုင်းဒေသနှင့် သမပိုင်းဒေသများတွင်သာ ကျင်လည်ကျက်စားပြီး ယူရေးရှားဒေသများသို့ တစ်ချိန်က ပျံ့နှံ့ခဲ့ဖူးကြောင်း သိရသည်။ အဆိုပါတွေ့ရှိမှုသည် ကြက်တူရွေးငှက်၏ရုပ်ကြွင်းကို အာရှတိုက်တွင် ပထမဆုံးတွေ့ရှိမှုလည်းဖြစ်သည်။

သုတေသနပြုလေ့လာတွေ့ရှိမှုကို Biology Letters ဂျာနယ်တွင် ပုံနှိပ်မှတ်တမ်းတင်ထားသည်။ အဆိုပါတွေ့ရှိမှုအကြောင်း မှတ်တမ်းရေးသားခဲ့သူ Borissiak Paleontological ရုရှားရှုပဗေဒအကယ်ဒမီကျောင်းမှ ဒေါက်တာ နီကီတာ ဇီလန်ကော့ဗ်က ရှာဖွေတွေ့ရှိမှုနှင့် ပတ်သက်၍ အံ့သြခဲ့ရကြောင်း၊ ဆိုက်ဘေးရီးယား၌ အဆိုပါငှက်များရှိခဲ့ဖူးသည်ကို မည်သူမျှ မမြင်ခဲ့ဖူးကြောင်း ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# ဂျပန်ဧကရာဇ်၏ ဦးလေးဖြစ်သူ မင်းသား မီကာဆာကွယ်လွန်



**တိုကျို အောက်တိုဘာ ၂၇**

ဂျပန်မင်းသား မီကာဆာသေဆုံးသွားပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၇ ရက်က ဖော်ပြခဲ့သည်။ ဧကရာဇ် အာကီဟီတို၏ ဦးလေးဖြစ်သူသည် ကွယ်လွန်ချိန်တွင် သက်တော် ၁၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

မင်းသား မီကာဆာသည် နတ်ရွာစံသွားသော ဧကရာဇ် ရှိုဝါ၏ အငယ်ဆုံးညီတစ်ဦးဖြစ်သည်။ ၎င်းကို အဆုတ်ရောင်ရောဂါဖြင့် မေလလယ်တွင် တိုကျိုဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ကျန်းမာရေးမကောင်းခဲ့သည့်အတွက် ထိုအချိန်ကတည်းက ၎င်းကို အရေးပေါ်ကုသရေးဌာနတွင် ကြပ်မတ်ကုသခဲ့ရသည်။ ဇွန်လနှောင်းပိုင်းတွင် နှလုံးခုန်နှုန်းမှန်စေသည့် အီလက်ထရွန်နစ်ကိရိယာကို ထည့်ခဲ့ရသည်။ သို့သော်လည်း ၎င်း၏ အခြေအနေမှာ အောက်တိုဘာ ၂၇ ရက်တွင် ပိုမိုဆိုးရွားလာခဲ့ပြီး ယင်းနေ့ နံနက် ၈ နာရီ ၃၄ မိနစ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

၎င်းသည် ဂျပန်ဧကရာဇ်နန်းဆက်တွင် ငါးယောက်မြောက် အမွေဆက်ခံသူဖြစ်ပြီး ယခု ၎င်းကွယ်လွန်သွားသည့်အတွက် လေးဦးသာ ဧကရာဇ်နန်းဆက်အမွေဆက်ခံရန် ကျန်ရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီတလီနိုင်ငံ အလယ်ပိုင်းတွင် ငလျင်နှစ်ကြိမ် ပြင်းထန်စွာလှုပ်ခတ်

**ရောမ အောက်တိုဘာ ၂၇**

အီတလီနိုင်ငံအလယ်ပိုင်းတွင် ငလျင်နှစ်ကြိမ်ပြင်းထန်စွာလှုပ်ခတ်ခဲ့ရာ အဆောက်အအုံများစွာထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပြင်းအား ၅ ဒသမ ၅ အဆင့်ရှိသည့် မြေငလျင်သည် မက်ကာရာတာပြည်နယ်အတွင်းရှိ ဗီဆိုဒေသအနီးတွင် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်က လှုပ်ခတ်သွားခဲ့သည်။ ၆ ဒသမ ၁ ရစ်ချ်တာစကေးပြင်းအားရှိသည့် မြေငလျင်လှုပ်ခတ်သွားပြီး နှစ်နာရီအကြာတွင် အဆိုပါနေရာ၌ပင် နောက်ထပ် ငလျင်ထပ်မံလှုပ်ခတ်သွားခဲ့ကြောင်း သိရသည်။

အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တစ်ညတာလုံးမနားမနေ ပြေးလွှားလှုပ်ရှားခဲ့ရသည်။ ဗီဆို၌ သြဂုတ်လအတွင်းကလည်း မြေငလျင်ပြင်းထန်စွာလှုပ်ခတ်မှုကြောင့် လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။

ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိမှုနည်းပါးသော်လည်း ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ကူညီကယ်ဆယ်ရေးနှောင့်နှေးသည့်အခြေအနေများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဗီဆိုသည် သြဂုတ်လအတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အကြီးအကျယ်ထိခိုက်ခဲ့သည့် အမက်ထရိုက်စ်နှင့် ၇၀ ကီလိုမီတာ (၄၅ မိုင်)ကွာဝေးသည်။

**(ဘီဘီစီ)**



# ပါကစ္စတန် အကြမ်းဖက်မှုရဲ့နောက်ကွယ်

## ကလျာမိုးမြင့်

ပါကစ္စတန်ရဲ့ ကိုးခုမြောက် အကြီးဆုံးမြို့ဖြစ်တဲ့ ကွက်တာမြို့ဟာ သာယာမှုတတဲ့ ရာသီဥတု၊ အနည်းအကျဉ်းသာရှိတဲ့ လူဦးရေနဲ့ ပတ်ပတ်လည်မှာရှိတဲ့ မြစ်ဝှမ်းတောင်ကြားတွေမှာ ပေါများကြွယ်ဝလှတဲ့ သစ်သီးဝလံဥယျာဉ်ခြံမြေတွေက "ပါရီမြို့အသေးစား" လို့ တစ်ချိန်က ခေါ်တွင်ခဲ့ရလောက်တဲ့အထိ မြို့ဂုဏ်ဆောင်ခဲ့ပါတယ်။ ယနေ့အခါမှာတော့ ဒီမြို့ဟာ ညစ်ပတ်ရှုပ်ပွနေတဲ့ လမ်းသွယ်တွေ၊ ပွတ်သိပ်ကျပ်ညပ်နေတဲ့လမ်းမကြီးတွေနဲ့ ယာယီနေအိမ်အဆောက်အအုံတွေရှိနေပြီး သာယာနေပျော်ဖွယ်အနေအထားမျိုးမရှိတော့တဲ့အပြင် ပြဿနာဒုက္ခပေါင်းစုံ အဆက်မပြတ် ဝင်ရောက်နေပါတယ်။

တနင်္လာနေ့က ကွက်တာမှာရှိတဲ့ ရဲသင်တန်းကျောင်းတစ်ခုကို တိုက်ခိုက်ခံရခြင်းဟာ ဩဂုတ်လအတွင်းက မြို့တွင်းဆေးရုံတစ်ရုံကို တိုက်ခိုက်ခံရပြီး လူ ၇၀ကျော် သေဆုံးသွားခဲ့တဲ့ တိုက်ခိုက်ခံရမှုကြောင့် ဖြစ်ခဲ့ရတဲ့ အကြောက်တရားတွေကို တစ်ဖန်ပြန်ပြီး နှိုးဆွလိုက်တာပါပဲ။ ၂၀၁၄ ခုနှစ်က အနောက်မြောက်ပိုင်း မျိုးနွယ်စုတွေနေထိုင်တဲ့နေရာမှာ ပါကစ္စတန်တပ်မတော်ရဲ့စစ်ဆင်ရေးကြောင့် အချိန်ကာလတစ်ခုအထိတည်ငြိမ်မှုရရှိခဲ့ပြီးနောက်မှာတိုက်ခိုက်မှုဝင်ရောက်လာတာဖြစ်ပါတယ်။

ပါကစ္စတန်မှာရှိတဲ့ တာလီဘန်စစ်သွေးကြွတွေဟာ ၎င်းတို့ရဲ့ကျင်လည်ကျက်စားရာကနေကျော်လွန်လာပြီး အာဖဂန်ပိုင်နက်နယ်နိမိတ်အထိ ဝင်ရောက်လာကာ ပိုမိုဆိုးသွမ်းလာနေပါပြီ။ စစ်သွေးကြွတွေကို နှိမ်နှင်းဖို့ဟာ မလွယ်ကူသေးတဲ့ အခြေအနေမှာရှိနေသေးတယ်ဆိုတဲ့ အမှန်တရားကို တနင်္လာနေ့ တိုက်ခိုက်မှုက သက်သေထူခဲ့ပါတယ်။ ဩဂုတ်လကတည်းကစတင်ပြီး ကွက်တာမှာရှိတဲ့ ဂျာနယ်လစ်တွေ၊ ရှေ့နေတွေနဲ့ ပြည်တွင်းအဖွဲ့အစည်းဟာ စုဝေးရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ဖို့အတွက် ခက်ခဲပင်ပန်းကြီးစွာလုပ်ဆောင်ခဲ့ရတယ်လို့ ကွက်တာမှာ အခြေစိုက်နေထိုင်တဲ့ အကြီးတန်းသတင်းထောက် ရှာဇာခါအယ်လ်ဖီကွာက ပြောခဲ့ပါတယ်။

တနင်္လာနေ့ညပိုင်းမှာတော့ အန္တရာယ်ဖြစ်နိုင်ခြေအများဆုံးရှိတဲ့ မြို့လယ်ကောင်ပြည်သူ့ဆေးရုံ အရေးပေါ်နေရာတွေက သတင်းထောက်တွေ အပါအဝင် လူတိုင်းကိုလုံခြုံရေးအရ ကယ်ဆယ်ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ မြို့တွင်းမှာ ကြောက်ရွံ့ထိတ်လန့်မှုတွေကြီးစိုးနေပြီး စစ်သွေးကြွတွေ ဘယ်မှာ ထပ်တိုက်ခိုက်လာဦးမလဲဆိုတာကိုပဲ လူတိုင်းက စိုးရိမ်နေကြပါတယ်။

ကွက်တာဟာ စစ်သွေးကြွတွေရဲ့တိုက်ခိုက်မှုတွေနဲ့ မစိမ်းလှတဲ့ နေရာဖြစ်ပေမယ့် စစ်သွေးကြွတွေဟာ ယခင်က ရှီယာအစ္စလာမ်တွေကိုသာ အဓိက ပစ်မှတ်ထားခဲ့တာပါ။ အခုချိန်မှာတော့ ၎င်းတို့ဟာ လွယ်ကူတယ်လို့ ထင်ရတဲ့အရာတိုင်းကို ပစ်မှတ်ထားလာပြီး သေကျေပျက်စီးမှုတွေ အမြောက်အများဖြစ်စေချင်တဲ့ အခြေအနေမျိုး ဖြစ်လာပါတယ်။ဒီအခြေအနေကနေ ပေါ်ပေါက်လာတဲ့ အကျိုးဆက်နှစ်ခုကတော့ ပါကစ္စတန်အာဏာပိုင်တွေက ယှဉ်ပြိုင်ဘက်ဖြစ်တဲ့ အိန္ဒိယကို အာဖဂန်နယ်နိမိတ်ကို အသုံးပြုကာ ဘာလိုချီစတန်ကို ဒုက္ခတွေ့အောင် ဆွပေးနေတယ်လို့ စွပ်စွဲလာပြီး ကွက်တာမှာ အခြေစိုက်ထားတဲ့ အာဖဂန်တာလီဘန်တို့ရဲ့စခန်းတွေကို နိုင်ငံတကာ အဖွဲ့အစည်းတွေက အကြီးအကျယ်အာရုံစိုက်လာပါတယ်။

နောက်ဆုံးမှာတော့ ကွက်တာဟာ ဒေသတွင်း ဩဇာအာဏာကြီးထွားရေး ယှဉ်ပြိုင်မှုများနဲ့ ခက်ခဲနက်နဲစွာ စနစ်တကျချိတ်ဆက်ထားတဲ့ စစ်သွေးကြွအဖွဲ့ရဲ့ ကွန်ရက်ကြားမှာ ဓားစာခံဖြစ်ရတော့မယ်လို့ လူတော်တော်များများက ထောက်ပြပြောဆိုနေကြပါတယ်။ ၁၉၈၀ နဲ့ ၁၉၉၀ပြည့်နှစ်များအတွင်း ကွက်တာမှာ ဖြစ်ခဲ့တဲ့ တိုက်ခိုက်မှုတွေဟာ ရံဖန်ရံခါလောက်သာဖြစ်ခဲ့ပြီး ဆိုးကျိုးသက်ရောက်မှု နည်းသလို ဂိုဏ်းစွဲအယူဝါဒကြောင့် ဖြစ်ခဲ့ရတာတွေက များပါတယ်။ ပါကစ္စတန်ရဲ့ မြို့ကြီးအများစုမှာ ဒီလိုဖြစ်ရပ်တွေရှိခဲ့တယ်။

၂၀၀၃ ခုနှစ်က ရှီယာ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်တဲ့ ဟာဇာရာမျိုးနွယ်စု ဒေသခံအများအပြားစုဝေးနေတဲ့နေရာကို ဆွန်နီအစ္စလာမ် ကိုးကွယ်သူ အသေခံဗုံးခွဲတိုက်ခိုက်သူတွေကြောင့် ဟာဇာရာမျိုးနွယ်စု ရာပေါင်းများစွာ သေဆုံးခဲ့ရပြီးတဲ့နောက်မှာ အကြမ်းဖက်မှုတွေဟာ ခြိမ်းခြောက်တဲ့အဆင့်ကိုရောက်ရှိလာပါတယ်။ ဘာသာရေးယှက်နွယ်ခြင်းမရှိတဲ့ ဘာလော့ချ်မျိုးချစ်လူငယ်တစ်စုဦးဆောင်တဲ့ လက်နက်ကိုင်ခွဲထွက်ရေးသူပုန်တွေဟာ ဘာလိုချီစတန် အစိုးရကို သွေးပျက်ထိတ်လန့်စေခဲ့ပြီး ပါကစ္စတန်အနေနဲ့ ဝန်ထုပ်ဝန်ပိုးကျရောက်နေတဲ့ အချိန်မှာ ခုလိုကြမ္မာငင်လာတာလည်းဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်နေကြပါတယ်။

ဒီအချိန်မှာ ပါကစ္စတန်ဟာအင်အားကြီးထွားလာနေတဲ့ တာလီဘန်ပြဿနာကို ကျော်လွှားဖို့ အာဖဂန်နစ္စတန်မှာရှိတဲ့ နိုင်ငံတကာအင်အားစုတွေကို အကူအညီပေးဖို့ ရုန်းကန်နေရတာဖြစ်ပြီး နောင်လာမယ့်အနာဂတ်မှာ အာဖဂန်နစ္စတန်အတွင်းမှာ အိန္ဒိယရဲ့လွှမ်းမိုးမှုကို ကန့်သတ်ဖို့အတွက် တာလီဘန်တွေရဲ့လှုပ်ရှားမှုအတွင်းမှာ ကိုယ်စားလှယ်တွေ ထားရှိခဲ့ပါတယ်။

ဘာလိုချီစတန်မှာဖြစ်ခဲ့တဲ့ ဂိုဏ်းဂဏကွဲပြားမှုကြောင့် သတ်ဖြတ်မှုတွေဟာ ပါကစ္စတန်ရဲ့လုံခြုံရေးထူထောင်မှုကို အကူအညီဖြစ်စေခဲ့တဲ့အတွက် ဘာလော့ချ် ခွဲထွက်ရေးအဖွဲ့ရဲ့သက်ရောက်မှုအန္တရာယ်ကို အားပျော့သွားစေခဲ့တာ အမှန်ပါ။ ဒါကြောင့်လည်း သတ်ဖြတ်မှုကျူးလွန်ခဲ့ကြတဲ့ ဂိုဏ်းဂဏအဖွဲ့အစည်းတွေဟာ အာဖဂန် တာလီဘန်တွေနဲ့ မဟာမိတ်ပြုခြင်းကိုခံလိုက်ရပြီး ခွဲထွက်ရေးသမားတွေကို တိုက်ဖျက်ရာမှာလည်း ၎င်းတို့ကို အသုံးချလိုတဲ့ သဘောမျိုးတွေ့မြင်နေရပါတယ်။ နိုင်ငံရေးကျွမ်းကျင်သူတွေကတော့ ဒီကိစ္စရဲ့နောက်ကွယ်မှာ မဟာဗျူဟာကျတဲ့ အကြောင်းတစ်ခုရှိကို ရှိနေတယ်လို့ ဝေဖန်ခဲ့ကြပါတယ်။

ပက်ရှ်ဝါမြို့လိုပဲ ကွက်တာဟာ ၁၉၈၀ ပြည့်နှစ်များအတွင်းက အာဖဂန်ဒုက္ခသည် အမြောက်အမြားကို လက်ခံခဲ့ရတဲ့နေရာပါ။ လူအုပ်ကြီးအလုံးအရင်းနဲ့ ဝင်ရောက်လာမှုက ကွက်တာရဲ့ မွေးဖွား၊ သေဆုံးမှု စာရင်းဇယားတွေကိုပြောင်းလဲသွားစေခဲ့တယ်။ ဒုက္ခသည်စခန်းတွေပေါ်ပေါက်လာခဲ့ပြီး လူသစ်အင်အားတွေတိုးပွားလာကာ အိုင်အက်စ် တိုက်ခိုက်ရေးသမားတွေအတွက်ပါ အခြေစိုက်စခန်းတွေ ပေးလိုက်သလိုဖြစ်သွားခဲ့ပါတယ်။



လာဟိုးတွင် လုပ်ဖော်ကိုင်ဖက်များ တိုက်ခိုက်ခံရမှုကြောင့် ဒေါသဖြစ်နေသည့် ရှေ့နေများကို တွေ့ရစဉ်

၂၀၁၄ ခုနှစ်မှာ ပါကစ္စတန်တပ်မတော်ဟာ အနောက်မြောက်ပိုင်းဒေသက လူမျိုးစုတွေနေထိုင်ရာ နယ်နိမိတ်အတွင်းမှာခိုလှုံနေကြတဲ့ ပါကစ္စတန်ဆန့်ကျင်တဲ့ တာလီဘန်တွေကို မောင်းထုတ်ဖို့ ဝင်ရောက်လာချိန်မှာတော့ စစ်သွေးကြွတွေရဲ့နည်းဗျူဟာတွေကလည်း ပြောင်းလဲလာပါတော့တယ်။

ဒီလိုစစ်ကြောင်းဝင်ရောက်လာမှုဟာ ပက်ရှ်ဝါ၊ အစ္စလာမ္မာဘတ်နဲ့ လာဟိုးဒေသတွေမှာ ကြိမ်ဖန်များစွာတိုက်ခိုက်မှုလုပ်ဆောင်နေတဲ့ တာလီဘန်တွေကို အင်အားဆုတ်ယုတ်သွားစေခဲ့ပါတယ်။ ဒါပေမယ့် ကွက်တာရဲ့ အနီးဝန်းကျင်မှာရှိနေတဲ့အာဖဂန်တာလီဘန်တို့ခိုလှုံရာ စခန်းတွေကတော့ မူလအတိုင်း အနေအထား မပျက်ရှိနေဆဲဖြစ်ပြီး အာဖဂန်နဲ့ အာဖဂန်မဟုတ်တဲ့ မဟာမိတ်တွေအတွက် ထိရောက်တဲ့ အကာအကွယ်တွေကို ပေးနေဆဲပါ။ ဒါဟာကွက်တာအတွက် ကောင်းတဲ့ အတိတ်နိမိတ်မဟုတ်ကြောင်း တင်ပြလိုက်ပါတယ်။

**ကိုးကား-ဘီဘီစီ (၂၅-၁၀-၂၀၁၆)**

---

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
### အဆင့်မြင့်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသူများအား အဆင့်မြင့်တက္ကသိုလ်များဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) ဝင်ခွင့်လျှောက်ထားသူသည် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အနိမ့်ဆုံးရမှတ် (၄၂၀)မှတ် ရရှိထားသူ ဖြစ်ရမည်။

(ခ) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲ နိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ပအိုဝ်း၊ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ ဖြစ်ရမည်။

(ဃ) အခြေခံပညာအဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ (သို့မဟုတ်)အထက်တန်းကျောင်း/စာစစ်ဌာနမရှိခြင်းနှင့် အထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများတွင် တက်ရောက်၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ ဖြစ်ရမည်။

(င) ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်ထားသူများ ဖြစ်ရမည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၂။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း(မူရင်း)(၁)စောင်

(ခ) အထက်အပိုဒ်(၁)ပါဒေသများရှိကျောင်းများတွင် သုံးနှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနများမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်(မူရင်း)များ၊

(ဂ) အိမ်ထောင်စုဇယားမိတ္တူနှင့် ၎င်းဒေသတွင် သုံးနှစ်ဆက်တိုက် နေထိုင်သူ ဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ထောက်ခံချက်၊

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊

(င) လိုင်စင်ဓာတ်ပုံအရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံ၊

၃။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းပညာရေးမှူးရုံး/ပြည်နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ အဆင့်မြင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ကျောင်းသားရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင်လည်းကောင်း ၁-၁၁-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အတွင်း အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ သတ်မှတ်လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ သတ်မှတ်ချက်များနှင့်ကိုက်ညီသောလျှောက်လွှာများကို အဆင့်မြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၇။ အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန၊ ဆက်သွယ်ရန်တယ်လီ ဖုန်းအမှတ် ၀၆၇-၄၀၄၃၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခြင်းခံရသူစာရင်းအား ၁၉-၁၂-၂၀၁၆ရက်တွင် အဆင့်မြင့်တက္ကသိုလ်များနှင့် ကျောင်းသားရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်၌ ကြေညာပေးသွားမည်ဖြစ်ပါသည်။

**(မှတ်ချက်။** လျှောက်လွှာများအား အစိုးရရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားပေးမည် မဟုတ်ပါ။)

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက် လမ်း(၂၀)၊ ကျေးလက်တံတား(၂၉)စင်းနှင့် မြေထိန်းနံရံ (၂)ခု တို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၈-၁၀-၂၀၁၆ရက်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း ထည့်သွင်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၂၈-၁၀-၂၀၁၆ရက်မှ ၂၇-၁၁-၂၀၁၆ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

၂။ သတ်မှတ်ရက် အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၅၂၀၊ ၀၇၁-၂၆၁၉၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

---

## ပျောက်ဆုံးကြောင်း

Unocal Myanmar Offshore Co.,Ltd၏ Certificate of Registration of Branch Office,No.9FC of 1994-1995 နှင့် Form of Permit, Permit No.007/94တို့မှာ originalပျောက်ဆုံးသွားပါသဖြင့် ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် original လျှောက်ထားမည်ဖြစ်ကြောင်းနှင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၃၁၂၈၂၄**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1578 Toyota Corolla CE 106 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ U Myint Naing ၁၄/ပသန(နိုင်)၁၄၂၉၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာနေ ဦးလွင်ဦး ၁၀/ကမရ(နိုင်)၀၉၁၈၁၀ ၏သမီး မပန်းအိဖြူ ၁၀/ကမရ(နိုင်) ၁၃၄၂၄၁၏ အမည်မှန်မှာ မပန်းအိဖြူနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၃-၅-၂၀၀၀ ဖြစ်ပါကြောင်း။**မပန်းအိဖြူ**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်မြင့်ထွေး စီဒီစီ ၃၄၁၁၇ ၏ 4 TICKET မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၉၄၁၈၂၄**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/3579 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1677 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ခေါင်လန်ဖူးဒေသမှ တစ်ဖက်နိုင်ငံသို့ ခိုးထုတ်မည့် တရားမဝင်သစ်တန်ချိန် ၇၀၀၀ ကျော် ဖမ်းမိ



**ပူတာအို အောက်တိုဘာ ၂၇**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပြီး တရားမဝင်သစ်ခိုးထုတ်ခြင်းတို့ကို ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အောက်တိုဘာ ၂၃ ရက်အထိ တရားမဝင် သစ်တန်စုစုပေါင်း ၂၇၇၉၃ ဒသမ ၈၉၆ တန်ကို ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိသည့် ဖြစ်စဉ်များအနက် တရားမဝင်သစ်ပမာဏ တန်အများအပြား ဖမ်းဆီးရမိဖြစ်စဉ်တစ်ခုအနေဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ သစ်တောများမှ အဖိုးတန်သစ်များကို တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ ပြည်နယ်သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ တပ်မတော်စစ်ကြောင်းများ၊ နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ခေါင်လန်ဖူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်း စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ ရှာဖွေဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ခဲ့ရာ တရားမဝင်(ထင်းရှူး၊ စကားဝါ၊ တောင်ချယ်ရီ) သစ်လုံး ၉၂၀၉ လုံး ၇၀၄၈ ဒသမ ၈၇၄ တန်ကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် တရားမဝင်သစ်များနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ရှာဖွေရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အငှားယာဉ်ငှားစီးပြီး ယာဉ်လုယက်သွားသူများကို ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၇**
ရန်ကုန်မြို့ ဒေါပုံမြို့နယ်နေ အငှားယာဉ်မောင်း ဦးသိန်းအောင်၏ EE/---- အငှားယာဉ်ကို အောက်တိုဘာ ၂၅ ရက် ည ၁၀ နာရီခွဲခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းထိပ် အထက်ပန်းဆိုးတန်း မီးပွိုင့်၌ အမျိုးသား သုံးဦးက လှည်းကူးမြို့နယ်သို့ သွားလိုကြောင်း ပြောဆိုငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း၊ လှည်းကူးတာဆုံသို့ ရောက်ရှိပြီး ဒါးပိန်လမ်းခွဲအတိုင်း ဆက်လက်မောင်းနှင်လာခဲ့စဉ် မုဆိုးမညောင်ပင်ကျေးရွာသို့ သွားသောတံတားအရောက်တွင် ၎င်းတို့အနက် ရှေ့ခန်း၌ လိုက်ပါသူတစ်ဦးက ခေတ္တရပ်ပေးရန် ပြောသဖြင့် ရပ်တန့်ပေးခဲ့ကြောင်း၊ ထိုစဉ် ယာဉ်နောက်မှ တစ်ဦးက ဦးသိန်းအောင်၏ လည်ပင်းကို သိုင်းဖက်ပြီး ကျန်တစ်ဦးက ပလတ်စတစ်ကြိုးဖြင့် ချည်နှောင်ရန်ပြုလုပ်စဉ် ၎င်းက ယာဉ်ပေါ်မှဆင်းပြီး ထွက်ပြေးခဲ့ကြောင်း၊ ၎င်းအမျိုးသားသုံးဦးမှာ ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားကြောင်း၊ ဦးသိန်းအောင်မှာ ယာဉ်လုယူသူတို့၏ ပစ်ခတ်သောတုတ်ကြောင့် ယာခြေသလုံး၌ ဒဏ်ရာရရှိခဲ့၍ လှည်းကူးဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူရပြီး လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရဲစခန်းများနှင့် ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များသို့ ဆက်သွယ်ဆောင်ရွက်၍ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့က စစ်ဆေးရှာဖွေခဲ့ရာ အောက်တိုဘာ ၂၆ ရက် ည ၈ နာရီခန့်တွင် တောင်ကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အမှုမှပါသွားသည့် မော်တော်ယာဉ်နှင့်အတူ ပြစ်မှုကျူးလွန်သူများဖြစ်သည့် ကျောက်ဖြူမြို့နယ်နေ တင်မင်းဦး(၃၇ နှစ်)၊ မင်းပြားမြို့နယ်နေ အောင်နိုင်ဖြိုး(၂၁ နှစ်)နှင့် ဇော်သက်ထွန်း(၂၂ နှစ်)တို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို အမှုဖွင့်အရေးယူနိုင်ရေးနှင့် အခြားလုယက်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ထီးချိုင့်မြို့နယ် နီကယ်စက်ရုံ၌ နိုင်ငံခြားသားတစ်ဦးသေဆုံး

**ထီးချိုင့် အောက်တိုဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီးရှိ နီကယ်စက်ရုံမှ တရုတ်နိုင်ငံသား အင်ဂျင်နီယာတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က နီကယ်စက်ရုံ လုံခြုံရေး ရဲကင်းမှူး ရဲအုပ်ကျော်တင်သည် တရုတ်နိုင်ငံသားတစ်ဦး သေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ နီကယ်စက်ရုံ အိမ်လိုင်းခန်း B32/1 ၌ နေထိုင်သူဖြစ်ကြောင်း၊ ၎င်းသည် Mr.Jouruijun( ၄၅ နှစ်) နီကယ်စက်ရုံ ကုန်ကြမ်းဌာနမှ အင်ဂျင်နီယာဖြစ်ပြီး ရုတ်တရက်မူးလဲသောကြောင့် စက်ရုံဝင်းအတွင်းရှိ ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ သက်သာမှုမရှိသဖြင့် ထီးချိုင့်မြို့နယ် မြတောင်ဆေးရုံသို့ ပို့ဆောင်စဉ် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ချောက်မြို့နယ်၌ မိုးကြိုးထိမှန်၍ သေဆုံးမှုဖြစ်ပွား

**ချောက် အောက်တိုဘာ ၂၇**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ညောင်ဇင်ကျေးရွာ ရာအိမ်မှူး ဦးသိန်းဝင်း နေအိမ်၌ အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက တီဗွီအင်တာနာတိုင် မိုးကြိုးထိမှန်၍ ရွာသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ရာအိမ်မှူး ဦးသိန်းဝင်း နေအိမ်အနီး၌ ဖြိုးဝေအောင်(၂၉ နှစ်)သည် နေရာ၌ပင် သေဆုံးခဲ့ပြီး ဦးသာညွန့် (၇၀ နှစ်)မှာ လန့်၍ လဲကျခဲ့သဖြင့် ချောက်မြို့နယ် ဆူးတောကျေးရွာ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ခေါင်မိုးမလုံ၍ မိုးကာတက်အုပ်ရာမှ လျှပ်စစ်ဓာတ်ကြိုးနှင့် ထိမိပြီး ဓာတ်လိုက်သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၇**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပညင်းကျေးရွာ၌ အောက်တိုဘာ ၂၆ ရက်က လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း ရေစကြိုမြို့မရဲစခန်းမှ သိရသည်။

သေဆုံးသူမှာ ရေစကြိုမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ကိုလူအေး (၄၂ နှစ်)ဖြစ်ပြီး အမွေးတိုင်လုပ်ငန်းရှိ အလုပ်ရုံတဲခေါင်မိုးမလုံ၍ မိုးကာတက်အုပ်ရာမှ လျှပ်စစ်ဓာတ်ကြိုးနှင့် ထိမိပြီး ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။

**ကိုရဲ**


**စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ထောက်ကြန့်အလုပ်ရုံခွဲအား အကျိုးတူပူးပေါင်းရေးနှင့်ပတ်သက်၍ လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စိတ်ဝင်စားသူများအား**

**Expression of Interest (EoI) ဖိတ်ခေါ်ခြင်း**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ထောက်ကြန့်အလုပ်ရုံခွဲ အဆောက်အအုံအပါအဝင် အကျယ်အဝန်း(၁၄ဧက)အား မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်မည့် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ Expression of Interest(EoI) အား စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ လိပ်မူ၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်၊ ညနေ ၃ နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများအား မိမိတို့ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၃၁-၁၀-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ကုမ္ပဏီဆိုင်ရာအထောက်အထား**
- **သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်**
- **ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း**
- **နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ**

**(အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၃၂၂**






**CLAIMS DAY NOTICE**
**M.V VIKING AMBER VOY:NO(9)**

Consignees of cargo carried by M.V VIKING AMBER VOY:NO(9)are here by notified that the vessel will arrive on about 29-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်

SUCCESS Language Academy

ကျောင်းသားသစ် (15% Discount) နှင့်
ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)

(မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း၊
Ph: 392048,256954,202046

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
1 - 2:30 (Mon~Thurs) 31 Oct
7:30 - 9 (Mon~Thurs) 7 Nov
9 - 12:00 (Sat + Sun) 13 Nov

**BASIC FOUR SKILLS ENGLISH**
12 - 3:00 (Sat + Sun) 29 Oct
1 - 2:30 (Mon ~ Thurs) 31 Oct
3:30 - 5 (Mon ~ Thurs) 31 Oct
7:30 - 10:30 (Sat + Sun) 13 Nov
7:30 - 9 (Mon ~ Thurs) 15 Nov
10 - 11:30 (Mon ~ Thurs) 15 Nov

**BASIC WRITING**
1 - 4:00 (Sat + Sun) 19 Nov

**PRE-INTERMEDIATE (4-SKILL ENGLISH)**
7:30 - 9 (Mon ~ Thurs) 24 Oct
1 - 2:30 (Mon ~ Thurs) 7 Nov
10 -11:30 (Mon ~ Thurs) 9 Nov
6 - 7:30 (Mon ~ Thurs) 15 Nov
1 - 4:00 (Sat + Sun) 26 Nov

**INTERMEDIATE (ACADEMIC ENGLISH)**
3:30 - 5 (Mon ~ Thurs) 7 Nov
7:30 - 9 (Mon ~ Thurs) 15 Nov
1 - 2:30 (Mon ~ Thurs) 28 Nov

**VOCAB ENRICHMENT**
10 - 11:30 (Mon ~ Thurs) 15 Nov

**BASIC GRAMMAR**
7:30 - 9 (Mon ~ Thurs) 15 Nov
9 - 12:00 (Sat + Sun) 26 Nov

**BASIC ENGLISH SPEAKING**
10 -11:30 (Mon~Thurs)9,21 Nov
12 - 3:00 (Sat + Sun) 19 Nov
3:30 - 5 (Mon~Thurs) 28 Nov

**BASIC GRAMMAR**
1 - 2:30 (Mon~Thurs) 7 Nov
7:30-10:30 (Sat + Sun) 3 Dec

**IELTS (Writing+Grammar)**
12:30-3:30 (Sat + Sun) 3 Dec

**IELTS (Preparation)**
7:30-9:30 (Mon~Thurs) 15 Nov
1 - 4:30 (Sat + Sun) 19 Nov

**IELTS (Speaking + Vocab)**
7:30 - 9 (Mon~Thurs) 17 Oct

**IELTS (Reading + Vocab)**
10 - 12:00 (Mon~Thurs) 7 Nov

**BASIC FOUR SKILLS ENGLISH**
1 - 2:30 (Mon~Thurs) 31 Oct
7:30-10:30 (Sat + Sun) 6 Nov
10 - 11:30 (Mon~Thurs) 7 Nov
7:30 - 9 (Mon~Thurs) 8 Nov
1 - 2:30 (Mon~Thurs) 16 Nov

**PRE-INTERMEDIATE (4-SKILL ENGLISH)**
10-11:30 (Mon~Thurs) 7 Nov
3:30 -5 (Mon~Thurs) 15 Nov

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon~Thurs) 15 Nov

**IELTS (Grammar + Vocab)**
10-11:30 (Mon~Thurs) 24 Oct

**IELTS (Writing+Grammar)**
7:30 - 9 (Mon~Thurs) 28 Nov



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၆၁၆၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၇/အတန(နိုင်)၀၃၄၁၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၈၆၁၇၇ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ ဦးဖိုးလတ်ဝင်း ၁၄/ပတန(နိုင်)၀၀၁၅၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မအူပင်)၊ (မအူပင်မြို့)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၆၊မြေကွက်အမှတ်၈၂၃၊ မြေကွက်တည်နေရာအမှတ် (၈၂၃)၊ ရတနာသုခလမ်း၊ ၄၆ရပ်ကွက်၊ ဒဂုံမြောက် ဦးမျိုးဝင်း ၁၂/ကတတ(နိုင်)၀၂၅၃၃၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမျိုးဝင်းမှ နှစ် ၆၀ မြေငှားဂရန်ကို အမှုတွဲအမှတ် ဒ၈မ/ဂရသ(ပျောက်) ၂၀၁၆၀၀၃၁၇၀ ၂၂-၂-၂၀၁၆အရ ၂၁-၉-၂၀၁၆ရက်၌ ဂရန်ထုတ်ယူခဲ့ပြီး ယခုအခါ Online အမှုတွဲအမှတ် ဒ၈မ/ပုံ-၂၀၁၆၀၁၈၆၂၅/၂၀၁၆ (၂၆-၉-၂၀၁၆)ဖြင့် ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၀)

# တရားမမှု၏ သဘောသဘာဝ



## ဦးဟန်ညွန့်(ဥပဒေ)

**တရားမမှု**

"ပြစ်မှု"အကြောင်းရှင်းပြပြီးပြီ။ "တရားမမှုဆိုတာဘာလဲ။ ထဲထဲဝင်ဝင် သိချင်တယ်။ လူငယ်ရှေ့နေအချို့အတွက် နိဒါန်းသဘောပြောပါဦး" ဟု မေးလာပြန်ပါသည်။ ဆရာကြီးသဘောမပြောဝံ့ပါ။ လေ့လာဖတ်ရှုမိသမျှ ဥပဒေအတွေ့အကြုံ အချို့ကိုသာ မျှဝေခြင်းသက်သက်ဖြစ်ပါသည်။ ဆက်၍လေ့လာရဦးမည်။ ရှာဖွေရဦးမည်။

**တရားမမှုများကြာသလား**

"**တရားမမှု**" ဟူသော အသံကြားရုံဖြင့် တရားမမှုများကြာသလားဟု မေးတတ်ကြသည်။ မေးလည်းမေးချင်စရာပါပဲ။ မြန်သောတရားမမှု၊ နေ့ချင်းပြီး တရားမမှုဟူ၍တော့ မရှိသလောက်ရှားသည်။ လုပ်ထုံးတွေ၊ လုပ်နည်းတွေ၊ ကျင့်ထုံးတွေနှင့် ပြည့်စုံမှု၊ အဆို၊ အချေ၊ ငြင်းချက်တွေပါဝင်မှ တရားမမှုဖြစ်သည်ဟု ဆိုကြသည်။ တရားမမှု ကျွမ်းကျင်ဖို့ အချိန်ယူလေ့လာဖို့ လိုအပ်သည်။ လက်ဆင့်ကမ်းအမွေပေးမည့်သူပင် ရှားပါးနေပြီလော။ တရားမကျွမ်းကျင်သူတွေ လက်ချိုးရေတွက်၍ရသေးသည်။ လူငယ်များ၊ မျိုးဆက်သစ်ရှေ့နေများ ကွက်လပ်ဖြည့်နိုင်ကြပါစေ။ အိပ်မနေနှင့်။

"တရားမမှု" ဟူသော အသံကြားရုံဖြင့် တရားမမှုများ ကြာသလားဟု မေးတတ်ကြသည်။ မေးလည်းမေးချင်စရာပါပဲ။ မြန်သောတရားမမှု၊ နေ့ချင်းပြီး တရားမမှုဟူ၍တော့ မရှိသလောက်ရှားသည်။ လုပ်ထုံးတွေ၊ လုပ်နည်းတွေ၊ ကျင့်ထုံးတွေနှင့် ပြည့်စုံမှု၊ အဆို၊ အချေ၊ ငြင်းချက်တွေ ပါဝင်မှတရားမမှုဖြစ်သည်ဟု ဆိုကြသည်။ တရားမမှု ကျွမ်းကျင်ဖို့ အချိန်ယူလေ့လာဖို့ လိုအပ်သည် . . .

**တရားမကျင့်ထုံးသမိုင်း**

မြန်မာနိုင်ငံအတွက် တရားမကျင့်ထုံးအကြောင်း လေ့လာသည့်အခါ ဗြိတိသျှအိန္ဒိယနိုင်ငံအတွက် ပြဋ္ဌာန်းခဲ့သော ဥပဒေများကအခြေခံသည်။ အရင်းအမြစ်မှာ အင်္ဂလိပ်ဥပဒေဖြစ်သည်။

၁၈၈၆ ခုနှစ်ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံသည် ဗြိတိသျှအိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်ခဲ့ရသည်။ အိန္ဒိယဥပဒေများမှာ မြန်မာနိုင်ငံအတွက် အာဏာတည်စေသည်။ အိန္ဒိယမှ ခွဲထွက်သည့်အခါတွင် မြန်မာနိုင်ငံကဆီလျော်သော ဥပဒေများကိုဆက်လက် ကျင့်သုံးရသည်။ အိန္ဒိယအက်ဥပဒေများမှာ မြန်မာအတွက် လက်မလွှတ်ရဘဲဆက်ခံသည့်သဘောပြောနိုင်သည်။ သမိုင်းအကျယ် ဆက်လက်လေ့လာသင့်သေးသည်။

**သက်သာခွင့်**

"သက်သာခွင့်" က ဘာလဲ။ တရားလိုက ဘာကိုတောင်းဆိုတာလဲ။ အချက်အလက်ပြည့်စုံရဲ့လား။ စေ့စပ်သေချာသလား။ အလွယ်မလုပ်နှင့်။ ဘက်စုံစဉ်းစား။ ပြောချင်တာ ပြောတတ်ရဲ့လား။ တရားသူကြီးကို နားလည်အောင်ရှင်းပြနိုင်သလား။ တရားသူကြီးကတောင်းဆိုသူ (တရားလို) ဘာတောင်းသည်ကို နားလည်ရဲ့လား။ အကြောင်းမလုံလောက်ရင် အပယ်ခံရဖို့ သေချာပြီ။ ထို့ကြောင့် တရားမမှုစွဲမည့်သူ၏ သက်သာခွင့်က အရေးကြီးသည်။ ပီပြင်ဖို့ အဓိက။ ကြည်လင်ဖို့ ပဓာန။

**အမှုတည်ဆောက်ပုံ**

အမှုတည်ဆောက်ပုံ ခိုင်မာရမည်။ မခိုင်မာလျှင် ပြိုကျမည်။ ကျကျနနရေးသော"**အဆို**"ဖြစ်ပါသလား။ တရားမမှု၏ အုတ်မြစ်သည် **အဆို**ကောင်းတစ်ရပ်ဟု ပြောနိုင်သည်။ ထို့ကြောင့် အုတ်မြစ်ကျစ်လျစ်ပါစေ။

**အခြေခံဥပဒေသ**

တရားမဥပဒေတွင် အခြေခံ ဥပဒေသတစ်ရပ် ရှိပါ၏။ (**တရားစွဲဆိုနိုင်ရန် အကြောင်းပေါ်ပေါက်ပြီးမှ ထိုအကြောင်းအရာအပေါ် အခြေခံသော အမှုကို စွဲနိုင်မည်**)တဲ့ ။

[The Cause of action must be antecedent to the institution of the suit]

ဤသဘောတရားကို ကျိုးကြောင်းဆင်ခြင်နိုင်သူတိုင်း သိရှိနိုင်သော ဥပဒေသဘောတရားဖြစ်ကြောင်း [**ဥက္ကဋ္ဌ၊ ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ နှင့် ခင်ရီမေတ္တာ ကုမ္ပဏီအမှု -၁၉၇၀၊ မတစ၊ စာ- ၁၄၄** ] တွင် ညွှန်ပြသည်။ မှတ်သားစရာဖြစ်ပါသည်။

**တရားစွဲဆိုရန်အကြောင်း**

တရားစွဲဆိုရန်အကြောင်း (cause of action ) ဆိုတာဘာလဲ။ တရားလိုက မိမိအမှု နိုင်ဖို့ ဘယ်လိုသက်သေထင်ရှားပြမလဲ။ လိုအပ်သော သက်သေပြဆိုချက်အကြောင်းခြင်းရာများသည် တရားစွဲဆိုရန် အကြောင်းများ ဖြစ်ပါသည်။ တစ်ဖက်က ငြင်းလာလျှင် ဘာတွေ၊ ဘယ်လို ခုခံနိုင်မလဲ။ သက်သေပြနိုင်မလဲ။

**အမှုပုံစံ**

အမှုပုံစံ မှန်၊ မမှန် ဘယ်လိုစိစစ်မည်လဲ။ အမှုပုံစံ မှန်ကန်ခြင်းရှိ မရှိ၊ အဆိုအချေများအရ ဆုံးဖြတ်ရသည်ဆိုရာတွင် အဆိုလွှာနှင့်ဝန်ခံထားသည့်ချေလွှာတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။

[**ဒေါ်ခင်မြင့် နှင့် ဒေါ်မြင့်မြင့်၊ ၁၉၉၆ ၊ မတစ၊ စာ- ၅**]

**အမှုပုံစံမမှန်**

"တစ်ခါတစ်ရံ တရားလိုက အချက်အလက် ပြည့်ပြည့်စုံစုံ အဆိုမပြုဘဲ တရားပြိုင်က အချက်အလက်အသစ်များ ဖော်ထုတ်ပြီး **အမှုပုံစံ မမှန်ဟု** ချေတတ်ပါတယ်။ ဒီကိစ္စမှာ တရားပြိုင်ထုချေတဲ့ အချက်အသစ်များနှင့်စပ်လျဉ်းပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၉ အရ တရားလိုကို ဖြေကြားစေရာမှာ တရားလိုက ချေလွှာပါအချက်တွေကို ဝန်ခံရင် အမှုပုံစံ မှန်၊ မမှန် ကိစ္စကို ပဏာမ ငြင်းချက်အဖြစ် သတ်မှတ်ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်"

"တရားမမှုများကို စွဲဆိုချေပရာမှာ မူခင်းဆိုင်ရာ ဥပဒေများ၊ သက်သေခံအက်ဥပဒေနှင့် တရားမကျင့်ထုံးတို့ကို မလွဲမသွေ လေ့လာရမည်ဖြစ်ပါတယ်။ ဤသုံးပွင့်ဆိုင်ဥပဒေများကို ပိုင်ပိုင်နိုင်နိုင် သိရှိနိုင်ရန် ဆိုင်ရာစီရင်ထုံးများကို သိရှိဖို့ လိုအပ်ပါတယ်။" [**ဥပဒေပညာရှင် ၊ ဆရာကြီးဦးမြ၊ ဥပဒေအဖြာဖြာ စာအုပ်၊ ပထမတွဲ၊ စာမျက်နှာ-၁၂ကိုရည်ညွှန်း** ]

**မြန်မာသဒ္ဒါနှင့်မညီ**

**တရားမမှု၊ ပြစ်မှုများတွင် တရားရုံး၏အရေးအသားများ (အချို့)မှာ မြန်မာသဒ္ဒါနှင့်မညီပါ။ ဘာကိုဆိုလိုမှန်းမသိ။ မြန်မာစာကို မြန်မာတွေဖတ်၍ နားမလည်နိုင်ပါ။ ထိုအကြောင်းအောက်ပါနမူနာလေ့လာကြည့်ပါ။**

၁။ "**အယူခံတရားခံ**က အမှုကိုမဆုံးဖြတ်မီစပ်ကြားခေတ္တတားဝရမ်းထုတ်ပေးရန် **လျှောက်ထားရာ**"

၂။ "**လျှောက်ထားခံရသူပါ လေးဦး**တို့က အမွေထိန်းစာထုတ်ပေးခြင်းကို **ကန့်ကွက်သည်။**"

၃။ "**ထိုအာဏာကို** တရားမကျင့်ထုံးတွင် အခြားပြဋ္ဌာန်းချက်များမရှိမှသာ **အသုံးချနိုင်မည်ဖြစ်သည်။**"

၄။ "**တိုင်းတရားရုံး** က ဇာရီမှုကို ဆိုင်းငံ့ထားခြင်းမပြုနိုင်ဟု ချမှတ်သော **အမိန့်သည်...**"

အထက်ပါရေးသားချက်များသည် မြန်မာသဒ္ဒါစည်းကမ်းချက်နှင့်မညီခြင်းကြောင့် ရေးသူဆိုလိုသော အဓိပ္ပါယ်နှင့်ကွဲလွဲနိုင်ကြောင်းအထူးရှင်းလင်းရန် လိုမည်မထင်ပါ။ မျဉ်းသားပြထားသော "ကတ္တားပုဒ်" နှင့်ကြိယာပုဒ်တို့ကိုတစ်ဆက်တည်းထားမှသာ ရေးသူ၏ဆိုလိုရင်း အဓိပ္ပါယ်ကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိနားလည်သင့်ပါသည်ဟု **ဥပဒေပညာရှင် ဆရာကြီးဦးကျော်အေး**က ၄င်းပြုစုသော **တရားမကျင့်ထုံးဥပဒေ(ပထမတွဲ) စာ-၈၂**တွင် အသိပေးရေးသားထားသည်။ အကျဉ်းမျှကောက်နုတ်ချက်ပါ။

**ရှိပါသေးသည် မျက်စိနောက်ဖွယ်ရာ**

ထို့အပြင်လည်း ရှိပါသေးသည်။

"မောင်လှ(အဘ) ဦးမြ၊ အသက် ၂၅ နှစ်အား --------ထောင်ဒဏ်---------ချမှတ်လိုက်သည်" ဟူသော အရေးအသားမျိုးမှာ "ဘို" ဆန်သော အရေးအသားဖြစ်ပြီးအသုံးများ၍ အဓိပ္ပာယ်တစ်လွဲ ကောက်ယူမှုမရှိနိုင်သော်လည်း ထောင်ကျသူမှာ ဦးမြလား။ အသက် ၂၅နှစ်လား။ ဦးမြ၏အသက်မှာ ၂၅နှစ်ဖြစ်သလား။" ဟူ၍ ဆင်ခြေတက်ချင်စရာ ဖြစ်နေပါသည်။ "ဦးမြ၏သားအသက် ၂၅ နှစ်ရှိ မောင်လှအား---------" ဟူ၍ ရေးသားပါလျှင် မြန်မာလည်းဆန်၍သဒ္ဒါလည်း မှန်ပေမည်။ **ဦးမြ၏သား**ဟူ၍ ရေးနိုင်ပါလျက် **"(အဘ) ဦးမြ၏ သား"** ဟူ၍ ရေးသားပုံမျိုးမှာလည်း မျက်စိနောက်ဖွယ်ရာ ဖြစ်ပါသည်"ဟု **ဆရာကြီးဦးကျော်အေး**က ကရုဏာဒေါသောထောက်ပြရေးသားခဲ့သည်။ ဤရေးသားချက်ကို တစ်သက်တာ၊ စွဲစွဲမြဲမြဲ မှတ်သားပြီး မြန်မာစာကို မြန်မာတွေ နားလည်အောင် ရေးဖို့ စာရေးသူတို့ကြိုးပမ်းကြစို့။ ဘိုဆန်သော အရေးအသားလား။ "စဉ်းစားကြစို့တရားသူကြီး လူငယ်များသို့" ဟု လေးစားချစ်ခင်စွာ လက်ဆင့်ကမ်းပါရစေ။ သင်ခန်းစာယူပါရစေ။

**မြေပေါ်မြေအောက်ခြောက်ပေရောက်**

"**မြေပေါ်မြေအောက် ခြောက်ပေရောက်**" ဆိုတာ ဘာလဲ။ ဥပဒေပညာရှင် ရှေ့နေ၊ ဆေးဘက်ပညာရှင် ဆရာဝန်တို့အား သတိပေး စကားဖြစ်ပါသည်**...**တဲ့။ ဆက်ဖတ်ကြည့်ပါဦး။

-ဆရာဝန်ပေါ့ဆလျှင် လူနာခမျာ မြေအောက်သို့ ခြောက်ပေရောက်သွားတတ်တယ်။---တဲ့။

-ရှေ့နေပေါ့ဆလျှင် တရားခံသည် မြေပေါ်သို့ ခြောက်ပေတက်သွားတတ်တယ်---တဲ့။

-ဆရာဝန်ပေါ့ဆလို့ လူနာမြေအောက်သို့ခြောက်ပေ ရောက်သွားတယ်ဆိုတာ လူနာသေဆုံးသွားတာပါ။

-ရှေ့နေပေါ့ဆလို့ တရားခံ မြေပေါ်ခြောက်ပေတက်သွားတယ်ဆိုတာက တရားခံကြိုးစင်ပေါ်တက်သွားတာ(သေသွားတာ) ကို ပြောတာပါ**...** တဲ့။

-ရှေ့နေ၏အမှား၊ ရှေ့နေ၏ ပေါ့ဆမှု၊ ရှေ့နေ၏ဥပဒေအသိပညာ အင်အားနည်းပါးမှု၊ စွမ်းရည်နိမ့်ကျမှုများကြောင့် လေးနက်သော တရားမမှုများ ရှုံးသွားကြဖူးသည်။ နစ်နာသူတွေမနည်းလှပေ။ လုပ်ထုံးမှန်လျှင် မြန်သည်။ လုပ်ထုံးလုပ်နည်းမှား၍ အချိန်ဆွဲသလို ဖြစ်ကြပြန်သည်။ တရားမမှုများ ကြာသလားဟု ဆိုရိုးစကားဖြစ်နေပြီ။ ဘာလုပ်ကြမည်လဲ။ မည်သို့ ကုစားကြမည်လဲ။ ပညာရှင်ကြီးများ၏ အကြံဉာဏ်များ တိုးပွား လက်ဆင့်ကမ်းနိုင်ကြပါစေသတည်း။ အားနည်းမှုများမှတစ်ဆင့် အားသာမှုများရနိုင်ကြပါစေသတည်း။

**တင်ပြချက်**

တရားမမှု၏ သဘောသဘာဝ ပြောပြသွန်သင်ပေးခဲ့သော ဆရာအိုကြီးများအား ရိုသေစွာ ကန်တော့လျက်တွေးမိသော ကျွန်တော်၏ ဥပဒေအတွေးမျှသာပါ----။

# စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကြိုတင်ကုစားစနစ် လာမည့်နိုဝင်ဘာလမှ စတင်အသုံးပြုမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

(ခရိုင်အဆင့်မေးခွန်း)စာမေးပွဲစနစ်ဖြင့် ဖြေဆိုရသည့် စတုတ္ထတန်းနှင့် (တိုင်းအဆင့်မေးခွန်း)စာမေးပွဲစနစ်ဖြင့် ဖြေဆိုရသည့် အဋ္ဌမတန်း အားလုံးကို ယခုပညာသင်နှစ်လာမည့်နိုဝင်ဘာလကစတင်၍ ကြိုတင်ကုစား စနစ်စတင် အသုံးပြုမည်ဖြစ်ကြောင်း နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပြောသည်။



အခြေခံပညာကျောင်းများတွင် အောက်တိုဘာလအတွင်း ကျင်းပသည့် ပထမနှစ်ဝက်ဆုံး စာမေးပွဲရမှတ် အခြေအနေကိုကြည့်၍ အားနည်းသည့်၊ ကျရှုံးခဲ့သည့် ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလအတွင်း အချိန်ပိုခေါ်ယူ၍ အားနည်းသော ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါစနစ်၏ ရလဒ်အပေါ် မူတည်၍ စတုတ္ထတန်းနှင့်အဋ္ဌမတန်း အတန်းတင်စာမေးပွဲတွင် ကုစားစာမေးပွဲကို ဆက်လက်ရှိ၊ မရှိ စီစဉ်သွားမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောသည်။

"ကြိုတင်ကုစား စနစ်စတင် အသုံးပြုမယ်လို့ကြားရပါတယ်။ အောင်ချက်ကို အဓိကမထားဘဲနဲ့ ကလေးတွေ တကယ်တတ်မြောက်ဖို့က ပိုလိုအပ်မယ်လို့ထင်ပါတယ်"ဟု ကျောင်းသား မိဘတစ်ဦးက ပြောသည်။ (**မြို့နယ် ပြန် / ဆက်**)

# စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ဟသ်ာတ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (ပထမအကြိမ်)လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစန်းဋ္ဌေးက အမှာစကားပြောကြားသည်။ ခရိုင်စားသုံး သူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး၊ ခရိုင်စားသုံးသူရေးရာဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှအဖွဲ့ဝင်များနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးမှူးများက အစားအစာ၊ ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်းနှင့်ပတ်သက်သည့် သိရှိလိုသည့်အချက်များကို မေးမြန်းရာ ခရိုင်စားသုံးသူရေးရာဦးစီးမှူးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မြန် / ဆက်)**

# ပြောင်းလဲရာသီ လိုက်လျောညီ၊ ချိန်ညှိစိုက်ပျိုး ရိက္ခာတိုး

**Kဇင်သစ်(မန်းတက္ကသိုလ်)**

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့်(၇၁)ကြိမ်မြောက်ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ၂၀၁၆-၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(Sustainable Development Goals-SDGs) ၁၇ ရပ်ကို ကမ္ဘာ့ နိုင်ငံများက လိုက်နာဖော်ဆောင်ကြရန် ၁၉၃ နိုင်ငံ၏ ခေါင်းဆောင်အသီးသီးမှ ထောက်ခံအတည်ပြုခဲ့ကြပါသည်။ (SDGs)(၁)တွင် 'နေရာတိုင်း၌ ဆင်းရဲမှုအမျိုးမျိုးကို အဆုံးသတ်ရန်'၊ (SDGs)(၂)တွင် 'ငတ်မွတ်မှုကိုအဆုံးသတ်ရန်၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပိုမိုပြည့်ဝမှုရှိရန်နှင့် စဉ်ဆက်မပြတ် တိုးတက်မှုရှိသည့် စိုက်ပျိုးရေးကို မြှင့်တင်ရန်'နှင့် (SDGs) (၁၃)တွင် 'ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးဆက်များကို တိုက်ဖျက်ရေးအတွက်အရေးပေါ်ဆောင်ရွက်ရန်'ဟု ပါရှိနေပါသည်။ ဆင်းရဲမှုနှင့် ငတ်မွတ်မှုသည် ဆက်နွယ်မှုရှိပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်သည်လည်း ယနေ့ခေတ်တွင် တာဝန်ယူဖြေရှင်းရမည့်အခန်းကဏ္ဍအဖြစ် တွေ့မြင်နေရပါသည်။

**စားနပ်ရိက္ခာအခက်အခဲ**

ရာသီဥတုဆိုးရွားလို့ စိုက်ပျိုးရေးလုပ်ငန်းများ ထိရောက်စွာမဆောင်ရွက်နိုင်လျှင် လူသားတို့၏ စားနပ်ရိက္ခာအခက်အခဲ ကြုံတွေ့ရမည်ဖြစ်ပါသည်။ သဘာဝဘေးကတစ်မျိုး၊ ရာသီဥတုဖောက်ပြန်မှုကတစ်ဖုံ၊ ဆင်းရဲမှုကတစ်ဒုက္ခ အမျိုးမျိုးသောအခြေအနေတွေကြောင့် အစာရေစာရှားပါးလာပြီး ငတ်မွတ်မှုကို ဦးတည်နေသည့်အနေအထားမှ ရုန်းထွက်နိုင်အောင် ကြိုးစားကြဖို့ လိုအပ်လှပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် စိန်ခေါ်မှုများ ကြုံတွေ့နေရသည့်အချိန်တွင် စိုက်ပျိုးရေးကို အဓိကအားထားနေသည့် နိုင်ငံများအနေဖြင့် သဘာဝနှင့် ကိုက်ညီသည့်၊ တစ်နည်း ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများကို စိုက်ပျိုးပြီး သန်း ၇၀၀၀ ကျော်သော ကမ္ဘာ့လူသားတို့၏ စားရေးကို ဖြေရှင်းပေးနိုင်အောင် ကြိုးပမ်းကြံဆ လုပ်ကိုင်ကြရမည်ဖြစ်ပေသည်။

**အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ စက်မှုလယ်ယာစနစ်များ ဖော်ဆောင်ပြီး သီးနှံများအထွက်တိုးအောင် ထုတ်လုပ်နိုင်ချိန်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးနိုင်သည့် လယ်ဧက ၁၅ သန်းခန့်တွင် စနစ်တကျစက်မှုလယ်ယာမြေ ဖော်ထုတ်ထားမှုမှာ ၁၉၉၆-၁၉၉၇ မှ ၂၀၁၆-၂၀၁၇ (ဇူလိုင်လ)အထိ ၇၇၂၇၅ ဧကသာ ဖော်ထုတ်ထားပြီးဖြစ်ပါသည်။ စိုက်ဧက ၁၅ သန်းခန့်တွင် ဧကတစ်သိန်းပင် စက်မှုလယ်ယာ စနစ်တကျမြေယာ ဖော်ထုတ်နိုင်ခြင်းမရှိသည့်အတွက် FAO ဆောင်ပုဒ်နှင့် ကိုက်ညီအောင်ဆောင်ရွက်ဖို့၊ စားနပ်ရိက္ခာဖူလုံဖို့ များစွာကြိုးစားကြရပေဦးမည်ဖြစ်ပါသည်။ ကျွဲ၊ နွားများဖြင့် မိရိုးဖလာ ထွန်ယက်နေခြင်းအစား မိမိတို့၏လယ်ယာမြေများကို ခေတ်မီ စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ပြီး နောက်ဆုံးပေါ် လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲ၍ သီးနှံများအထွက်တိုးအောင် ပြောင်းလဲလုပ်ဆောင်ကြဖို့ အချိန်တန်နေပြီဖြစ်ပါသည်**

**FAO ထံမှ နည်းပညာ**

၁၉၄၅ အောက်တိုဘာ ၁၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization of the United Nations-FAO)သို့ မြန်မာနိုင်ငံသည် ၁၉၄၇ စက်တင်ဘာ ၁၁ ရက်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ FAO အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အဖွဲ့မှချမှတ်ထားသည့် စည်းမျဉ်း၊ စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ပြီး လိုအပ်ချက်များအတွက် FAO ထံမှ နည်းပညာအပါအဝင် အကူအညီများ တောင်းခံရယူ ဆောင်ရွက်လျက်ရှိပါသည်။ FAO စတင်ဖွဲ့စည်းခဲ့သည့်နေ့ကို အမှတ်တရရှိနေစေရေးအတွက် နှစ်စဉ်အောက်တိုဘာ ၁၆ ရက်ကို 'ကမ္ဘာ့စားနပ်ရိက္ခာနေ့'အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းတွင် FAO Day ကို ကျင်းပပြုလုပ်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် နေပြည်တော် ကောင်စီနယ်မြေ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကြီး၌ ခမ်းနားစွာ ကျင်းပခဲ့ပြီးဖြစ်သည်။

FAO Day အတွက် နှစ်စဉ် ဆောင်ပုဒ်များ ချမှတ်ပေးပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကူညီပါဝင်ဆောင်ရွက်ကြရန် မီးမောင်းထိုးပေးလျက်ရှိပါသည်။ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လယ်ယာကဏ္ဍကို ပြောင်းလဲဆောင်ရွက်ပြီး စားနပ်ရိက္ခာဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းထားပါသည်။

လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် လယ်ယာမြေများကို ရာသီဥတုဒဏ်ခံနိုင်ရည်ရှိအောင် ပြုပြင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စိုက်ပျိုးသည့်သီးနှံများကလည်း ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးကောင်းမျိုးသန့်များဖြစ်ဖို့ အရေးကြီးလှပါသည်။ ပူပြင်းခြောက်သွေ့လွန်းသည့်ဒေသ၊ စိုစွတ်အေးမြသည့်နယ်မြေ၊ မိုးကြီးရေကြီးတတ်သည့် စိုက်ကွင်းများတွင် ရာသီဥတုပြောင်းလဲခြင်းနှင့်အညီ ဒေသနှင့်ကိုက်ညီသည့်သီးနှံများကို စိုက်ပျိုးကြမှသာလျှင် လယ်ယာထုတ်ကုန်သီးနှံပေါ်ကြွယ်ဝပြီး လူသားတို့ရဲ့စားနပ်ရိက္ခာကို ဖူလုံစေမှာဖြစ်ပါသည်။

**အဆင့်မြင့်ဖော်ထုတ်ဆောင်ရွက်ဖို့လို**

ဤသို့ဆိုလျှင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် FAO Day ဆောင်ပုဒ်နှင့်အညီ ကိုက်ညီဆောင်ရွက်ဖို့ စောကြောကြည့်ချင်မိပါသည်။ ၅၁ ဒသမ ၄၃ သန်းကျော်သော ပြည်သူများ စားနပ်ရိက္ခာဖူလုံပြီး အခြားသော ကမ္ဘာ့နိုင်ငံများအတွက် စားနပ်ရိက္ခာ အထောက်အကူပြုနိုင်ရန် လက်ရှိစိုက်ပျိုးလျက်ရှိသည့် လယ်ယာမြေများကို စနစ်တကျ အဆင့်မြှင့်ဖော်ထုတ်ဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် မိရိုးဖလာလယ်မြေများကို စက်မှုလယ်ယာအဆင့်မြင့်မြေကွက်များ ဖော်ထုတ်ပြီး မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အစိုးရသစ်၏ လယ်ယာကဏ္ဍမူဝါဒတွင်လည်း လက်မှုလယ်ယာစနစ်မှ ခေတ်မီ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ဖော်ဆောင်ပေးမည်ဟု ပါရှိနေပါသည်။ အမှန်လည်း ခေတ်မီ စက်မှုလယ်ယာ စနစ်တကျ မြေယာပြုပြင်ဖော်ထုတ်ခြင်းကို ဆောင်ရွက်မှသာလျှင် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိသည့် မြေယာများအဖြစ် ပေါ်ပေါက်လာပြီး စိုက်ပျိုးသီးနှံများ အထွက်တိုးလာကာ စားရေရိက္ခာ များများထွက်ရှိလာမည်ဖြစ်ပါသည်။

**တစ်နှစ်ထက်တစ်နှစ် လျော့နည်း**

၂၀၁၀-၂၀၁၁ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၆ ဒသမ ၇၈၅ သန်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဧက ၁၆ ဒသမ ၁၃၄ သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဧက ၁၅ ဒသမ ၅၅ သန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဧက ၁၅ ဒသမ ၃၆၅ သန်း စိုက်ပျိုးခဲ့ပြီး ယခုနှစ် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၄ ဒသမ ၀၈၂ သန်းသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရပါသည်။ စိုက်ပျိုး၍ရသည့် လယ်မြေများကို အခြားနည်းလမ်း အသုံးပြုခွင့်ပေးခြင်းအပါအဝင် သဘာဝဘေးကြောင့်ဖြစ်ပေါ်တတ်သည့် ရေကြီးမှု၊ မြေပြိုမှု၊ မိုးခေါင်မှုများကြောင့် မိုးစပါးစိုက်ပျိုးဧကများ တစ်နှစ်ထက် တစ်နှစ် လျော့နည်းလာခြင်းကြောင့် စပါးအထွက်ပမာဏများ လျော့ကျလာမည်ဖြစ်ပါသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများသည် ဆန်ကိုအဓိကထားစားသုံးပြီး ယင်းတို့၏ဘဝကို ရှင်သန်ရပ်တည်နေကြသူများ ဖြစ်ကြပါသည်။

**နည်းလမ်းကောင်း**

ဆန်စပါးစိုက်ပျိုးမှုနှင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးတို့ကို တိုးချဲ့စိုက်ပျိုးနိုင်မှ သီးနှံများအထွက်တိုးပြီး စားရေရိက္ခာအပိုင်းကို စိတ်ချရမည့်အနေအထား ဖြစ်ပါသည်။ စိုက်ဧကလျော့နည်းလာခြင်းကို ကုစားပေးဖို့ တစ်ခုတည်းသောနည်းလမ်းကောင်းမှာလည်း လက်ရှိအသုံးပြုနေသည့် လက်မှုလယ်ယာမြေများကို ခေတ်မီ စနစ်တကျ စက်မှုလယ်ယာမြေများဖော်ထုတ်ပြီး တစ်နှစ်လျှင် နှစ်သီး သုံးသီး စိုက်ပျိုးနိုင်အောင် ကြိုးပမ်းရတော့မည်ဖြစ်ပါသည်။ ပြောင်းလဲလာသောရာသီဥတုကို အလေးထားပြီး သီးနှံမျိုးထုတ်လုပ်မှုနှင့် အဆင့်မြင့်နည်းပညာများ သုံးပြီး ကျရောက်နေသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ထုတ်လုပ်ဖြန့်ဖြူးသည့် မျိုးစေ့ထုတ်လုပ်သည့်အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ စသည်ဖြင့် ဖွဲ့စည်းထူထောင်ပြီး တစိုက်မတ်မတ် ဆောင်ရွက်ကြဖို့ လိုအပ်မည်ထင်ပါသည်။

**ကွင်းဆင်းနည်းပြလမ်းညွှန်ပေးဖို့ လိုအပ်**

မြေယာများလည်း ပြုပြင်ပြီး မျိုးကောင်းလည်း စိုက်နိုင်ပြီဆို ပြန်သော်လည်း စိုက်ပျိုးမှုနည်းစနစ်မှန်ကန်ဖို့ နည်းပညာပေးခြင်းကို ကျေးလက်ဒေသများသို့ အရောက်သွားပြီး ကွင်းဆင်း နည်းပြလမ်းညွှန်ပေးဖို့ လိုအပ်မည်ဖြစ်ပါသည်။ မြေဆီလွှာ အရည်အသွေးစစ်ဆေးပြီး စိုက်ပျိုးဖြစ်ထွန်းမှု၊ စိုက်သည့်သီးနှံနှင့် အံဝင်ခွင်ကျဖြစ်မှု၊ ရာသီဥတုဒဏ်ခံနိုင်မှု၊ အမြဲရေကြီးနစ်မြုပ်တတ်သည့် လယ်ယာမြေ၊ ပင်လယ်ဆားငန်ရေဝင်ရောက်နိုင်သည့်လယ်မြေ စသည်ဖြင့် အသေးစိတ်စိစစ်ပြီး ဒေသနှင့်ကိုက်ညီသည့် မြေဆီလွှာကောင်းမွန်ရေးကိုလည်း မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဖော်ဆောင်သည့်အချိန်တွင် 'ကျွဲကူးရေပါ'ဆိုသကဲ့သို့ လုပ်ဆောင်မှသာလျှင် ကောင်းမွန်သောမြေဆီလွှာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးပြီး လယ်ယာထွက်သီးနှံများ ပို၍ပို၍ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**ဘေးကင်းလုံခြုံသော သောက်သုံးရေ**

သုတေသနစစ်တမ်းများအရ ကမ္ဘာတစ်ဝန်းလူဦးရေ ၇၉၅ သန်းခန့်မှာ အာဟာရ ပြည့်စုံလုံလောက်မှုမရှိပါ။ (အာရှ-ပစိဖိတ်တွင် သန်း ၄၉၀ ခန့် နေထိုင်ကြပါသည်။) ၂၀၅၀ ခုနှစ်တွင် ကမ္ဘာကြီးအနေဖြင့် အစားအစာ ၇၀ ရာခိုင်နှုန်းခန့် ပိုမို လိုအပ်လာမည်။ ကျေးလက်ဒေသများတွင် ချို့တဲ့နွမ်းပါးမှု အများဆုံးဖြစ်ပေါ်နေသည်။ အာရှနှင့် ပစိဖိတ်ဒေသများတွင် ဘေးကင်းလုံခြုံသော သောက်သုံးရေမရရှိသည့် ပြည်သူ ၂၇၇ သန်းခန့် (၂၀၁၅ ခုနှစ်က) ရှိနေပါသည်။ ကျေးလက်နေပြည်သူ ၁၀ ဦးလျှင်တစ်ဦးမှာ သန့်ရှင်းသောသောက်သုံးရေ မရရှိပါ။ အာရှဒေသရှိ ရေအရင်းအမြစ်များ၏ ၇၀ ရာခိုင်နှုန်းခန့်ကို သီးနှံများရေပေးဝေရန် အသုံးပြုနေသော်လည်း အဆိုပါအသုံးပြုမှု အများစုမှာ ထိရောက်ကောင်းမွန်ခြင်းမရှိကြောင်း တွေ့ရှိနေရပါသဖြင့် ကမ္ဘာ့လူသားတို့၏ အစားအစာနှင့် ရေတို့မှာ စိန်ခေါ်မှုများအဖြစ် ကြုံတွေ့နေသည်ကို သတိထားကြရတော့မည်ဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ အဓိကရည်မှန်းချက်မှာလည်း လူသားအားလုံး ငတ်မွတ်မှုကင်းပြီး အာဟာရပြည့်ဝသည့်အစားအစာများ လုံလောက်စွာ စားသုံးနိုင်ရေးပင် ဖြစ်ပါသည်။ လူသည် အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးနိုင်မှသာလျှင် ဉာဏ်ရည်ဖွံ့ဖြိုးသက်တမ်းစေ့ နေထိုင်နိုင်မည်ဖြစ်ပါသည်။ သက်ရှိသတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်သော အစားအစာနှင့် အာဟာရ (Food & Nutrition)အုပ်စု ခြောက်စုရှိပါသည်။ ၎င်းတို့မှာ-

(၁) ကာဘိုဟိုက်ဒြိတ် - ဆန်၊ ဂျုံ၊ ပြောင်း၊ထန်းလျက်၊ သကြား၊ အာလူး

(၂) အဆီ - ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ မုန်ညှင်းဆီ၊ ထောပတ်၊ ဒိန်ခဲ

(၃) သတ္တုဓာတ် - ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ

(၄) ဗီတာမင်ဓာတ် - သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်

(၅) ရေ- သောက်ရေ၊ ဖျော်ရည်၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်

(၆) အသားဓာတ် - အသား၊ ငါး၊ ဥ၊ နို့နှင့်ပဲအမျိုးမျိုး တို့ဖြစ်သည်။

အဆိုပါ အုပ်စုခြောက်မျိုးတွင် စိုက်ပျိုးရေးကိုအခြေခံသည့် သီးနှံများသာ အဓိကတည်ရှိနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ စိုက်ပျိုးရေးကောင်းမွန်ပြီး လယ်ယာ၊ ဥယျာဉ်ခြံထွက်သီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို လူသားတို့ စားသုံးနိုင်ခြင်းဖြင့် ကောင်းမွန်သောကမ္ဘာကြီးအဖြစ် ရေရှည်ရှင်သန် ရပ်တည်လာနိုင်မည်ဖြစ်ပါသည်။

**တရုတ်နှင့် ထိုင်းနိုင်ငံ**

လက်တွေ့ကျတဲ့ သရုပ်သကန်ဖြင့် FAO ၏ဆောင်ပုဒ်ပါအတိုင်း စားနပ်ရိက္ခာဖူလုံဖို့ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် ဘာတွေလုပ်ဆောင်နေသလဲ မေးခွန်းထုတ်မိသော် လက်မှုလယ်ယာစနစ်မှ အဆင့်မြင့် စက်မှုလယ်ယာ စနစ်ကျ မြေယာ ဖော်ထုတ်ဖို့ကြိုးပမ်းနေသည်ကို တွေ့မြင်နေရပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ စက်မှုလယ်ယာစနစ်များ ဖော်ဆောင်ပြီး သီးနှံများအထွက်တိုးအောင် ထုတ်လုပ်နိုင်ချိန်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးနိုင်သည့် လယ်ဧက ၁၅ သန်းခန့်တွင် စနစ်တကျစက်မှုလယ်ယာမြေ ဖော်ထုတ်ထားမှုမှာ ၁၉၉၆-၁၉၉၇ မှ ၂၀၁၆-၂၀၁၇ (ဇူလိုင်လ) အထိ ၇၇၂၇၅ ဧကသာ ဖော်ထုတ်ထားပြီးဖြစ်ပါသည်။ စိုက်ဧက ၁၅ သန်းခန့်တွင် ဧကတစ်သိန်းပင် စက်မှုလယ်ယာ စနစ်တကျမြေယာ ဖော်ထုတ်နိုင်ခြင်းမရှိသည့်အတွက်FAO ဆောင်ပုဒ်နှင့် ကိုက်ညီအောင်ဆောင်ရွက်ဖို့၊ စားနပ်ရိက္ခာဖူလုံဖို့ များစွာ ကြိုးစားကြရပေဦးမည်ဖြစ်ပါသည်။ 'ရွှေထုံးကိုမပယ်နဲ့ ဈေးသုံးကိုမလွယ်နဲ့' ဆိုသည့် စကားပုံအတိုင်း ကျေးလက်နေတောင်သူဦးကြီးများက ကျွဲ၊ နွားများဖြင့် မိရိုးဖလာ ထွန်ယက်နေခြင်းအစား ယနေ့ IT ခေတ်ကြီးတွင် ရှေးရိုးစွဲအစဉ်အလာကို ကောင်းမွန်သောနည်းလမ်းဖြင့် ကျော်လွှားပြီး မိမိတို့၏ လယ်ယာမြေများကို ခေတ်မီ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပြီး နောက်ဆုံးပေါ် လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲ၍ သီးနှံများအထွက်တိုးအောင် ပြောင်းလဲလုပ်ဆောင်ကြဖို့ အချိန်တန်နေပြီဖြစ်ပါသည်။ စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေ ဖော်ဆောင်ခြင်းသည်လည်း လွယ်သည့်ကိစ္စတော့မဟုတ်ဟု ထင်မိပါသည်။ တောင်သူတွေအတွက် အကျိုးရှိအောင် အစိုးရကဦးဆောင်ပြီး လုပ်ဆောင်ပေးဖို့ မျှော်မှန်းထားသော်လည်း တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့် လယ်ယာမြေပိုင်ဆိုင်သူ တောင်သူတစ်ဦးချင်းစီကလည်း လက်ခံသဘောတူမှ ဖြစ်ပေါ်လာနိုင်ပါသည်။

**လွယ်ကူသည့်ကိစ္စမဟုတ်**

အစိုးရကလည်း ဆည်ရေ၊ ကန်ရေရအောင် ကြိုးစားပေးဖို့ စီမံကိန်းချမှတ် ဆောင်ရွက်ထားသော်လည်း စနစ်တကျ လယ်ယာမြေဖော်ထုတ်ဖို့ ကုန်ကျစရိတ်ကို အစိုးရတစ်ခုတည်းဖြင့် စိုက်ထုတ်ကုန်ကျပေးနိုင်ဖို့ဆိုတာလည်း ထင်သလောက် လွယ်ကူသည့်ကိစ္စ မဟုတ်လှပေ။ တောင်သူဦးကြီးများအနေဖြင့်လည်း စက်မှုလယ်ယာစနစ် ဖော်ဆောင်ပြီးချိန်တွင် စက်ကိရိယာများသုံးစွဲရ၍ အချိန်ကုန် လူပင်ပန်း သက်သာခြင်း၊ သီးနှံအထွက်တိုးခြင်း၊ သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ လယ်ယာမြေများ၏တန်ဖိုး မြင့်မားလာနိုင်ခြင်းဆိုသည့် ကောင်းကျိုးများကို သိရှိနေသော်လည်း တစ်ဦးတည်းတစ်ယောက်တည်းဖြင့် ဖော်ထုတ်ဖို့ဆိုသည်မှာ ခဲယဉ်းလှပါသည်။ အချို့သော တောင်သူဦးကြီး တစ်ဦးစ နှစ်ဦးစကြောင့်လည်း တစ်ဆက်တစ်စပ်တည်း အဆင့်မြင့်စက်မှုလယ်ယာမြေ ဖော်ထုတ်ဖို့ အောက်ခြေမှာ အခက်အခဲတွေနှင့် ရင်ဆိုင်နေရတတ်ပြန်သည်။

**စားရေရိက္ခာလည်း ပေါကြွယ်ဝလာမည်**

ရှိရင်းစွဲ ပကတိအခြေအနေတွေကို ကျော်လွှားပြီး စနစ်တကျ စက်မှုလယ်ယာမြေ ဖော်ထုတ်ကာ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်မှသာလျှင် လယ်ယာ ထုတ်ကုန်သီးနှံများ အထွက်တိုးကာ တောင်သူဦးကြီးများလည်း ဝင်ငွေတိုးလာမည်ဖြစ်ပါသည်။ စားရေရိက္ခာလည်း ပေါကြွယ်ဝလာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုပိုလျှံ၍ ပြည်ပတင်ပို့နိုင်သည့် အခွင့်အလမ်းကောင်းများ တိုးတက်လာကာ Export Earning လည်း ပို၍ရလာမည်ဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးများ စိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးပေးဖို့ လိုပါလိမ့်မည်။ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးစရိတ်ချေးငွေ ခံစားနေကြသည့် သမဝါယမအသင်းသားများဖြစ်နေခြင်းကြောင့် မြေယာဖော်ထုတ်ခြင်းအတွက် ကုန်ကျစရိတ်ကို သမဝါယမဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေးကို သမဝါယမဦးစီးဌာနက ဦးဆောင်ကာ ဆက်စပ်ဌာနများနှင့်ညှိနှိုင်းပြီး အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ပံ့ပိုးပေးလျှင် ပိုမိုကောင်းမွန်သင့်တော်မည်ဟု ထင်မိပါသည်။ စက်မှုလယ်ယာ စနစ်ကျမြေယာ ဖော်ထုတ်မည်ဆိုပါက လယ်တစ်ဧကလျှင် ကျပ် ၁၂ သိန်းခန့် ကုန်ကျနိုင်မည်ဖြစ်သဖြင့် အစိုးရပိုင်းမှ တတ်နိုင်သမျှ ကူညီပေးပြီး တောင်သူမှ စိုက်ထုတ်ရမည့်စရိတ်ကို သမဝါယမအသင်းအဆင့်ဆင့်မှ ကာလရှည် ငါးနှစ်ဆပ်စနစ်ဖြင့် တောင်သူတစ်ဦးချင်းစီပိုင်ဆိုင်သည့် လယ်ဧကတိုင်းအတွက် ထုတ်ချေးပေးနိုင်မည်ဆိုပါက FAO ၏ဆောင်ပုဒ်ကို ကိုက်ညီအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၉)**

အချုပ်ဆိုရသော် ကုလသမဂ္ဂ၏ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် SDGs ပါ အချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရမည့်တာဝန်ရှိနေသကဲ့သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၉)ပါ 'နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းနိုင်ရန် နည်းပညာ၊အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းရမည်'ဟု ပြဋ္ဌာန်းထားခြင်းအပေါ် မဖြစ်မနေလုပ်ပေးရမည်ကို အစိုးရကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားရမည်လည်း ဖြစ်ပါသည်။

အောက်တိုဘာ ၁၆ ရက်က ကျရောက်ခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ပြောင်းလဲရာသီ လိုက်လျောညီ၊ ချိန်ညှိစိုက်ပျိုး ရိက္ခာတိုး ဆောင်ပုဒ်ကို ထိရောက်စွာဖော်ဆောင်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်လမ်းညွှန်ပံ့ပိုးပေးပြီး အထက်ပါ တင်ပြချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းကြောင့် နိုင်ငံသားအားလုံး အစားအစာ၊ အာဟာရ ပြည့်ဝကာ ငြိမ်းချမ်းသာယာသောဘဝများကို ပိုင်ဆိုင်နိုင်လိမ့်မည်ဟု ယုံကြည်နေမိပါတော့သည်။ ။



ပဲခူးမြို့ဥသျှောင်မြို့သစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုဝါကပ်ကြသော သံဃာတော်အပါး ၁၅၀ အတွက် သာသနာဝင်စိစစ်ရေးကတ်ပြားများကို သာမဏေကျော်ကျောင်းတိုက် တိုက်အုပ်နာယကဆရာတော်ထံသို့ ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက အောက်တိုဘာ ၂၄ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ ပဲခူးသန့်စင်

# မြန်မာနှင့် ကိုရီးယား လယ်ယာကဏ္ဍဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် တစ်ရပ်ကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့်တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းစိုက်ပျိုးရေးကုမ္ပဏီ ငါးခုအနက် တစ်ခုဖြစ်သည့် SK Networks တို့အကြား စာချုပ်ချုပ်ဆိုခဲ့ကြခြင်း ဖြစ်သည်။ “ဒီကနေ့ လက်မှတ်ရေးထိုးပွဲဟာ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် လယ်ယာလုပ်သား ရှားပါးလာတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စက်မှုလက်ယာသို့ ကူးပြောင်းရေးအတွက် တောင်ကိုရီးယားနိုင်ငံကနေ လယ်ယာစိုက်ပျိုးရေးစက်မှုနဲ့ နည်းပညာတွေ အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။ ဒီလို မဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းကလည်း မြန်မာ့လယ်ယာကဏ္ဍအတွက် အခွင့်အလမ်းကောင်းတွေ တိုးတက်ဖြစ်ထွန်းလာမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးချစ်နိုင်က ပြောသည်။

ကိုရီးယားပြည်သူ့ သမ္မတနိုင်ငံသည်ကမ္ဘာ့ထိပ်တန်းလယ်ယာစိုက်ပျိုးရေးနည်းပညာ ထွန်းကားသည့်နိုင်ငံဖြစ်ပြီးအထူးသဖြင့် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှုအပိုင်းနှင့် အစားအသောက်နည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအပိုင်းတို့တွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ကြောင်း သိရသည်။

အဆိုပါစာချုပ်အရ မြန်မာနိုင်ငံ၌ လယ်ယာသီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပတင်ပို့မှုသီးနှံအရည်အသွေးမြှင့်တင်မှု၊ လယ်ယာလုပ်ငန်းခွင်သုံး ကောက်စိုက်စက်၊ ထွန်စက်၊ သီးနှံအခြောက်ခံစက်၊ အဆင့်မြင့်သိုလှောင်ရုံများတည်ဆောက်ခြင်းစသော လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဖက် သဘောတူစာချုပ်အရ ပထမဆုံးခြေလှမ်းအဖြစ် အမေရိကန်ဒေါ်လာ သုံးသန်းတန်ဖိုးရှိ သီးနှံအခြောက်ခံစက် အလုံး ၁၀၀ ကို တောင်သူလယ်သမားများထံ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း၊ ဆန်စပါး၊ ပြောင်း အပါအဝင် သီးနှံအရည်အသွေး ပိုမိုကောင်းမွန်လာစေရန် သီးနှံအခြောက်ခံစက်များအသုံးပြုနိုင်မည်ဖြစ်၍ အရည်အသွေးမီ သီးနှံထုတ်ကုန်များ ပြည်ပတင်ပို့ရာတွင် များစွာအထောက်အကူပြု လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အရည်အသွေးမီ ဆန်တင်ပို့ရေးအတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လယ်ယာကဏ္ဍမှ အထောက်အကူပြုလာမည်ဟု ယုံကြည်ကြောင်း၊ လိုအပ်သည့် နည်းပညာအကူအညီများအတွက် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း SK Networks မှ ဒုတိယဥက္ကဋ္ဌ မစ္စတာချူဝမ်လီက ပြောကြားသည်။ **မြင့်မောင်စိုး**



# ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**မိုးနဲ အောက်တိုဘာ ၂၇**

မိုးနဲမြို့နယ်အတွင်း ဒေသခံပြည်သူများအတွက် အမှန်တကယ်လိုအပ်ပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ တာဝန်ရှိသူများက အောက်တိုဘာ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လွှတ်တော်ရန်ပုံငွေဖြင့် မိုးနဲမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်း ၂၇ ခုအနက် ဘဲရုပ်ရေထွက်ကန် ကန်ပေါင်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါ့မိုင်းရပ်ကွက် သစ်ခွလမ်းမှ ကင်တုံကျေးရွာအထိ မြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ အရှေ့မြို့ပတ်လမ်း အရှည် ပေ ၄၅၀၊ အကျယ် ၁၂ ပေတွင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဥယျာဉ်ရပ်ကွက် ခိုင်ရွှေဝါလမ်းတွင် အရှည် ၁၁၀ ပေ၊ အကျယ် ၁၂ ပေ နှင့် ချယ်ရီလမ်းတွင် အရှည် ပေ ၄၅၀၊ အကျယ် ၁၂ ပေ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ နောင်လုံနတ်ရေကန် ရေထွက်ကန်ပေါင်တွင် ချိန်းလိပ်ကာရံခြင်းလုပ်ငန်း၊ ဥယျာဉ်ရပ်ကွက် ရေထွက်ကန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလုထွင်နှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကာ လုပ်ငန်းခွင်တွင် အန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် လုပ်ငန်းအလိုက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**

# မူဆယ်မြို့၌ (၅၂)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မူဆယ် အောက်တိုဘာ ၂၇**

(၅၂)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ဒေသ ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ ရွှေလီရတနာရိပ်သာ၌ အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် စစ်ဗျူဟာမှူး စစ်ဗျူဟာအဖွဲ့(အခြေချ)(ကွတ်ခိုင်)မှ ဗိုလ်မှူးကြီးကျော်ထက်ဦး ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးတပ်မှ အထက်တန်းအရာရှိကြီးနှင့် ကိုယ်စားလှယ်များအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် ယခုလို နှစ်နိုင်ငံတပ်မတော်ဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်ခြင်းအားဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ပြဿနာများ မဖြစ်ပွားစေရေး၊ နှစ်နိုင်ငံတပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှု အစဉ်တည်တံ့ခိုင်မြဲရေး၊ ရှေ့ဆက်ပြီး နှစ်ဖက် တပ်မတော်ကိုယ်စားလှယ်အဖွဲ့များ အပါအဝင် နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ရိုင်းပင်းကူညီစာနာထောက်ထားမှု အပြန်အလှန်နားလည်ယုံကြည်မှုများ ပိုမိုကောင်းမွန်လာစေရေး စသည်တို့အပါအဝင် နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များသည် မူဆယ်မြို့လွယ်တိန်ခန်းတောင်ပေါ်ဘုရားနှင့် နာဂရာမြောင် ရွှေနီဂူဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး ဆက်လက်၍ မူဆယ်မြို့မဈေးကြီးနှင့် မူဆယ်မြို့ နယူးစတားစီမံကိန်းများသို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



# ပထမဆုရခဲ့သော ခရိုင်အေရိုးဗစ်အသင်းအား ဂုဏ်ပြု

**ကလေး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် ကလေးခရိုင် အေရိုးဗစ်အသင်းအား ဂုဏ်ပြုပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ပြုလုပ်သည်။

ဂုဏ်ပြုပွဲတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ယခုပထမဆုဆွတ်ခူးရရှိခဲ့သလို နောင်တွင်လည်း ယခုရရှိသည့်ဂုဏ်ကို ဆက်လက်ထိန်းသိမ်းကြရန်၊ ဆက်လက်၍လည်း ယခုထက် ပိုမိုအားထုတ်ကြိုးစားကြရန် ဂုဏ်ပြုအားပေးစကားပြောကြားပြီး ကလေးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဖွန်ကျဲအိုက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးနှင့် အသင်းခေါင်းဆောင်များက ကလေးခရိုင်အေရိုးဗစ်အသင်း ရရှိခဲ့သော တံခွန်စိုက်ဖလားကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့ လွှဲပြောင်းအပ်နှံကြပြီး ပထမဆုများရခဲ့သော အကြီးတန်းအေရိုးဗစ်အသင်းနှင့် အငယ်တန်းအေရိုးဗစ်အသင်းများအား ဂုဏ်ပြုလက်ဆောင်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

**ချင်းတွင်းသား**

# ကမ္ဘာ့လက်ဆေးခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား မလှိုင်မြို့၌ကျင်းပ

**မလှိုင် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း LEGACY စီမံကိန်းမှ ကြီးမှူးပြုလုပ်သော ကမ္ဘာ့လက်ဆေးခြင်းနေ့ (Global Hand Washing Day) အထိမ်းအမှတ်အခမ်းအနားကို မလှိုင်မြို့ ရွှေကျင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း LEGACY Project မှ စီမံကိန်းမန်နေဂျာ ဒေါ်ဝင်းမာတို့က အမှာစကားပြောကြားပြီး စီမံကိန်းအရာရှိ ဒေါ်မြမြသွေးက လက်ဆေးခြင်းနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ဆရာမလေးများက လက်ဆေးခြင်းအဆင့်ဆင့်ကို သရုပ်ပြခဲ့သည်။ ဆက်လက်၍ လက်ဆေးခြင်းနှင့် ပတ်သက်သော ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက အစုအဖွဲ့ငါးဖွဲ့ခွဲ၍ လက်ဆေးခြင်း အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြပြီး ဉာဏ်စမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းသည် မလှိုင်မြို့နယ်တွင် LEGACY စီမံကိန်းကို LIFT မှ လှူဒါန်းသော ရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး SCI , IPA , PGMF စသည့် အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# လူငယ်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

**မြစ်ကြီးနား အောက်တိုဘာ ၂၇**

မြစ်ကြီးနားမြို့ ကုလသမဂ္ဂ၏ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဆယ်ကျော်သက်နှင့်လူငယ်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်ပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)ကျန်းမာရေးပညာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုနိုင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမော်အောင်နှင့် နည်းပြအဖွဲ့ဝင်နှစ်ဦးတို့ဖြင့် မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများရှိ ကျန်းမာရေးဝန်ထမ်း ၄၀ တို့အား မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ၊ မလိုလားအပ်သော ကိုယ်ဝန်ဆောင်ခြင်း၊ သားလျှောသားဖျက်ခြင်း၊ အရေးပေါ်သားဆက်ခြားခြင်း၊ HIV/AIDS အကြောင်း၊ စိတ်ကျန်းမာရေး၊ ဆေးလိပ်၊ ကွမ်းယာ အရက်ဆိုးကျိုးများအကြောင်း၊ ကျား၊ မခွဲခြားဆက်ဆံရေးနှင့် လူငယ်အချင်းချင်းကျန်းမာရေးအသိပညာပေးခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ**

လက်ရှိဘောလုံးလောကရဲ့အဓိကလိဂ်ကြီး လေးခုမှာ ကစားနေကြတဲ့ ကစားသမားတွေထဲကမှ လက်ရှိအချိန်မှာ ခြေစွမ်းတွေပြပြီး အသင်းအတွက် အကျိုးပြုနေတဲ့ လူငယ်ပါရမီရှင် ကစားသမားကို ပြပါဆိုရင်တော့ ဘိုင်ယန်မြူးနစ်အသင်းရဲ့လူငယ်ကွင်းလယ် ကစားသမား ဂျိုရှုအာကင်မစ်ချ်ကိုပြရမှာ ဖြစ်ပါတယ်။ သူဟာပြီးခဲ့တဲ့ရာသီက စတင်ပြီး ဘိုင်ယန်မြူးနစ်အသင်းကို လိုက်ပဇစ်အသင်းကနေ ပြောင်းရွှေ့လာခဲ့တဲ့သူဖြစ်ပေမယ့် ဒီရာသီကတော့ အတောက်ပဆုံးနဲ့အသင်းကို အကျိုးပြုနိုင်ဆုံးကစားသမားလို့ဆိုရမှာပါ။



# ဘိုင်ယန်မြူးနစ်ရဲ့ အနာဂတ်ကြယ်ပွင့် သို့မဟုတ် ဂျိုရှုအာကင်မစ်ချ်

ပြီးခဲ့တဲ့ဘွန်ဒက်စ်လီဂါပွဲစဉ်(၇)မှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ၁၀ ယောက်တည်းနဲ့ကစားနေခဲ့တဲ့ဖရန့်ဖွတ်အသင်းကိုအနိုင်ကစားနိုင်ခြင်းမရှိဘဲ ၂-၂ နဲ့ သရေကျခဲ့ပါတယ်။ အဲ့ဒီပွဲဟာ နည်းပြအန်ဆယ်လော့တီအတွက်တော့ ကျေနပ်စရာမကောင်းတဲ့ပွဲတစ်ခုဖြစ်ခဲ့တာပါ။ ဒါပေမယ့်အဲ့ဒီပွဲမှာ လူငယ်ကစားသမားဂျိုရှုအာကင်မစ်ချ်ရဲ့ ခြေစွမ်းကတော့ နည်းပြအန်ဆယ်လော့တီအတွက် ကျေနပ်နှစ်သက်စရာဖြစ်စေခဲ့တာ အမှန်လို့ ဆိုရမှာပါ။ ကင်မစ်ချ်ဟာအဲ့ဒီပွဲမှာ အသင်းအတွက် တစ်ဂိုး သွင်းယူပေးပြီး အကောင်းဆုံးကစားပြနိုင်ခဲ့ပါတယ်။ ကင်မစ်ချ်ဟာ ပြီးခဲ့တဲ့ရာသီကတည်းက ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားခွင့် ရရှိထားခဲ့တာမှန်ပေမယ့် ဒီနှစ်ရာသီမှာသာ ခြေစွမ်းပြကစားနိုင်ပြီး အသင်းအတွက်ဂိုးတွေ သွင်းယူပေးနေခဲ့သူလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ကင်မစ်ချ်လို အရည်အချင်းရှိတဲ့ လူငယ်ကစားသမားကို ဘိုင်ယန်မြူးနစ်အသင်းကို ရောက်ရှိလာဖို့အတွက် အဓိက ခေါ်ယူခဲ့သူကိုပြောပါဆိုရင်တော့ ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း ဂွာဒီယိုလာလို့ပြောရမှာပါ။ ဂွာဒီယိုလာဟာ ကင်မစ်ချ်ရဲ့ အရည်အချင်းတွေကို လိုက်ပဇစ်အသင်းနဲ့အတူ တွေ့မြင်ခဲ့တာကြောင့် အသင်းကို အရခေါ်ယူလိုက်တာလည်း ဖြစ်ပါတယ်။ ကင်မစ်ချ်နဲ့ပတ်သက်ပြီး ဂွာဒီယိုလာက "ကျွန်တော်ဟာ ကင်းမစ်ချ်ကိုနှစ်သက်ပါတယ်။ သူဟာ အရာတိုင်းကို အကောင်းဆုံး လုပ်နိုင်တဲ့သူပါ။ သူလိုချင်တဲ့ အရာတိုင်းကို အကောင်းဆုံး ရရှိအောင်လုပ်နိုင်စွမ်းရှိတယ် ဆိုတာကိုလည်း ကျွန်တော်သိပါတယ်" ဟုလည်း ပြောဆိုခဲ့ပါသေးတယ်။

ဂျာမနီလူငယ်ကစားသမား ကင်မစ်ချ်ဟာ ပြီးခဲ့တဲ့ရာသီကတည်းက ဂွာဒီယိုလာရဲ့လက်အောက်မှာ ပုံမှန် ကစားခွင့်တွေ ရရှိခဲ့ပြီး ခြေစွမ်းတွေပြသနိုင်ခဲ့ပေမယ့် ဂိုးတွေတော့သွင်းယူနိုင်ခြင်းမရှိပါဘူး။ ဒါပေမယ့် ဒီနှစ်ရာမှာတော့ သူဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ကွင်းလယ်မှာ အကောင်းဆုံး တိုးတက်မှုတွေနဲ့အတူ အသင်းအတွက် ဂိုးတွေလည်းသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာလက်ရှိအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ကွင်းလယ်မှာ ကစားနေပေမယ့် ဂျာမနီလက်ရွေးစင်အသင်းအတွက်တော့ ညာနောက်ခံနေရာမှာ ကစားနေရသူဖြစ်ပါတယ်။ ကင်မစ်ချ်ဟာ နေရာစုံကစားနိုင်တဲ့ စွယ်စုံရကစားသမားတစ်ဦးဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းနဲ့ဂျာမနီအသင်းတို့အတွက်တော့ အရေးပါတဲ့ကစားသမားတစ်ဦးအဖြစ်ရှိနေပြီ ဖြစ်ပါတယ်။

ကင်မစ်ချ်ဟာ နေရာစုံမှာကစားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့်လည်း လက်ရှိအချိန်မှာတော့ ဂျာမနီလက်ရွေးစင်အသင်းမှာတော့ နောက်တန်းနေရာမှာ ကစားနေရတဲ့သူ ဖြစ်ပါတယ်။ ဂျာမနီလက်ရွေးစင်အသင်းကလည်း အသင်းရဲ့အားထားခဲ့ရတဲ့ အသင်းခေါင်းဆောင်ဖီးလ်လမ်တစ်တယောက် အနားယူသွားကတည်းက သူ့ရဲ့နေရာကို အကောင်းဆုံးအစားထိုးနိုင်ခဲ့ခြင်းမရှိခဲ့ပေမယ့် အခုတော့ ကင်မစ်ချ်ဟာ သူ့ရဲ့ ကွက်လပ်ကို အကောင်းဆုံးဖြည့်တင်းနိုင်တဲ့ ကစားသမားအဖြစ်ရှိနေပြီ ဖြစ်ပါတယ်။ ဒါပေမယ့်ကင်မစ်ရှ်ရဲ့ အကောင်းဆုံးနေရာကတော့ ကွင်းလယ်ဖြစ်တာကြောင့် တိုနီခရူးစ်နဲ့အတူတွဲဖက်ကစားခွင့် ရရှိဖို့အတွက် တောင်းဆိုမှုတွေ ပြုလုပ်သင့်တယ်လို့တောင် ဘောလုံးပညာရှင်အချို့က ဆိုကြပါ တယ်။

ကစားသမားတွေရဲ့အချက်အလက်တွေကို ထုတ်ဖော်ပြောဆိုပြလေ့ရှိတဲ့ WhoScored ရဲ့ ဖော်ပြချက်တွေမှာတော့ ကင်မစ်ချ်ဟာ ဗဟိုခံစစ်၊ ညာတောင်ပံခံစစ်၊ ဘယ်တောင်ပံခံစစ်၊ ဗဟိုကွင်းလယ်၊ ဗဟိုတိုက်စစ်တို့မှာ ကစားနေခဲ့တဲ့ ကစားသမား တစ်ဦးဖြစ်ပေမယ့် သူ့ရဲ့အကောင်းဆုံး နေရာတွေကတော့ ဗဟိုကွင်းလယ်နဲ့ ကွင်းလယ်ခံစစ်ပိုင်းတွေလို့ ဆိုထားပါတယ်။ လက်ရှိရာသီမှာ ကင်မစ်ချ်အနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းမှာ ခြေစွမ်းပြကစားနေနိုင်တာကလည်း ကွင်းလယ်မှာ ကစားခဲ့တာတွေကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကင်မစ်ချ်အနေနဲ့ ဂျာမနီအသင်းမှာခြေ စွမ်းတွေပြပြီး ဂိုးတွေသွင်းယူနိုင်ဖို့ ဆိုရင်တော့ ကွင်းလယ်မှာ ကစားခွင့်ရရှိ နိုင်ဖို့ကတော့ လိုအပ်တယ်လို့ဆိုပါတယ်။

ကင်းမစ်ချ်ဟာ ဒီနှစ်ရာသီမှာ ဘိုင် ယန်မြူးနစ်အသင်းနဲ့အတူ ခုနစ်ပွဲပါဝင် ကစားခွင့်ရရှိထားခဲ့ပြီး ပွဲထွက်ကစားခွင့်ကတော့ လေးပွဲ ရရှိထားခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပထမဦးဆုံးဂိုးကိုတော့ ရှော်လ်ကာအသင်းကို ၂-၀ နဲ့ နိုင်ခဲ့တဲ့ပွဲမှာ စတင်သွင်းယူခဲ့တာဖြစ်ပြီး ယခုနှစ် ရာသီမှာတော့ ဘွန်ဒက်လီဂါ ရှစ်ပွဲမှာ လေးဂိုးအထိသွင်းယူထားနိုင်သူလည်းဖြစ်ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်တဲ့ ရော့စတော့ဗ် အသင်းနဲ့ပွဲမှာတော့ အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အိုင်ဟိုဗင့်အသင်းကို ၄-၁ နဲ့ နိုင်ခဲ့တဲ့ပွဲမှာလည်း အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် ဒီရာသီမှာတော့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ပြိုင်ပွဲစုံမှာ ကင်မစ်ချ်ရဲ့ သွင်းဂိုးဟာ ခုနစ်ဂိုးရှိသွားခဲ့ပြီ ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ခြေစွမ်းပိုင်းတွေဟာ အရင်နှစ်တွေလောက်တည်ငြိမ်မှုသိပ်မရှိသေးပေမယ့်လူငယ်ကစားသမားဂျိုရှုအာကင်မစ်ချ်ကတော့ တောက်ပမှုနဲ့အတူ ဥရောပရဲ့အသင်း တော်တော်များများကသတိထားရတဲ့ကစားသမားတစ်ဦးအဖြစ် ရှိလို့နေပြီဖြစ်ပါ တယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းရဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ ကင်မစ်ချ်အနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘယ်လောက်တောင် အကျိုးပြုပြီး ဂိုးတွေသွင်းယူပေးမလဲ ဆိုတာကတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

အောင်က

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄)

**အင်္ဂါနေ့ (၁-၁၁-၁၆)**

| | |
|---|---|
| နံနက် ၀၀း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘက်ရှီးတပ် - နာပိုလီ |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | လူဒိုဂိုရက်စ် - အာဆင်နယ် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘေဆယ် - ပီအက်စ်ဂျီ |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘင်ဖီကာ - ဒီနမိုကိဗ် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ဂလာဘတ်ချ် - ဆဲလ်တစ် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | မန်စီးတီး - ဘာစီလိုနာ |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | အက်သလက် - ရော့စ်တော့ဗ် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | အိုင့်ဟိုဗင် - ဘိုင်ယန် |

**ဗုဒ္ဓဟူးနေ့ (၂-၁၁-၁၆)**

| | |
|---|---|
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | မိုနာကို - စီအက်စ်ကေအေ |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | စပါး - လေဗာကူဆင် |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ဒေါ့မွန် - စပိုတင်း |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | လီဂါဝါဆော - ရီးရဲ |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ကိုပင်ဟေဂင် - လက်စတာ |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ပေါ်တို - ဘရုဂျက် |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ဆီဗီလာ - ဒီနမိုဇာဂရက် |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ဂျူဗင်တပ် - လိုင်ယွန် |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

**သောကြာနေ့ (၂၈-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | ဂလာဘတ်ချ် - ဖရန့်ဖွတ် |

**စနေနေ့ (၂၉-၁၀-၁၆)**

| | |
|---|---|
| ည ၈း၀၀ | မိန့်ဇ် - အင်ဂိုစတက် |
| ည ၈း၀၀ | ဝုဖ်ဘတ် - လေဗာကူဆင် |
| ည ၈း၀၀ | အော့ဘတ် - ဘိုင်ယန် |
| ည ၈း၀၀ | ဝါဒါဘရီမင် - ဖရိုင်းဘတ် |
| ည ၈း၀၀ | ဒရမ်စတတ် - လိုက်ပဇစ် |
| ည ၁၁း၀၀ | ဒေါ့မွန် - ရှော်လ်ကာ |

**တနင်္ဂနွေနေ့ (၃၀-၁၀-၁၆)**

| | |
|---|---|
| ည ၉း၀၀ | ဟော့ဖန်ဟိုင်း - ဟာသာဘာလင် |
| ည ၁၁း၀၀ | ကိုလုံး - ဟမ်းဘတ် |

## ပရီမီယာလိဂ်ပွဲစဉ်(၁၀)

**စနေနေ့ (၂၉-၁၀-၁၆)**

| | |
|---|---|
| ည ၆း၀၀ | ဆန်းဒါးလန်း - အာဆင်နယ် |
| ည ၈း၃၀ | မန်ယူ - ဘန်လေ |
| ည ၈း၃၀ | မစ်ဒယ်ဘရော့ - ဘုန်းမောက် |
| ည ၈း၃၀ | စပါး - လက်စတာ |
| ည ၈း၃၀ | ဝက်ဖို့ဒ် - ဟားလ်စီးတီး |
| ည ၈း၃၀ | ဝက်စ်ဘရွန်း - မန်စီးတီး |
| ည ၁၁း၀၀ | ပဲလေ့စ် - လီဗာပူး |

**တနင်္ဂနွေနေ့ (၃၀-၁၀-၁၆)**

| | |
|---|---|
| ည ၈း၀၀ | အဲဗာတန် - ဝက်စ်ဟမ်း |
| ည ၁၀း၃၀ | ဆောက်သမ်တန် - ချယ်လ်ဆီး |

**တနင်္လာနေ့ (၃၁-၁၀-၁၆)**

| | |
|---|---|
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | စတုတ် - ဆွမ်ဆီး |

## စပိန်လီဂါပွဲစဉ်(၁၀)

**သောကြာနေ့ (၂၈-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅ (စနေနံနက်) | လီဂါနက်စ် - ဆိုစီဒက်စ် |

**စနေနေ့ (၂၉-၁၀-၁၆)**


| | |
|---|---|
| ညနေ ၅း၃၀ | ဂီဂျွန် - ဆီဗီလာ |
| ည ၈း၄၅ | အလာဗက်စ် - ရီးရဲ |
| ည ၁၁း၀၀ | အက်သလက် - မာလာဂါ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဘာစီလိုနာ - ဂရန်နာဒါ |

**တနင်္ဂနွေနေ့ (၃၀-၁၀-၁၆)**

| | |
|---|---|
| ညနေ ၅း၃၀ | အီဘား - ဗီလာရီးရဲ |
| ည ၉း၄၅ | ဘီဘာအို - အိုဆာဆူနာ |
| နံနက် ၀၀း၀၀ (တနင်္လာနံနက်) | ဘက်တစ် - အက်စ်ပန်ညော |
| နံနက် ၂း၁၅ (တနင်္လာနံနက်) | လက်ပဲလ်မက်စ် - ဆယ်တာဗီဂို |

**တနင်္လာနေ့ (၃၁-၁၀-၁၆)**

| | |
|---|---|
| နံနက် ၂း၁၅ (အင်္ဂါနံနက်) | ဒီပို့တီဗို - ဗလန်စီယာ |



**PREMIER LEAGUE WINNERS' POINTS PER SEASON**

| SEASON | TEAM | POINTS |
|---|---|---|
| 1996-97 | Man United | 75 |
| 1997-98 | Arsenal | 78 |
| 1998-99 | Man United | 79 |
| 1999-00 | Man United | 91 |
| 2000-01 | Man United | 80 |
| 2001-02 | Arsenal | 87 |
| 2002-03 | Man United | 83 |
| 2003-04 | Arsenal | 90 |
| 2004-05 | Chelsea | 95 |
| 2005-06 | Chelsea | 91 |
| 2006-07 | Man United | 89 |
| 2007-08 | Man United | 87 |
| 2008-09 | Man United | 90 |
| 2009-10 | Chelsea | 86 |
| 2010-11 | Man United | 80 |
| 2011-12 | Man City | 89 |
| 2012-13 | Man United | 89 |
| 2013-14 | Man City | 86 |
| 2014-15 | Chelsea | 87 |
| 2015-16 | Leicester | 81 |

# ပရီမီယာလိဂ်ချန်ပီယံဖြစ်ရန် ရမှတ် ၈၂ မှတ်နှင့် ၈၆ မှတ်ကြား လိုအပ်မည်ဟု အာစင်ဝင်းဂါး မှတ်ချက်ပြု

ထက်အောင်

အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးက ယခုနှစ်ပရီမီယားလိဂ်ပြိုင်ပွဲ၌ ရမှတ် ၈၂ မှတ်နှင့် ၈၆ မှတ်ကြား ရရှိပါက ချန်ပီယံဖြစ်ရန်အတွက် လုံလောက်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ် ပြိုင်ပွဲတွင် လက်စတာအသင်းသည် ရမှတ် ၈၁ မှတ်ဖြင့် အမှတ်ပေးချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ချန်ပီယံဖြစ်ခဲ့သည့် လက်စတာအသင်း၏ ရမှတ်သည် ပြီးခဲ့သည့်ပရီမီယာလိဂ်ရာသီ ၅ ရာသီအတွင်း ချန်ပီယံဖြစ်ခဲ့သည့် အသင်းများရရှိသည့် ရမှတ်များအနက် အနည်းဆုံးဖြစ်သည်။

"လက်ရှိ ပရီမီယာလိဂ်ပြိုင်ပွဲက လွန်ခဲ့တဲ့ ၅ နှစ် ၆ နှစ်လောက်ကထက် ချန်ပီယံဖြစ်ရေး ယှဉ်ပြိုင်မှုမှာ ပိုမိုပြင်းထန်တဲ့ အနေအထားဖြစ်ပါတယ်။ ဒီလိုပြိုင်ဆိုင်မှု ပြင်းထန်တဲ့ပြိုင်ပွဲမှာ အာဆင်နယ်အသင်းဟာ ချန်ပီယံဖြစ်ရေး မျှော်လင့်ချက်အတွက် စိန်ခေါ်နိုင်တဲ့အသင်း တစ်သင်းအဖြစ် ရှိနေတယ်လို့ ကျွန်တော် ယုံကြည်တယ်။ အခု ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပွဲစဉ် (၉) ကစားပြီးတဲ့အခါ အမှတ်ပေးဇယားထိပ်ဆုံးက အသင်းဟာ ရမှတ် ၂၀ ရရှိထားတယ်။ ဒါဟာ ရမှတ် ၈၂ မှတ်နဲ့ ၈၆ မှတ်ကြားက အခုနှစ် ပရီမီယာလိဂ်ချန်ပီယံ အသင်းကို ဆုံးဖြတ်ပေးနိုင်မယ်ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။ လာမယ့်လက အာဆင်နယ်အတွက် အရေးပါတဲ့လလို့ ဆိုရမှာပါ။ ဘာကြောင့်လဲ ဆိုတော့ အောက်တိုဘာလကုန်နဲ့ နိုဝင်ဘာလအတွင်းမှာ အာဆင်နယ်အသင်းအနေနဲ့ ပွဲကျပ်တွေ ကစားဖို့ရှိနေတာကြောင့် ဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ အရင်ကထက် ရင့်ကျက်မှု ပိုမိုရရှိနေပြီး ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေအတွက် စိတ်ဓာတ်ရေးရာအရလည်း အကောင်းဆုံး အနေအထားမှာ ရှိနေတယ်လို့ ကျွန်တော်ထင်တယ်"ဟု မန်နေဂျာ အာစင်ဝင်းဂါးက ပြောဆိုခဲ့သည်။

အာဆင်နယ်အသင်းသည် နိုဝင်ဘာ ၆ ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲ၌ လန်ဒန်မြို့ခံပြိုင်ဘက် စပါးအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် မန်ယူအသင်းနှင့် အဝေးကွင်းပွဲ ကစားရန်ရှိနေသည်။



# ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသူ ရော်နယ်ဒိုအား အသင်းဖော်ဟောင်း ရာအူးလ် ကာကွယ်ပြောဆို

ယခုနှစ် ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပုံစံ ပျောက်ဆုံးနေခြင်းကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသူ ခရစ္စတီယာနိုရော်နယ်ဒိုအား ရီးရဲအသင်းတိုက်စစ်မှူးဟောင်း ရာအူးလ်က ကာကွယ်ပြောဆိုလိုက်ပြီး ရော်နယ်ဒိုသည် ယခုနှစ် ဥရောပတစ်နှစ်တာ အကောင်းဆုံးကစားသမားဆု (Ballond'Or) ကို ရယူနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

၁၉၅၆ ခုနှစ်တွင် စတင်ပေးအပ်ခဲ့သည် ဥရောပတစ်နှစ်တာ အကောင်းဆုံးဆုအား ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှင့် တွဲဖက်၍ FIFA Ballond'Or ဆုအဖြစ် ပေးအပ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှစတင်ကာ ဥရောပအကောင်းဆုံး ကစားသမားဆုကို သီးသန့်ပြန်လည်ပေးအပ်သွားမည် ဖြစ်သည်။ ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ၂၀၀၈ ခုနှစ်အတွက် ဥရောပတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ဖူးသူဖြစ်ပြီး FIFA Ballond'Or ဆုအဖြစ် ပေးအပ်ချိန်တွင်လည်း အဆိုပါဆုအား ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များအတွက် ရရှိခဲ့သူ ဖြစ်သည်။

၂၀၀၉ ခုနှစ် နွေရာသီဈေးကွက် ကာလအတွင်းတွင် မန်ယူမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူ ရော်နယ်ဒိုသည် ယခုနှစ်ရာသီမတိုင်မီက ရီးရဲအသင်းအသင်းအတွက် တစ်ပွဲလျှင် ပျမ်းမျှတစ်ဂိုးနှုန်း သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။ သို့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ ရော်နယ်ဒိုသည် ရီးရဲအတွက် စုစုပေါင်း ကိုးပွဲ ပါဝင်ကစားပြီးချိန်၌ လေးဂိုးသာ သွင်းယူပေးထားနိုင်သေးသူဖြစ်သည်။

၂၀၀၉-၁၀ ပြည့်နှစ် ဘောလုံးရာသီတွင် ရီးရဲအသင်း၌ ရော်နယ်ဒိုနှင့်အတူ တွဲဖက်ကစားခဲ့ဖူးသူ စပိန်တိုက်စစ်မှူးဟောင်း ရာအူးလ်(၃၉ နှစ်)က "၂၀၁၅ ခုနှစ်အတွက် ဥရောပတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရော်နယ်ဒို ရရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီဆုအတွက် ရော်နယ်ဒို၊ လီယွန်နယ်မက်ဆီနဲ့ ဂရေစ့်မန်းတို့ အားပြိုင်ရလိမ့်မယ်လို့လည်း ယူဆတယ်။ ဒီကစားသမားသုံးဦးဟာ နောက်ဆုံး ဆန်ခါတင်သုံးဦးစာရင်းမှာ ပါဝင်သင့်သူတွေပါ။ ရော်နယ်ဒိုက ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ရီးရဲအသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့သလို ယူရို ၂၀၁၆ ပြိုင်ပွဲမှာလည်း ပေါ်တူဂီအသင်းနဲ့အတူ ချန်ပီယံဖြစ်ခဲ့တယ်။ ဒီအချက်တွေက ဥရောပတစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ရရှိဖို့ ယှဉ်ပြိုင်ချိန်မှာ အရေးပါတဲ့အချက်တွေ ဖြစ်လာမှာဖြစ်ပြီး ဒီလိုအောင်မြင်မှုတွေကြောင့် ရော်နယ်ဒိုအနေနဲ့ ၂၀၁၆ ခုနှစ် ဥရောပတစ်နှစ်တာ အကောင်းဆုံးဆုကို ရရှိလိမ့်မယ်လို့ ကျွန်တော်ယူဆတာ ဖြစ်ပါတယ်။ ရော်နယ်ဒိုဟာ အောင်မြင်မှုကို ဆာလောင်သူတစ်ဦးပါ။ သူ့ကို အသင်းဖော်တွေက နှစ်သက်သလို လေးစားမှုလည်း ရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ ရော်နယ်ဒိုနဲ့ တွဲဖက်ကစားခဲ့ဖူးတာကြောင့် ဒီလိုသိရှိနေခြင်းဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**



## ယခုနှစ်ရာသီတွင် ချယ်လ်ဆီး ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးအပေါ် အန်ဆယ်လော့တီ သံသယရှိနေ

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်း အနေဖြင့် အမှတ်ပေးချန်ပီယံဖြစ်ရေးအပေါ် သံသယရှိမိကြောင်း ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ကားလော့စ်အန်ဆယ်လော့တီက ထုတ်ဖော်ပြောဆိုလိုက်သည်။

အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီ(၅၇နှစ်)သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ချယ်လ်ဆီးအသင်း မန်နေဂျာအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ချယ်လ်ဆီးအသင်းအား ပရီမီယာ လိဂ်ဆုဖလား၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို တစ်ကြိမ်စီရရှိရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ လက်ရှိအချိန်တွင် ချယ်လ်ဆီးအသင်း မန်နေဂျာအဖြစ် အန်ဆယ်လော့တီ၏ တစ်နိုင်ငံတည်းသား အန်တိုနီယိုကွန်တီက တာဝန်ယူလျက်ရှိသည်။

နည်းပြ အန်ဆယ်လော့တီက "အခုနှစ် ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းရဲ့ ရည်မှန်းချက်က ဘာဖြစ်မလဲဆိုတဲ့အပေါ် မူတည်ပါတယ်။ တကယ်လို့ ချယ်လ်ဆီးအသင်းအနေနဲ့ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ ရည်မှန်းထားမယ်ဆိုရင် အဲဒီရည်မှန်းချက်ဖြစ်ပေါ်လာဖို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းအနေနဲ့ ဒီရာသီမှာ စုဖွဲ့မှုအုပ်စု အသစ်၊ ဘောလုံးအိုင်ဒီယာအသစ်၊ နည်းဗျူဟာအသစ်တွေနဲ့ အသင်းကို ပြင်ဆင်တည်ဆောက်ဖို့ ရည်ရွယ်ထားတယ်ဆိုရင်တော့ ကွန်တီအနေနဲ့ ချယ်လ်ဆီးအသင်းကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနိုင်ဖို့ အခွင့်အရေးတွေရှိနေတယ်။ မန်နေဂျာတိုင်းအတွက် အချိန်ဆိုတာ လိုအပ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ အချိန်များများ စားစားရှိတယ်လို့ မထင်ပါဘူး"ဟု ပြော ဆိုခဲ့သည်။

ဆက်လက်၍ အန်ဆယ်လော့တီက ကွန်တီနှင့် ပတ်သက်ပြီး "ဂျူဗင်တပ်အသင်းနည်းပြအဖြစ် ကျွန်တော် တာဝန်ယူစဉ်ကာလတုန်းက ကွန်တီဟာ ဂျူဗင်တပ်အသင်းကပ္ပတိန်ပါ။ သူဟာ ပရော်ဖက်ရှင်နယ်ကစားသမား ပီသခဲ့သူဖြစ်ပြီး နည်းပြဘဝမှာလည်း အလားတူပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်။ မန်နေဂျာတစ်ဦး အနေနဲ့တော့ ကွန်တီရဲ့ အကြောင်းကို ကျွန်တော်ကောင်းကောင်း မသိပါဘူး။ ဒါပေမယ့် သူ့ရဲ့ ပင်ကိုစရိုက်နဲ့ အရည်အသွေးကိုတော့ သိပါတယ်။ ကွန်တီဟာ သူ့ရဲ့ အလုပ်အပေါ် တကယ့်ကို အာရုံစူးစိုက်တတ်သူပါ။ ကွန်တီအနေနဲ့ ချယ်လ်ဆီးအသင်းမှာ ကောင်းမွန်တဲ့လုပ်ဆောင်မှုတွေကို လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲစဉ် (၉)ယှဉ် ပြိုင်ကစားပြီးချိန်၌ ရမှတ် ၁၉ မှတ် ရရှိထားကာ အမှတ်ပေးဇယားထိပ်ဆုံးမှ မန်စီးတီးထက် တစ်မှတ်သာ လျော့နည်းလျက်ရှိသည်။

**ထက်အောင်**

# နှစ်ပွဲဆက်အနိုင်ရဖို့ ခက်ခဲနေတဲ့လက်စတာ

## 2016-17 PREMIER LEAGUE WEEK 10

ပရီမီယာလိဂ်ပွဲစဉ်(၉)မှာတော့ အာဆင်နယ်၊ စပါးတို့ နိုင်ပွဲပျောက်ဆုံးခဲ့ပါတယ်။ ဒါပေမယ့်လည်း လီဗာပူးနဲ့လက်စတာတို့ကတော့နိုင်ပွဲတွေရယူနိုင်ခဲ့ကြပါတယ်။ လက်စတာအနေနဲ့ ပရီမီယာလိဂ်မှာရလဒ်တွေဆိုးနေလို့ ဒီပွဲစဉ် (၁၀)မှာလည်းနိုင်ပွဲဆက်နိုင်အောင် အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲစဉ် (၁၀)မှာ လက်စတာက ဘုန်းမောက်ကိုအနိုင်မရခဲ့တာကြောင့်နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမယ့် စပါးနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် လက်စတာအနေနဲ့နိုင်ပွဲဆက်နိုင်ပါ့မလားဆိုတာစောင့်ကြည့်ရဖို့ရှိ နေပါတယ်။

### ဝက်ဖို့ဒ် V ဟားလ်

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

ဟားလ်ရဲ့ခြေစွမ်းက အားနည်းမှုတွေများနေဆဲပါ။ နောက်ဆုံးပွဲစဉ်မှာလည်း အိမ်ကွင်းမှာ စတုတ်ကို ရှုံးနိမ့်ခဲ့ရပါတယ်။ ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုအားနည်းနေသလို အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ လက်ရှိခြေစွမ်းပိုင်းအရ မဆိုးပါဘူး။ နောက်ဆုံးပွဲစဉ်မှာလည်း ဆွမ်ဆီးကိုသရေ ကစားနိုင်ခဲ့ကာ နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲ မရှိခဲ့ပါဘူး။ အိမ်ကွင်းလည်း ဖြစ်တာကြောင့် ဝက်ဖို့ဒ်ကသာ နိုင်ပွဲကပ်ရနိုင်ပါတယ်။

### အဲဗာတန် V ဝက်စ်ဟမ်း

| ယမန်နှစ် | အဲဗာတန် | ၂ | ၃ | ဝက်စ်ဟမ်း |
|---|---|---|---|---|

ဘန်လေကို အရေးနိမ့်ခဲ့ရတာကြောင့် အဲဗာတန်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အဲဗာတန်တို့ ခြေကုန်ထုတ်ကစားလာမှာလည်း သေချာနေပါတယ်။ ဝက်စ်ဟမ်းကတော့ ပရီမီယာလိဂ်မှာ နှစ်ပွဲဆက် အနိုင်ရယူနိုင်ခဲ့တာမှန်ပေမယ့်လည်း ခြေစွမ်းပိုင်းနဲ့အဆုံးသတ်အားက သာမန်သာ ရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အဲဗာတန်တို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲပြန်ရဖို့ ရှိပါတယ်။

### ဆန်းဒါးလန်း V အာဆင်နယ်

| ယမန်နှစ် | ဆန်းဒါးလန်း | ၀ | ၀ | အာဆင်နယ် |
|---|---|---|---|---|

အာဆင်နယ်က မစ်ဒယ်ဘရော့ကို အနိုင်မရခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ရှိပေမယ့်လည်း ဆန်းဒါးလန်းရဲ့ခြေစွမ်းက အားနည်းမှုတွေများလွန်းနေပါတယ်။ ဆန်းဒါးလန်းအနေနဲ့ နောက်ပိုင်းပွဲတွေမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားနေသလို အိမ်ကွင်းလည်းဖြစ်ပေမယ့် အာဆင်နယ်က ခြေစွမ်းပိုင်းပိုကောင်းနေတာကြောင့် အာဆင်နယ်ပဲအနိုင်ရသွားဖို့ရှိပါတယ်။

### မစ်ဒယ်ဘရော့ V ဘုန်းမောက်

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

အာဆင်နယ်ကို သရေကစားနိုင်ခဲ့တဲ့ပွဲစဉ်မှာ မစ်ဒယ်ဘရော့ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ ခံစစ်ပိုင်းက တည်ငြိမ်မှုရှိခဲ့သလို တန်ပြန်တိုက်စစ်ပိုင်း ကစားပုံလည်း ကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ဘုန်းမောက်က စပါးကို သရေကစားနိုင်ခဲ့တဲ့ပွဲစဉ်မှာ ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့သလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် ဘုန်းမောက်ဟာ အဝေးကွင်းမှာ ခြေကျတတ်တာကြောင့် မစ်ဒယ်ဘရော့တို့ကပ်နိုင်ခြေရှိပါတယ်။

### ဝက်စ်ဘရွန်း V မန်စီးတီး

| ယမန်နှစ် | ဝက်စ်ဘရွန်း | ၀ | ၃ | မန်စီးတီး |
|---|---|---|---|---|

နောက်ဆုံးပွဲစဉ်မှာ လီဗာပူးကိုရှုံးနိမ့်ခဲ့တဲ့ ဝက်စ်ဘရွန်းက နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်မရခဲ့ပါဘူး။ အထူးသဖြင့်တိုက်စစ်ပိုင်းက ဂိုးသွင်းနိုင်ခြေအားနည်းနေကာ တစ်ဂိုးထက်ပို သွင်းနိုင်ဖို့ ပွဲတိုင်းနီးပါးရုန်းကန်နေရပါတယ်။ ဒီပွဲစဉ်မှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် မန်စီးတီးကိုတော့ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ချန်ပီယံလိဂ်မှာ အားစိုက်ကစားရမယ့်အခြေအနေကြောင့် ဂိုးမပြတ်ရင်တောင် မန်စီးတီးပဲအနိုင်ရမယ်။

### ဆောက်သမ်တန် V ချယ်လ်ဆီး

| ယမန်နှစ် | ဆောက်သမ်တန် | ၁ | ၂ | ချယ်လ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးက အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရရှိနေပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးခံစစ်ပိုင်းကတော့ တည်ငြိမ်မှု ထင်သလောက်မရှိသေးသလို ဝက်စ်ဟမ်းနဲ့ လိဂ်ဖလားပွဲ ကစားခဲ့ရတာကြောင့်လည်း ပွဲပမ်းလာနိုင်ပါတယ်။ ဆောက်သမ်တန်က လိဂ်ဖလားကစားရမှာ ဖြစ်ပေမယ့် ဆန်းဒါးလန်းနဲ့သာရင်ဆိုင်ခဲ့ရမှာ ဖြစ်တဲ့အပြင် အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ချယ်လ်ဆီးတို့ အခက်တွေ့နိုင်ကာ မထင်မှတ်ဘဲ သရေကျသွားနိုင်ပါတယ်။

### မန်ယူ V ဘန်လေ

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

မန်ယူက အမှတ်လိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဘန်လေကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ တည်ငြိမ်မှု မရှိပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ အဲဗာတန်ကို အနိုင်ကစားနိုင်ခဲ့တယ်ဆိုပေမယ့် ဘန်လေဟာ အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ ဘန်လေအနေနဲ့ အဝေးကွင်းမှာနိုင်ပွဲမရသေးသလို ဒီပွဲမှာလဲ မန်ယူကသာ နိုင်ပွဲရသွားဦးမှာပါ။

### စပါး V လက်စတာ

| ယမန်နှစ် | စပါး | ၀ | ၁ | လက်စတာ |
|---|---|---|---|---|

ဘုန်းမောက်ကို သရေသာကစားနိုင်ခဲ့လို့ စပါးတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ရေး ပိုမိုအားစိုက်လာဖို့ ရှိနေပါတယ်။ ဒါပေမယ့် လက်စတာက ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး ပဲလေ့စ်ကို ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ နှစ်သင်းစလုံးချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့် လက်စတာကချန်ပီယံလိဂ်မှာ ပိုမိုနိုင်ပွဲရထားလို့ခြေကုန် ပိုထုတ်နိုင်ပါတယ်။ လက်စတာသရေလောက်ရမယ်။

### ပဲလေ့စ် V လီဗာပူး

| ယမန်နှစ် | ပဲလေ့စ် | ၁ | ၂ | လီဗာပူး |
|---|---|---|---|---|

ပဲလေ့စ်က လက်စတာကိုရှုံးနိမ့်ခဲ့ရလို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ပဲလေ့စ်အနေနဲ့ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။လီဗာပူးကတော့ခြေစွမ်းပိုင်းအရ ပဲလေ့စ်ထက် သိသိသာသာ ပိုမိုကောင်းမွန်ပေမယ့်လည်း စပါးနဲ့ကစားခဲ့ရတာကြောင့် ပွဲပမ်းမှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်သာ ခံစစ်ကို အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ကစားလာရင် လီဗာပူးအခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

### စတုတ် V ဆွမ်ဆီး

| ယမန်နှစ် | စတုတ် | ၂ | ၂ | ဆွမ်ဆီး |
|---|---|---|---|---|

စတုတ်က ပရီမီယာလိဂ်မှာ နှစ်ပွဲဆက် အနိုင်ပြန်ရခဲ့တာမှန်ပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားအနည်းဆုံးနှစ်သင်းဖြစ်တဲ့ ဟားလ်နဲ့ ဆန်းဒါးလန်းတို့ကို သာ အနိုင်ရရှိခဲ့တာဖြစ်လို့ စတုတ်ခြေကို အကောင်းဆုံးပုံစံ ပြန်ရနေပြီလို့မဆိုနိုင်သေးပါဘူး။ ဆွမ်ဆီးကလည်း လက်ရှိ အချိန်မှာ နိုင်ပွဲတွေပျောက်ဆုံးနေတာကြောင့် နိုင်ပွဲပြန် လည်ရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စတုတ်တို့ အခက်တွေ့နိုင်ပေမယ့်သရေလောက်ပဲရမယ်။

# စစ်တောင်းမြစ်ဝှမ်း ပြွန်တန်ဆာလွင်ပြင် ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဝေါ အောက်တိုဘာ ၂၇**

စစ်တောင်းမြစ်ဝှမ်းဒေသ(ပြွန်တန်ဆာလွင်ပြင်) ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းအတွက် တံတားဦး-ဆင်ရွာ တာဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ဒေသခံ တောင်သူများနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု နဂါးပေါက်ရေထိန်းတံခါး ရှင်းလင်းဆောင်ခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူးဦးသန်းဌေးက စစ်တောင်းမြစ်ဝှမ်းဒေသ(ပြွန်တန်ဆာလွင်ပြင်)ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းအတွက် အရှည် ၂၉ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ ပေရှိ တံတားဦး-ဆင်ရွာတာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် ရေကာတာဖို့လုပ်ငန်းများကို မြေပုံများဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံတောင်သူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲသို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဒေသအတွင်း ကျေးရွာများဖြစ်သော သူရဲသမိန်ရွာ၊ စက်စုရွာ၊ ပန်းညိုစုရွာ၊ ဆင်ရွာ၊ ဂျိုးလေးရွာ၊ ဒလန္ဒမ်းရွာ၊ဝိုင်းပတ်ရွာ၊ မြစ်ကျိုးရွာ၊ လေးအိမ်စုရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ဆွေးနွေးခဲ့သည်။

စစ်တောင်းမြစ်ဝှမ်းဒေသ (ပြွန်တန်ဆာလွင်ပြင်) ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် တံတားဦး-ဆင်ရွာ တာဖို့ခြင်းလုပ်ငန်း ပြီးစီးသွားပါက ရေလွှမ်းမိုးမှုများကိုကာကွယ်နိုင်ပြီး ကျေးရွာချင်းဆက်လမ်းများ ပေါ်ထွန်းလာကာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စားသောက်ကုန်ဆိုင်ရာလှုပ်ရှားမှု ပြုလုပ်

**မန်တုံ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် CESVI အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်ဆိုင်ရာလှုပ်ရှားမှု (Healthy Food Campaing) ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ကျန်းမာရေးနှင့်ပတ်သက်သည့် အစားအသောက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မန်တုံမြို့နယ် တွဲဖက်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဝင်းလေးက ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် အမှတ်တံဆိပ်ပါ စားသောက်ကုန်များနှင့် ရှောင်ကြဉ်ရန်သတ်မှတ်ထားသည့် စားသောက်ကုန်များကို ခွဲခြား၍ စားသုံးသင့်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး CESVI အဖွဲ့မှ စီမံချက်အရာရှိ ဒေါ်သင်းသင်းလှိုင်က အဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်သော ကျေးရွာအသီးသီးမှ ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက သိရှိလိုသော ကျန်းမာရေးနှင့်ပတ်သက်သည့်အချက်အလက်များ၊ အစားအသောက်များ၏ ဘေးထွက်ဆိုးကျိုးများနှင့် စားသုံးသင့်သည့် အစားအသောက်များအကြောင်း မေးမြန်းခဲ့ကြပြီး ကျန်းမာရေးဦးစီးဌာနနှင့် CESVI အဖွဲ့မှ တာဝန်ခံများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



## စစ်ဘေးရှောင်စခန်းနှင့် မိဘမဲ့ကလေးကျောင်းများသို့ ဆန်အိတ်များနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၂၇**

မြစ်ကြီးနားမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းနှင့် မိဘမဲ့ကလေးကျောင်းများသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ်များကို အောက်တိုဘာ ၂၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာ ဂျေကော့ဘူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက်ရှိ မေတ္တာရိပ်မြုံ မိဘမဲ့ကလေးကျောင်းနှင့် စီတာပူရပ်ကွက် သီတာအေးကျောင်းတိုက်အတွင်းရှိ စစ်ရှောင်စခန်းများသို့သွားရောက်ပြီး ကလေးငယ်များနှင့် စစ်ဘေးရှောင်မိသားစုဝင်များအား နှစ်သိမ့်အားပေးကာ ဆန်အိတ် ၂၀ အိတ်စီကို ပေးအပ်ခဲ့သည်။ ထို့အပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်စွာဖြေဆိုနိုင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေးနှင့် အသက် ၁၀၁ နှစ်ရှိ အဘွားတစ်ဦးအတွက် ထောက်ပံ့ငွေများလည်း ပေးအပ်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ရေပြင်ရှာဖွေရေးနှင့် အသက်ကယ်ခြင်း လက်တွေ့လေ့ကျင့်

**တနင်္သာရီ အောက်တိုဘာ ၂၇**

တနင်္သာရီမြို့နယ်အတွင်းမှ ဒေသခံပြည်သူများနှင့် ခရီးသွားများအနေဖြင့် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ကာကွယ်ပေးနိုင်ရန်အတွက် ရေပြင်ရှာဖွေရေးအသက်ကယ်ဆယ်ခြင်းနှင့် အရေးပေါ်လူနာများအား သယ်ယူကူညီပို့ဆောင်ခြင်း လက်တွေ့ လေ့ကျင့်မှုများကို ချောင်းကြီးရပ်ကွက် မြစ်ရေပြင်အတွင်း အောက်တိုဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။



မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်က ကြီးကြပ်လျက် မီးသတ်တပ်ဖွဲ့ဝင် ကိုးဦးတို့က မြစ်ရေပြင်အတွင်း အရေးပေါ်ရှာဖွေ ကယ်ဆယ်ခြင်း၊ အသက်ရှူအားကူနည်းဖြင့် ရှေးဦးပြုစုခြင်းနှင့် သတိလစ်လူနာများအား ထမ်းစင်ဖြင့် သယ်ယူပို့ဆောင်ခြင်းများကို လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။ မိုးလေဝသညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသထူးခြားဖြစ်စဉ်များနှင့်ပတ်သက်၍ ကမ်းရိုးတန်းဒေသအတွင်း အားကောင်းသော မုန်တိုင်းငယ်သည် လိမ္မော်ရောင်အဆင့်ရောက်ရှိနေကြောင်း သတင်းကြေညာချက်အရ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ခင်မောင်ရီ၏ လမ်းညွှန်မှုဖြင့် လေ့ကျင့်မှုများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

လေ့ကျင့်မှုပြုလုပ်ရာသို့ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စောမောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်နှင့် ဝန်ထမ်းများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၄ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မင်းပုည | ကမ္ဘာ့သြဇာတိက္ကမအရှိဆုံးအမျိုးသမီး အိန်ဂျယ်လာမာကဲလ် | ၆၀၀၀/- | အားမာန်သစ်စာပေ |
| ၂ | ဘုန်းနိုင် | ကြီးပွားချမ်းသာသူတိုင်းလေ့ကျင့်ရမည့် စိတ်ခွန်အား | ၁၅၀၀၀/- | မနောဖြူစာပေ |
| ၃ | မြင့်ဇင်ညွန့် | Killer SUDOKU | ၁၅၀၀၀/- | ရန်အောင်စာပေ |
| ၄ | ဆရာဦးခန့်ကျော် | နိမိတ်တဘောင်ဟောနည်း-၁၀၀၀ | ၁၀၀၀၀/- | ခန့်ကျော်စာပေ |
| ၅ | ခင်ခင်ညို | သိန်းဖေမြင့်၏နိုင်ငံရေးလှုပ်ရှားမှု(၁၉၃၅-၁၉၆၂) | ၁၅၀၀၀/- | စိတ်ကူးချိုချို |
| ၆ | အေးကြူလေး | မြန်မာ့ရုပ်ရှင်ငွေရတု သမိုင်းဝင်များ | ၁၃၀၀၀/- | စိတ်ကူးချိုချို |
| ၇ | ဦးလှမြင့်(ဂန္ဓမာ) | စီးပွားရေးလုပ်ငန်းသုံးပေးစာများအလွယ်ရေးနည်း | ၂၃၀၀၀/- | စိတ်ကူးချိုချို |
| ၈ | ညီညီနိုင် | ကမ္ဘာကိုကိုင်လှုပ်ခဲ့သောတွေးခေါ်ရှင် -၁၀၀ | ၅၀၀၀၀/- | ပြည်မြန်မာ |
| ၉ | ကောင်းသာ | ဘာကြောင့်များစိုးရိမ်သောကပွားနေရသလဲ(မြန်မာပြန်) | ၂၀၀၀၀/- | စိတ်ကူးချိုချို |
| ၁၀ | ဘုဏ်းသိုက် | လူငယ်နှင့်အိပ်မက်နိုင်ငံတော် | ၂၇၀၀၀/- | စိတ်ကူးချိုချို |
| ၁၁ | ညွှန့်ဝေမိုး | Top TEN ဆုထူးရှင်များနှင့် ဘာသာစုံဂုဏ်ထူးရှင်များ၏ အောင်ပွဲဝင်အက်ဆေးများ | ၂၇၀၀၀/- | စိတ်ကူးချိုချို |
| ၁၂ | Aung Myint (M.E,Australia) | Power Point 2016 | ၅၀၀၀၀/- | အောင်မြင်စာပေ |
| ၁၃ | ထွဏ်းထွဏ်း (သဃ်န်းကျွန်း) | မြန်မာ့တို့ရဲ့နှလုံးသားဝိညာဉ်နှင့် ယနေ့ဆောင်းပါးများစုစည်းမှု | ၂၀၀၀၀/- | မယူမြစ်စာပေ |
| ၁၄ | သောင်းဝေဦး | ရဲဝံ့စွန့်စားနှင့် KIAတိုက်ပွဲများ | ၃၀၀၀၀/- | မြရတနာစာပေ |
| ၁၅ | အောင်ကို(တောင်ငူ) | Online တွင်အမှတ်တံဆိပ်တည်ဆောက်ခြင်း | ၃၀၀၀၀/- | တူဒေးစာအုပ်တိုက် |
| ၁၆ | နှလုံးလှဆရာတော် အရှင်ပါမောက္ခ | ပရိတ်ကြီး ၁၁ သုတ် ပါဠိတော်အတ္ထုပ္ပတ္တိနှင့်အမွှန်းဂါထာများ | ၃၀၀၀/- | ရွှေပေစာအုပ်တိုက် |
| ၁၇ | နှလုံးလှဆရာတော် အရှင်ပါမောက္ခ | ပဋ္ဌာန်းအကြောင်းနှင့် ပဋ္ဌာန်းဆုတောင်း | ၃၀၀၀/- | ရွှေပေစာအုပ်တိုက် |
| ၁၈ | မြင့်ထွန်း B.A(Geog) | တရုတ်ဝေါဟာရ ၃၀၀ ဖြင့် အလွယ်ကူဆုံးတရုတ်စကားပြော | ၂၀၀၀၀/- | ယဉ်မျိုးစာပေ |
| ၁၉ | ကျော်မောင်မောင် | လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ | ၅၀၀၀/- | ယဉ်မျိုးစာပေ |
| ၂၀ | လူသာမန် | ၄က်ညီအစ်မကဂျက်ဇ်ဂီတကိုကြိုက်တယ်မေမေ | ၂၀၀၀၀/- | စံပယ်စာအုပ် |
| ၂၁ | ဦးစန်းလွင် (တရားလွှတ်တော်ရှေ့နေ) | မြန်မာနိုင်ငံပြန်တမ်းပေါင်းချုပ်(ဥပဒေရေးရာ) (၁၉၆၂-၁၉၇၃) | ၆၀၀၀၀/- | ခရေဖူးစာပေ |
| ၂၂ | သာကီနန်း(မစိုးရိမ်) | ဘဝရည်ရွယ်ချက်နှင့်လူသားဂုဏ်သိက္ခာ (အင်္ဂလိပ်-မြန်မာ) | ၁၅၀၀၀/- | ဦးနန္ဒာဘိဝံသ |
| ၂၃ | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ဝေဘူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ | ၂၀၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၄ | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | မိုးကုတ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ | ၂၀၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၅ | ကာတွန်းအောင်အောင် | ရွှေဂေါင်းပြောင်-'မုန်းမြစ်ကိုနော်မယူနဲ့' | ၃၀၀၀၀/- | Synergy Publication |

*(ဆက်လက်ဖော်ပြပါမည်)*

## မူလတန်းလွန်ကျောင်းသို့ ကျောင်းဆောင်သစ်လှူဒါန်း

**ကျောက်ကြီး အောက်တိုဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သဲကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ကျောင်းဆောင်သစ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ အလှူရှင်ဒေါ်နန်းနွယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းလှူဒါန်းခဲ့သည်။ ကျောင်းဆောင်သစ်မှာ အလျား ပေ ၈၀၊ အနံ ပေ ၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ အလှူရှင်ဒေါ်နန်းနွယ်မိသားစုက ကျပ်သိန်း ၂၈၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဒီမိုကရေစီစနစ်တွင် အမျိုးသမီးများပါဝင်မှုသင်တန်းပို့ချ

**လှိုင်လင် အောက်တိုဘာ ၂၇**
ဖန်တီးအိမ်အဖွဲ့(ရန်ကုန်)၏ နိုင်ငံသားကောင်းအသိအမြင်ဖွင့် သင်တန်းမှတစ်ဆင့် ဒီမိုကရေစီနည်းကျ တိုင်းပြည်တည်ဆောက်ရာတွင် အမျိုးသမီးငယ်များပါဝင်မှု မြှင့်တင်ခြင်းသင်တန်း(Civic Education Training)ကို ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ ခတ်တော်ကျောင်း၌ အောက်တိုဘာ ၂၄ နှင့် ၂၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် နည်းပြအဖြစ် ဖန်တီးအိမ်အဖွဲ့(ရန်ကုန်)မှ ဒေါ်ဝါဝါအောင်နှင့် လွိုင်လင်မြို့မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းကော်ခမ်းတို့က သင်ကြားပေးခဲ့ပြီး သင်တန်းသို့ လွိုင်လင်မြို့နှင့် ပင်လုံမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ တိုင်းရင်းသားငါးဦးနှင့် တိုင်းရင်းသူ ၂၁ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။
**မိုးလွင်ဦး(လွိုင်လင်)**



## ကျန်းမာရေးဝန်ဆောင်မှုအသင်းသို့ လူနာတင်ယာဉ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၇**
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၂၀)ရပ်ကွက်ရှိ သီရိမင်္ဂလာကျန်းမာရေး (လူနာတင်ယာဉ်) အခမဲ့ဝန်ဆောင်မှုအသင်း၏ နှစ်ပတ်လည်အထိမ်းအမှတ်နှင့် အသင်းသို့ တတိယအကြိမ်မြောက် လူနာတင်ယာဉ်လှူဒါန်းပွဲကို သီရိမင်္ဂလာကျောင်းတိုက်ရှိ သီရိမင်္ဂလာကျန်းမာရေး(လူနာတင်ယာဉ်) အခမဲ့ဝန်ဆောင်မှုအသင်းရုံး၌ အောက်တိုဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သီရိမင်္ဂလာကျောင်းတိုက်ဆရာတော်နှင့် ဆရာတော်ကြီးများက ဩဝါဒချီးမြှင့်ပြီး အလှူရှင်များနှင့် ဌာနဆိုင်ရာအသင်းအဖွဲ့များက လှူဒါန်းမှုများအတွက် ရေစက်ချအမျှဝေခဲ့ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှ၊ အလှူရှင် ထက်လင်းရင်လူးဆေး ဆေးတိုက်ပိုင်ရှင် ဒေါက်တာခင်မောင်ထွန်းနှင့်ဇနီးတို့က လူနာတင်ယာဉ်ကို ဖဲကြိုးဖြတ်၍ လှူဒါန်းခဲ့သည်။

သီရိမင်္ဂလာကျန်းမာရေး (လူနာတင်ယာဉ်) အခမဲ့ဝန်ဆောင်မှုအသင်းအနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လူနာသယ်ပို့မှု ၅၆၁ ကြိမ် ဝန်ဆောင်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၈၇၃ ကြိမ် ဝန်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**ကိုကြီးစိုး (ဆိပ်ကမ်း)**



**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းကလေးအနောက်ကျေးရွာမှ သက်ကြီး ဘိုးဘွားများနှင့် မကျန်းမာသော ဒေသခံများအား အိမ်တိုင်ရာရောက် ဆေးဝါးကုသမှုများကို မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာသောင်းဒန်ဦး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ အောက်တိုဘာ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်** (မြို့နယ် ပြန်/ဆက်)

## ဘက်စုံပိုးမွှား၊ ရောဂါနှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်း

**အထက်မင်းလှ အောက်တိုဘာ ၂၇**
အပူပိုင်းကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ Helvetas Myanmar က ကြီးမှူးဖွင့်လှစ်ခဲ့သော တောင်သူ ပညာပေး ဘက်စုံပိုးမွှား၊ ရောဂါနှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို သရက်ခရိုင် မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို Helvetas Myanmar က ကြီးမှူး၍ အပူပိုင်း ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်သည့်ကျေးရွာများမှ တောင်သူများအား စိုက်ပျိုးရေးကဏ္ဍတွင် အထောက်အကူပြုနိုင်ရေးအတွက် အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် စိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားဆရာ ဆရာမများအား ခေါ်ယူ၍ ဘက်စုံပိုးမွှား၊ ရောဂါနှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းများကို စနစ်တကျ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဆင်းပွဲတွင် မင်းလှမြို့နယ် အုပ်ချုပ်ရေးမှူးက စီမံကိန်းဝင်ကျေးရွာများမှ သင်တန်းဆင်းတောင်သူများအနေဖြင့် သင်တန်းတွင် သင်ကြားခဲ့ရသည့် နည်းပညာများဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား ခဲ့သည်။
**ကိုသက်(အထက်မင်းလှ)**



## လောင်စာဆီအရောင်းဆိုင်နှင့် စျေးဆိုင်များအား စစ်ဆေးပြီး ပညာပေးမှုများဆောင်ရွက်

**တနင်္သာရီ အောက်တိုဘာ ၂၇**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ပေါ်ရပ်ကွက်များအတွင်းရှိ လောင်စာဆီအရောင်းဆိုင်များတွင် စနစ်တကျရောင်းချရန်နှင့် စျေးဆိုင်များတွင်လည်း ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသော အစားအသောက်များ ရောင်းချခြင်းမရှိစေရန် တာဝန်ရှိသူများ အောက်တိုဘာ ၂၄ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သောအဖွဲ့က ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်များအတွင်းရှိ လောင်စာဆီအရောင်းဆိုင် ၂၁ ဆိုင်ကို လိုက်လံစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး၊ လောင်စာဆီ သိုလှောင်ထားရှိမှု စနစ်တကျရှိရေး၊ ရောင်းဝယ်ဖြန့်ဖြူးရာတွင် မီးဘေးသတိပြုရေးနှင့် မီးဘေးကာကွယ်ရေး သတိပေးစာတန်းများ ချိတ်ဆွဲထားရှိရန်တို့ကို ပညာပေးဆောင်ရွက်ခဲ့ကြသည်။



ထို့အတူ အဆိုပါရပ်ကွက်နှစ်ခုအတွင်းရှိ လူသုံးကုန်နှင့် စားသောက်ကုန်ရောင်းချသော စျေးဆိုင် ၁၀ ဆိုင်ကိုလည်း ဝင်ရောက်စစ်ဆေးပြီး တားမြစ်ထားသော အစားအစာများ၊ ရက်လွန်အစားအစာများ၊ ဆိုးဆေးပါဝင်သော အစားအစာများ၊ မြန်မာစာတန်း မပါသော အစားအစာများကို ရောင်းချခြင်း မပြုရန် ဆိုင်ရှင်များအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## တရားမဝင်သယ်ဆောင်လာသော နွားရှစ်ကောင်ကို ဖမ်းမိ

**ကန့်ဘလူ အောက်တိုဘာ ၂၇**
တစ်ဖက်နိုင်ငံသို့ရောင်းချရန် တရားမဝင်သယ်ဆောင်လာသော နွားရှစ်ကောင်ကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မယ်ဇာတောကျေးရွာအနီး၌ အောက်တိုဘာ ၂၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မယ်ဇာတောကျေးရွာအနီး ကြာကန်တောတိုက်တွင် တရားမဝင်နွားရှစ်ကောင် မောင်းနှင်လာသည်ကိုတွေ့ရကြောင်း သတင်းပေးချက်အရ မလယ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်သိုက်စိုးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ နွားရှစ်ကောင်ကို မောင်းနှင်လာသော စန်းပွင့်၊ မောင်ဦး၊ ဖုန်းကျော်နှင့် ဖိုးပိန်တို့လေးဦးအား တွေ့ရှိရပြီး စစ်ဆေးမေးမြန်းချက်အရ နွားများကို ခင်ဦးမြို့နယ် လက်ပံကြီးကျေးရွာမှ မောင်းနှင်လာခြင်းဖြစ်ပြီး သယ်ယူခွင့်အထောက်အထား မပါရှိသည့်အပြင် ရေဝတီမြစ်ကိုကူးကာ မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ရောင်းချမည်ဖြစ်ကြောင်းနှင့် နွားများမှာ လက်ပံကြီးကျေးရွာနေ ဖိုးစိုး၏နွားများဖြစ်ကြောင်း သိရသဖြင့် နွားများကို မောင်းနှင်လာသူလေးဦးအား မလယ်နယ်မြေရဲစခန်းက အမှုဖွင့်ထားက နွားပိုင်ရှင်ကို ဆက်လက်ဖမ်းဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လှည့်ကင်းဆောင်ရွက်စဉ် လိုင်စင်မဲ့ယာဉ်ဖမ်းမိ



**သထုံ အောက်တိုဘာ ၂၇**
မွန်ပြည်နယ် သထုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် တရားမဝင်မောင်းနှင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၂၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"ယာဉ်တိုက်မှုဖြစ်စဉ်တွေက နှစ်စဉ်လိုလို မြင့်နေတယ်။ ဒီလို ယာဉ်မတော်တဆဖြစ်ရတဲ့အကြောင်းတွေမှာ လိုင်စင်မဲ့မော်တော်ယဉ်တွေကြောင့်လည်း ပါတယ်။ ဒါကို ကြပ်မတ်ဖမ်းဆီးပြီး ဥပဒေအတိုင်း ဆောင်ရွက်နေပါတယ်။ ခုလည်း တပ်ဖွဲ့ဝင်တွေ လှည့်ကင်းဆောင်ရွက်တဲ့အချိန်မှာ တွေ့လို့ ဖမ်းဆီးအရေးယူထားတာပါ"ဟု သထုံမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သထုံမြို့မရဲစခန်းမှ တာဝန်ရှိသူများက သထုံမြို့ဘင်လိုင်ရပ်ကွက် ကျွန်းတောကွေ့အနီးတွင် လှည့်ကင်းဆောင်ရွက်နေစဉ် ဘားအံဘက်မှ သထုံဘက်သို့ယာဉ်မောင်းကို အောင်ဖြိုး မောင်းနှင်လာသည့် ယာဉ်အမှတ် YGN-4D/—— Honda Odyssey အမျိုးအစား ခဲရောင်မော်တော်ယာဉ်ကို စစ်ဆေးရာတွင် ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် ယာဉ်မောင်းသူအား သထုံမြို့မရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။
**သက်ဦး(သထုံ)**

## ဝါးအခြေခံ လက်မှုထည်လုပ်ငန်း သင်တန်းဖွင့်

**မြိုင် အောက်တိုဘာ ၂၇**
မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စီစဉ်မှုနှင့် အက်ရှင်အေ့ဒ်(မြန်မာ)မှ ပံ့ပိုးမှုဖြင့် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အမျိုးသမီးအထူးပြု ဝါးအခြေခံလက်မှုထည်လုပ်ငန်းသင်တန်းကို မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ယင်းတိုင်းတောင်ဆည် လူထုအခြေပြု ခရီးသွားလုပ်ငန်း ဧည့်ဂေဟာခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းသူများအတွက် လိုအပ်သော ကိရိယာအစုံ ၂၀ ကို ထောက်ပံ့ပေးခဲ့သည်။အဆိုပါ သင်တန်းသို့ ဒေသတွင်းကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။
**အောင်ကျော်မြင့်**

# ကော့ကပ်ကြီး ကျေးရွာချင်းဆက်တံတား ကွင်းဆင်းတိုင်းတာခြင်းဆောင်ရွက်

**ဇလွန် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကော့ကပ်ကြီးကျေးရွာရှိ ကော့ကပ်ကြီးချောင်းနှင့် ဆက်သွယ်သွားလာနိုင်သော ကျေးရွာများရှိ လမ်းများကောင်းမွန်လာပါက ဒေသခံပြည်သူများအတွက် ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် ပိုမိုအဆင်ပြေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် လျာထားချက်အခြေအနေများအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဦးစီးဌာနမှ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်သင်းလဲ့ဖြိုးနှင့် ဒေါ်စုရတနာသိန်းတို့ ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၂၄ ရက်က ကော့ကပ်ကြီးကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

ကော့ကပ်ကြီးကျေးရွာ၊ ကော့ကပ်ကြီးချောင်း၏ Geo data နှင့် Hyd data များအား ကွင်းဆင်းတိုင်းတာစစ်ဆေးရာ အဆိုပါတံတားသည် ၂၀၀၀ ပြည့်နှစ်က ကေသီပန်တိုင်းရင်းဆေးမိသားစုမှ ဆောက်လုပ်လှူဒါန်းထားသည့် အရှည် ၁၀၁ ပေ၊ အကျယ် ၁၁ ပေရှိသော ကွန်ကရစ်တံတားသည် ယခုအခါ ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် (၁၆၀× ၁၄ ×၁၉ )ပေ ကွန်ကရစ်တံတား ဆောင်ရွက်ပေးရန် လျာထားခြင်းဖြစ်ပြီး အဆိုပါတံတားသည် ငွေကျပ်သန်း ၃၂၀ ကုန်ကျမည်ဖြစ်သည်။



အဆိုပါ တံတားပြီးစီးပါက ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၅၃၂၆ အိမ်နှင့် ကော့ကပ်ကြီးကျေးရွာ အထက ကျောင်း၊ မူလတန်းကျောင်းငါးကျောင်း၊ကျေးလက်ဆေးပေးခန်းနှင့် ဘုန်းတော်ကြီးကျောင်းငါး ကျောင်းရှိပြီး ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေးတို့အတွက် အကျိုးပြုသော တံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေကြောင်းလမ်းသွားလာနေသည့် ကူးတို့ဆိပ်ကမ်းများသို့ လူပိုမတင်ဆောင်ရေးသတိပေး



**ချောင်းဆုံ အောက်တိုဘာ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း)မှ ရေလမ်းကြောင်းခရီးဖြင့် အသုံးပြုပြီး မော်လမြိုင်ဆိပ်ကမ်းများသို့ ပြေးဆွဲနေသည့် ပဲ့ထောင်ရေယာဉ်များ၊ မော်တော်များ၊ စက်လှေများနှင့် ပြေးဆွဲနေလျက်ရှိရာခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် အောက်တိုဘာ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကာ လူပိုမတင်ဆောင်ရေး အသိပေးထားကြောင်း သိရသည်။

ချောင်းဆုံမှ မော်လမြိုင်ဆိပ်သို့ပြေးဆွဲနေသည့် ရေလမ်းကြောင်းကူးတို့ဆိပ်မှာ လေးဆိပ်ရှိပြီး ကျွန်းသာယာဆိပ်၊ နတ်မှော်ဆိပ်၊ ကညော်၊ ကော့မုပွန်ဆိပ်တို့မှ စက်တပ်ရေယာဉ်များဖြင့် အဓိကသွားလာလျက်ရှိရာလူပေါင်း ၈၀၀၀၀ ခန့် နေ့စဉ်သွားလာလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မှုခင်းသတင်းတိုထွာ

### သထုံ၌ လိုင်စင်မဲ့ယာဉ်ဖမ်းမိ

မွန်ပြည်နယ် သထုံမြို့ဘင်လှိုင်ရပ်ကွက် ကျွန်းတောကွေ့အနီးတွင် အောက်တိုဘာ ၂၄ ရက် နံနက်က တရားမဝင်မောင်းနှင်လာသည့် လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ သထုံမြို့မရဲစခန်းမှ တာဝန်ရှိသူများသည် နယ်မြေအတွင်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေး လှည့်ကင်းဆောင်ရွက်နေစဉ် ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်းအောင်ဖြိုး (၂၁ နှစ်) သထုံမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် YGN/4D---ယာဉ်အား စစ်ဆေးရာတွင် ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

### ပုလဲမြို့နယ်တွင် တရားမဝင်သစ် ပိတောက်တုံး ၅၈ တုံးဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် အောက်တိုဘာ ၂၄ ရက်က တရားမဝင်သစ် ပိတောက်တုံး ၅၈ တုံးနှင့် မော်တော်ယာဉ်တစ်စီး ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးနိုင်နှင့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ရက်ညက အိုင်းမ-ပိတောက် ကုန်း( တ )ကျေးရွာချင်းဆက် ဒေသဖွံ့ဖြိုးရေးလမ်း အနောက်ဘက် လေးဖာလုံခန့် အကွာ မိုးကောင်းကျေးရွာ အဝင်လမ်းသို့ သတင်းအရ သွားရောက်ရှာဖွေရာ ကိုးပေအရှည် ပိတောက်တုံး ငါးတုံးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျည်းပင်ရွာသစ်နေ ဦးမြင့်ဝေနှင့် ဦးဘိုဆန်းနေအိမ်၏အနောက်ဘက်ယာခင်းအတွင်း၌ ခြောက်ဘီးယာဉ်နှင့် အတူ အနီးတွင် တရားမဝင်သစ် ကိုးပေအရှည် ၅၃ တုံးကို ပိုင်ရှင်မဲ့သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

### ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချောင်းမ-ကနီကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၉/၁ နှင့် ၁၉/၂ အကြားတွင် အောက်တိုဘာ ၂၅ ရက်က ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မိရာမှ လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုတွင် ကနီဘက်မှ ချောင်းမဘက်သို့ ယာဉ်မောင်း ဇော်မင်းဦး(၃၅ နှစ်) ဝမ်းတွင်းမြို့ နေသူ မောင်းနှင်လာသောယာဉ်နှင့် ချောင်းမကျေးရွာဘက်မှ ကနီမြို့ဘက်သို့ သန်းစိုးဝင်း (၃၅ နှစ်) ငါးဖျက်တောတိုက်နေသူ မောင်းနှင်ပြီးနောက်တွင် ငြိမ်းထွန်း (၂၄ နှစ်) လိုက်ပါလာသော ဆိုင်ကယ်သည် ရှေ့မှကားအားကျော်တက်စဉ် မျက်နှာချင်းဆိုင်တိုက်မိရာ သန်းစိုးဝင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စခန်းမှူးရုံးမှ သိရသည်။ **သန်းငွေအောင်(ကနီ)**

## အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀ ကျော်ပါဝင်မည့်

## MPT Job Fair 2016


MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်

ကျင်းပမည့်ရက် ။ ။ အောက်တိုဘာလ (၂၉) ရက်နှင့် (၃၀) ရက်နေ့ (စနေ နှင့် တနင်္ဂနွေ)
အချိန် ။ ။ နံနက် (၉) နာရီမှ ညနေ (၄) နာရီ
ကျင်းပမည့်နေရာ ။ ။ Park Royal Hotel အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။


ခေါ်ယူမည့် ရာထူးနှင့် ဌာနများ

(၁) Team Manager (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန )
(၂) Senior Staff (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန၊ သတင်းအချက်အလက် နည်းပညာဌာန နှင့် လုပ်ငန်းလည်ပတ်မှုဌာန)
(၃) Staff (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန၊ သတင်းအချက်အလက်နည်းပညာဌာန နှင့် လုပ်ငန်းလည်ပတ်မှုဌာန) တို့ကို ခေါ်ယူသွားမည်ဖြစ်သောကြောင့် မိမိတို့၏ လျှောက်လွှာများ နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အသေးစိတ်အကြောင်းအရာများကို MPT ၏ တရားဝင်ဝက်ဘ်ဆိုဒ် www.mpt.com.mm နှင့် myjobs.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။



Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်၊
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE | BOUTIQUE BUSINESS HOTEL | SMART STAR OFFICE | VOHO& SOHO | ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Hlaing River
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon


wave money
YOMA BANK The Responsible Bank
telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
ငွေလွှဲပြီးတဲ့အကြောင်း အိမ်ကိုဖုန်းဆက်ပြောကြရအောင်။
Wave ဆိုင်ပေါင်း(၄၀၀၀) ကျော်ထဲက သင်နဲ့နီးစပ်ရာ Wave ဆိုင်မှ ငွေလွှဲရင်း
ဖုန်းဘေလ် (၅၀၀) ကျပ်ကို အခမဲ့ရယူလိုက်ပါ။
www.wavemoney.com.mm | facebook.com/WaveMoney
တယ်လီနောအသုံးပြုသူများ ခေါ်ဆိုရန် - ၉၀၀ | တယ်လီနောအသုံးမပြုသူများခေါ်ဆိုရန် - ၀၉၇၉၀၀၀၉၀၀၀
အီးမေးလ် - care@wavemoney.com.mm | လိပ်စာ - အမှတ် ၈၄၊ Uniteam Marine အဆောက်အဦး၊ ဂုလ္လာ၊ ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်)

ယာဉ်မောင်းသင်တန်းကျောင်း-ယာဉ်ကြီး/ယာဉ်ငယ်
(၅-၁၁-၂၀၁၆)ရက် စတင်ဖွင့်လှစ်မည်။
စနေ/တနင်္ဂနွေ ပုံမှန်သင်တန်းနှင့် အမြန်သင်တန်း
(ရုံးဖွင့်ရက်-ပိတ်ရက်မရှိ) သင်ကြားပေးမည်။
မြို့မဈေးမှ အကြို/အပို့ စီစဉ်ပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - ပုဗ္ဗသီရိမြို့-ဘူတာကြီးအနီး (ကညန)ရုံးနှင့်ကပ်လျက် (နေပြည်တော်)
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၅၁၀၀၃၂၊ ၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၂၂၀၁၈၁၀

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(At Site)အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| Tender No.18/EPGE/16-17 | (1) 10" Gas Pipe-` | (132) Nos |
| | (2) 10", 90°Bend- | (2) Nos |
| | (3) 10", 45°Bend- | (2) Nos |
| | (4) 6" x 4"Reducer- | (3) Nos |

၂။ Tender No.18၏ တင်ဒါပိတ်ရက်မှာ ၁၇-၁၁-၂၀၁၆ ရက်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေး၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတွင် ရေပိုလွှဲမြောင်းကြီး/ကျောက်သားခိုင်ခံ့မှုလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၆ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၄-၁၁-၂၀၁၆ ရက်
**Technical Proposal နှင့် Price Proposal** - ၂၅-၁၁-၂၀၁၆ ရက်
**နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်** ၁၅:၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI) အတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ညောင်ရွှေသက်မွေးပညာ သင်တန်းကျောင်း (NVTI) တွင် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့် သင်တန်းကာလ**
(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံး စာစီစာရိုက်သင်တန်း [သင်တန်းကာလ (၁)လ]
(ခ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း [သင်တန်းကာလ(၁)လ]
(ဂ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း [သင်တန်းကာလ (၁)လ]

၂။ လျှောက်ထားသူသည်-
(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်းအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်မြင်သူဖြစ်ရမည်။ တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူ ဖြစ်ရမည်။

၃။ သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။
၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။
၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI) သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**သင်တန်းဖွင့်လှစ်မည့်ရက်**
၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့။

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)
ဖုန်း-၀၉-၄၅၆၁၂၉၉၇၈
(လျှောက်လွှာများကို ၄-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။)

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)**

## တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာများ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၆ရက် ၁၂:၀၀နာရီ
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၆ရက် ၁၆:၃၀နာရီ
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၁၁-၂၀၁၆ ရက် ညနေ ၁၆:၃၀ နာရီ

၂။ တင်ဒါစည်းကမ်းချက်များ၊အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၄၁၁၃၉၂၊ ၀၆၇-၄၁၁၁၆၂ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**"Strategic Management Course for Entrepreneurs"**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၃၁-၁၀-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက် (ညနေပိုင်း ၁၀ ရက် သင်တန်း)
**သင်တန်းကြေး** - ၄၅၀၀၀ (ကျပ်လေးသောင်းငါးထောင်တိတိ)
အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။
**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း၊ ရန်ကုန်စီးပွားတက္ကသိုလ် (လှိုင်နယ်မြေ)
**ဖုန်း** - ၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၂) အကြီးစားစက်ရုံ(ကြံခင်း)အတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | စက်ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Spare Parts of Hydraulic Crawler Drill | 3 Items |
| (ခ) | Carbon Plate | 2 Items |
| (ဂ) | Flexible Wire Cable(30Sq-mm,3Core,600V) | 80 Meters |
| (ဃ) | Conveyor Chain For Drag Chain Conveyor | 100 Links |
| (င) | Power Bank (DC),BP 20-70,5HR,20AH,105V | 1Set |
| (စ) | 3 Tons Electric Hoist with Motor for Quarry | 1Set |
| (ဆ) | Geared Motor | 1Set |
| (ဇ) | Platinum Crucible | 1No |

၂။ တင်ဒါပိတ်ရက်မှာ ၂၈-၁၁-၂၀၁၆ ရက် ၁၅:၀၀ နာရီဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ အဆောက်အဦအထူးအဖွဲ့(၄)
## တင်ဒါအမှတ်စဉ်(၄) (၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ အဆောက်အဦအထူးအဖွဲ့(၄)မှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် ကချင်ပြည်နယ် ပူတာအိုခရိုင်နှင့် မိုးညှင်းခရိုင်ရှိ ပြည်သူ့ကျန်းမာရေး ခရိုင်ဦးစီးဌာနမှူးရုံးနှင့် မိခင်ကလေးကျန်းမာရေးဌာန (၂)ထပ် RC အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၁-၂၀၁၆ရက်၊ မွန်းတည့်၁၂:၀၀နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၀-၁၁-၂၀၁၆ရက်၊ နံနက်၁၀:၀၀နာရီ
၃။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရုံးအမှတ်(၄၀)၊အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ရုံးခန်း၊နေပြည်တော်
၄။ တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၄၀)၊ အဆောက်အဦ ဦးစီးဌာန၊ တည်ဆောက်ရေး(၁)ရုံးခန်း၊ နေပြည်တော် ဖုန်း-၀၉-၄၂၁၇၂၈၂၄၂၊ ၀၉-၅၁၆၅၅၃၅နှင့် အဆောက်အဦအထူးအဖွဲ့(၄)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန် ဖုန်း-၀၁-၈၅၆၂၁၉၇၊ ၁-၁၁-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ဆိုလာအလုပ်ရုံနှင့်
## LED မီးသီးအလုပ်ရုံတို့တွင်
## အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်
## စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်း
## (Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄)၊ အကြီးစားစက်ရုံ(ဒဂုံ)ကြီးကြပ်မှုအောက်ရှိ ဆိုလာအလုပ်ရုံနှင့် LED မီးသီးအလုပ်ရုံတို့ကို စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။
၂။ ပထမဆင့်အနေဖြင့် စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ Expression of Interest(EOI)ကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၂ ရက် ညနေ ၃ နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(EOI)ပုံစံနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာ အထောက်အထားများပြသ၍ အထက်ပါလိပ်စာတွင် ၁-၁၁-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ပြရမည့်ကုမ္ပဏီဆိုင်ရာအထောက်အထားများ**
(က) သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ခ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
(ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## ပထမနှစ်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဒီပလိုမာ အချိန်ပြည့် (၁)နှစ်သင်တန်း (အင်္ဂလိပ်ဘာသာ)၊ အချိန်ပြည့် (၂)နှစ်သင်တန်း(ထိုင်းဘာသာ) နှင့် အချိန်ပိုင်း (၄)နှစ်သင်တန်း (တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ ရုရှားဘာသာ) သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ သင်တန်းများကို တစ်ပတ်လျှင် (၅)ရက် (တနင်္လာနေ့မှ သောကြာနေ့အထိ) ပို့ချပါမည်။ (အချိန်ပိုင်းသင်တန်းများကို နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိ) ပို့ချပါမည်။
၃။ သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နိုင်ငံတော်အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) အင်္ဂလိပ်ဘာသာ အချိန်ပြည့် (၁)နှစ်သင်တန်းအတွက် (အင်္ဂလိပ်စာ)အထူးပြုဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။
၄။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ တင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုရပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူးရုံးခန်းနှင့် ကျောင်းသားရေးရာဌာနတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၂-၆၁၄၀၂

**(ကြီးမြိုင်)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
# (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဤတက္ကသိုလ်မှ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်၌ ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးဘွဲ့လွန် ဒီပလိုမာရရှိသူများနှင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။
(၂) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၂လက်မ×၁ဒသမ ၅လက်မ) ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပါရှိရမည်။
(၃) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြလျက် ပါမောက္ခချုပ်ထံလိပ်မူ၍ လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ သီးနှံအထူးပြုဘာသာ၊ အောင်မြင်သည့် ခုနှစ်နှင့် လတို့ကို တိကျစွာဖော်ပြရမည်။
(၄) ဘွဲ့နှင်းသဘင်သို့တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၅) ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။
(၆) ဘွဲ့ဝတ်စုံငှားရမ်းလိုသူများသည် ဘွဲ့နှင်းသဘင်ကြေးပေးသွင်းပြီးကြောင်း ငွေရပြေစာ တင်ပြလျက် ဤတက္ကသိုလ်တွင် ဘွဲ့ဝတ်စုံများကို ၁၄-၁၂-၂၀၁၆ ရက်မှစ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။
(၇) ၂၀၁၄ ခုနှစ်မတိုင်မီ ဘွဲ့ရရှိသူများ အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။
(၈) ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ကျင်းပမည့်နေ့** - ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၇:၀၀ နာရီ
**ကျင်းပမည့်နေရာ** - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
**ဘွဲ့နှင်းသဘင်ကြေး(တက်ရောက်)** - ကျပ် ၁၅၀၀
**ဘွဲ့နှင်းသဘင်ကြေး(အဝေးရောက်)** - ကျပ် ၁၀၀၀
**အစမ်းလေ့ကျင့်ရက်** - ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် (စနေနေ့)
**အစမ်းလေ့ကျင့်မည့်အချိန်** - မွန်းလွဲ ၁:၀၀ နာရီ
**လျှောက်လွှာပိတ်ရက်** - ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက် (သောကြာနေ့)

(၉) အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ချစ်သန်း)**
**မော်ကွန်းထိန်း**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမြို့နယ် သင်တန်းအမှတ်စဉ်(၈)ကို ၄-၁၁-၂၀၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်။
**ဆက်သွယ်ရန်ဖုန်းနံပါတ်**-၀၉-၇၉၉၈၀၈၆၄၀၊ ၀၉-၄၂၁၁၂၄၉၆၇၊ ၀၉-၇၃၀၂၁၁၇၆၊ (၁-ဇ)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
နယ်မှသင်တန်းသားများ- ဘော်ဒါဆောင်အခမဲ့

**သင်တန်းသားဦးရေ ကန့်သတ်ထားသည်။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတက္ကသိုလ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် သင်္ချာအထူးပြုဖြင့် ဘွဲ့ရရှိခဲ့သော မရွှေရည်ခိုင် ၈/မဘန(နိုင်)၁၂၆၈၉၀ ၏ဖခင် ဦးသိန်းဇော်ထွေးနှင့် ဦးဇော်ထွေး ၈/မဘန(နိုင်)၀၉၁၀၈၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ထွေး(ခ)ဦးဇော်ထွေး**

ဂရိတ်ဝေါလ်ရွှေမြေကုမ္ပဏီလီမိတက် ရယ်ဒီမိတ်အိမ် များကို စတင်ထုတ်လုပ်ပေးနေပါသည်။
◈ ရယ်ဒီမိတ်အိမ်များကို စိတ်တိုင်းကျ တပ်ဆင်ပေးနေပါသည်။ ◈ ရယ်ဒီမိတ်အိမ်တွင် မျက်နှာကျက်၊ ခြင်လုံဇကာ၊ အိပ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ မီးဖိုခန်းများကို (၂၄ - ၈၀)နာရီခန့်အတွင်း အပြီးအစီး တပ်ဆင်ပေးပါမည်။ (အဆင်သင့်နေနိုင်ပါသည်)
✹ ကိုယ်စားလှယ်ယူလိုသူများ လာရောက်ဆက်သွယ်နိုင်ပါသည် ✹



➢ အမှတ် (၈၅)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 250500099, 09 250500088, 09 250500066, 09 73227622, 09 31652227,09 31652228
➢ အမှတ် (၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 381999, 01 382333, 09 250065716, 09 73048157

မှတ်ပုံ ACADEMY တင်ပြီး
တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး

အကယ်ဒမီ
အိမ်ဟင်းနှင့်ကြွေပြောင်စေရန်
ကြွေပြားရိုး၊ချွတ်ဆေးကိုသုံးပါ
အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
Tel : 95-1-374797, 384944, 254146, 385858, 242726
Email : academychemicalburma@gmail.com, VIBER -09 250150 990


JEWEL HOTEL Yangon
ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၆-နိုဝင်ဘာလ (၃) ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေးကျောင်းသား / သူများအတွက် နေရေးထိုင်ရေးစီစဉ်ပေးမည်။)
အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၃၂၁၈၄၇၈၁

ရွှေကမ္ဘာ
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14'ကားများဖြင့်လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉



## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်ရီ (ဟသာ်တ)

**အသက်(၈၈)နှစ်**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာဦးဝင်းမြင့်-ဒေါ်ညိုညိုနုတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်ရီ အသက်(၈၈)နှစ်သည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ခင်လေး

**အသက်(၇၈)နှစ်**

ဗိုလ်မှူးချုပ်စိုးမြင့်မောင်-မသီဂီတင်တို့၏မိခင် ဒေါ်ခင်ခင်လေး အသက်(၇၈)နှစ်သည် ၂၅-၁၀-၂၀၁၆ရက် နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးလှညွှန့် (ပြင်ဦးလွင်)

**ဆရာဘော (စွမ်းအင်ကိုယ်ပိုင်အထက်တန်းကျောင်း)**
**အလုပ်ရုံခွဲမှူး(ငြိမ်း)၊ ကော်ဖီစက်ရုံ၊ ပြင်ဦးလွင်**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ ဒေါ်မိမိမျိုးမြတ်၊ ဒေါ်အိအိစိုးမြတ်တို့၏ ဖခင်ဖြစ်သူ ဆရာကြီးဦးလှညွှန့်(ပြင်ဦးလွင်) အသက်(၇၄)နှစ်သည် ၂၆-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စွမ်းအင် (ကိုယ်ပိုင်အထက်တန်းကျောင်း မိသားစု)**
**ပြင်ဦးလွင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါကာကြီး**

### ဦးလှညွှန့် (ပြင်ဦးလွင်)

**ဆရာဘော (စွမ်းအင်ကိုယ်ပိုင်အထက်တန်းကျောင်း)**
**အလုပ်ရုံခွဲမှူး(ငြိမ်း)၊ ကော်ဖီစက်ရုံ၊ ပြင်ဦးလွင်**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ ဒေါ်မိမိမျိုးမြတ်၊ ဒေါ်အိအိစိုးမြတ်တို့၏ ဖခင်ဖြစ်သူ ဆရာကြီးဦးလှညွှန့်(ပြင်ဦးလွင်) အသက်(၇၄)နှစ်သည် ၂၆-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ငွေးကျော်-ဒေါ်သောင်းသောင်း**
**ကိုဇေညားအောင်-မမေမီအောင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးလှညွှန့်(ပြင်ဦးလွင်) အသက်(၇၄)နှစ်

**ဆရာဘော (စွမ်းအင်ကိုယ်ပိုင်အထက်တန်းကျောင်း)**
**အလုပ်ရုံခွဲမှူး(ငြိမ်း)၊ ကော်ဖီစက်ရုံ၊ ပြင်ဦးလွင်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၁၅၄/၁၅၆၊ ပထမထပ်နေ(ဦးအောင်မြတ်-ဒေါ်သောင်း)တို့၏သား၊ ဒေါ်မိမိမျိုးမြတ်၊ ဒေါ်အိအိစိုးမြတ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးလှညွှန့်(ပြင်ဦးလွင်) အသက်(၇၄)နှစ်သည် ၂၆-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြင်ဦးလွင်မှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ခင်မောင်လွင်၏ဖခင် ဦးကျော်လွင် အသက်(၇၂)နှစ်သည် ၂၃-၁၀-၂၀၁၆ရက် နေ့လယ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၉)မှ သူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးကံမြင့်

**(ဒုညွှန်မှူး၊ စီမံ၊ ငြိမ်း) MRTV**

**အသက်(၇၁)နှစ်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံ(ငြိမ်း) ဦးကံမြင့်သည် ၂၅-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဉာဏ်လင်းအောင်(ဥက္ကဋ္ဌ)၊ မွန်ပြည်နယ် ကွန်ပျူတာအသင်း၏ ဘကြီးဖြစ်သူ ဦးမော်မော် (မီလျံနာ သောက်ရေသန့်) အသက်(၆၆)နှစ်သည် ၂၄-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ် ကွန်ပျူတာအသင်း**

### ဦးခင်ကြွေ (ထားဝယ်)

**အသက်(၈၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကျောက်ရပ်၊ မြိတ်လမ်းနေ (ဦးဘသင်း-ဒေါ်သိန်းမေ)တို့၏သား၊ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ (ဦးအောင်စိုး-ဒေါ်ကြည်ကြည်သိန်း)၊ ဒေါ်စန်းရီ(အထက-၂၊ ထားဝယ်)၊ ဒုတိယဗိုလ်မှူးကြီးအောင်ညွှန့်(ကကဌေ)-ဒေါ်စန်းစန်းဝင်း၊ ဦးကြည်ညွှန့်-ဒေါ်ရီရီငွေ၊ ဦးစိန်တင်-ဒေါ်စန်းစန်းဝေ၊ (ဦးအေးလှ)-ဒေါ်ညိုညိုစန်း၊ ဦးငွေးတင်-ဒေါ်သန်းသန်းအေး၊ ဒေါ်တင်တင်ခိုင်(အထက၊ မြောင်းပုလဲ)၊ တပ်ကြပ်ကြီးသိန်းယူ-ဒေါ်ဇာဇာဝင်း၊ ဒေါ်တင်တင်ထွေး၊ ဦးအောင်ရဲကျော်-ဒေါ်ချိုချိုလှဲ့တို့၏ဖခင်၊ မြေး ၂၂ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၇-၁၀-၂၀၁၆ရက် နံနက် ၅နာရီတွင် ထားဝယ်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပေါက်တိုင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာမကြီးဒေါ်တင်ရီ (သံတွဲ)

**အသက်(၇၇)နှစ်**

သူငယ်ချင်း ဒေါက်တာရည်သွေး (ခွဲစိတ်ကုဆရာဝန်ကြီး)၏ မိခင် ဒေါ်တင်ရီ အသက်(၇၇)နှစ်သည် ၂၄-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ (၈၄-၉၀/ဆေး-၂)**

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဒေါက်တာဦးသောင်းတင်

**(ကျောက်မြောင်း၊ ကန်တော်ကလေး)**
**ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း**

**အသက်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မနောဟရလမ်း၊ အမှတ် ၁၂၊ ပထမထပ်(ညာ)နေ (ဦးလှအောင်-ဒေါ်တင်လှိုင်)တို့၏သား၊ (ဦးချစ်သောင်း-ဒေါ်တင်မြင့်)တို့၏သားသမက်၊ ဒေါ်ငွေးငွေးဝင်း၏ခင်ပွန်း၊ ဦးကျော်ဇင်ထွန်း(MIP)-ဒေါ်တင်သူဇာငွေး [အလက(၁)မင်္ဂလာတောင်ညွန့်]၊ ဦးသက်နိုင်ထွေး-ဒေါ်တင်နှင်းဇာငွေး[အထက(၃)၊ မင်္ဂလာတောင်ညွန့်]၊ မောင်ထင်ရှား(Marine Future)-မဆုမြတ်စန္ဒီတို့၏ဖခင်၊ မောင်ရှိုင်းလင်းထက်(Rise Pre School)၊ မောင်ကောင်းလင်းထက်(Rise Pre School)၊ Baby ဆုမြတ်တို့၏ဘိုးဘိုးသည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဥမ္မာသျှား (တရားလွှတ်တော်ရှေ့နေ)

**အိမ်တွင်းမှုစာပေတိုက်၊ ဆရာဝန်တင်ရွှေစာပေဆုရှင်**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ယုဇနကွန်ဒို၊ တိုက် 67/C ၊ အခန်း 6/D နေ (ဦးသန်းတင် - ဒေါ်စောနွဲ့နွဲ့ရီ)တို့၏ တစ်ဦးတည်းသောသမီး၊ [ဒေါ်စန်လေး၊ ကျောင်းအုပ်ကြီး(ငြိမ်း)၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ဘောင်ဒရီ၊ ရန်ကုန်]၏ကိုတ္တိမသမီး၊ ဒေါ်တီတီချို၏ညီမ၊ ဒေါ်ခင်မာလာမြင့်၏အစ်မ၊ ဦးကျော်ဇေယျ(အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မွန်မွန်စိုးတို့၏မိခင်၊ ဦးသောင်းထိုက်-ဒေါ်ထက်ထက်၊ ဦးသောင်းထွဋ်-ဒေါ်နီနီဝင်း၊ ဦးအောင်ဇော်မိုး(နိုင်ငံခြားဘာသာတက္ကသိုလ်)-ဒေါ်သက်သက်ထွန်း၊ ဦးကိုကိုအောင်-ဒေါ်ဝါဝါလှိုင်တို့၏အစ်မသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဥမ္မာသျှား

**တရားလွှတ်တော်ရှေ့နေ**
**အိမ်တွင်းမှုစာပေတိုက်**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ယုဇနကွန်ဒို၊ တိုက် ၆၇/C ၊ အခန်း 6/D နေ (ဦးသန်းတင်-ဒေါ်စောနွဲ့နွဲ့ရီ)တို့၏တစ်ဦးတည်းသောသမီး၊ မုံရွာမြို့နေ ဒေါ်လှဝင်းရီ၊ ဒေါ်ကြူကြူတို့၏ညီမ၊ ဒေါ်လှဝင်းမြင့်၊ ဦးမြသာနိုင်၊ ဦးဉာဏ်လင်း(သံအမတ်ကြီး)-ဒေါ်ခင်မာနွယ်၊ ဦးခင်မောင်ဇံ၊ ဗိုလ်မှူးစောသန်းဝင်း(ငြိမ်း)-ဒေါ်ဥမ္မာဇံ၊ ဒေါ်နီလာယုတို့၏အစ်မသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးတင်မောင်(ခ)

**SAW LIN HWA**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၆လမ်း၊ အမှတ် ၄၆(ပထမထပ်)နေ [စောတုံ၄က်(ခ)ဦးရွှေမောင်-လင်အိုက်လှျံ (ခ) ဒေါ်အုံးကြည်]တို့၏ သား၊ ဒေါ်ကျင်သန်း - ဦးသိန်းထွန်း (ထိုင်ဝမ်)တို့၏ညီ/မောင်၊ဒေါ်ခင်သန်း၊ ကိုစောမောင်၊မတင်တင်လှိုင်၊မခင်ထွေးလှိုင်တို့၏အစ်ကို၊ တူ/တူမ နှစ်ယောက်တို့၏ဦးလေးသည် ၂၆-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်တွင် ၁၁လမ်း၊ အမှတ် ၃၂ (လေးလွှာ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအောင်ကြည် (ဓနုဖြူ)

**အသက်(၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ၆လမ်းအောက်၊ အမှတ် ၂နေ (ဦးအုန်းညွှန့်-ဒေါ်မြရင်)တို့၏သား၊ (ဒေါ်မြသန်း)၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ဖြူဖြူဦး၊ ဦးမြင့်အောင်-ဒေါ်ခင်ခင်လေး၊ ဦးခင်မောင်လွင် - ဒေါ်စန်းစန်းမော်တို့၏ ဖခင်၊ ဦးကြည်ဝင်း - ဒေါ်သောင်းကြွယ်၊ ဦးအောင်မင်း - ဒေါ်ခင်အုန်းမြင့်တို့၏ အစ်ကို၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ဦး (လှည်းကူး)

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁ (က)၊ ဒေဒီယာလမ်း၊ မလိခအိမ်ရာနေ(ဦးဖြိုး-ဒေါ်မယ်သော့)တို့၏ သမီး၊ (ဦးပန်းသင်-ဒေါ်မိုန်)တို့၏သမီးချွေးမ၊ (ဦးသိန်းမောင်)၏ဇနီး၊ ဦးသိန်းထွန်း-ဒေါ်တင်တင်လှ၊Captainမင်းစိုးအောင်(LIZSTAR SHIPPING Co., Ltd) - ဒေါ်စန်းစန်းချို (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးသိန်းစိုး - ဒေါ်အေးအေးမိုးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲမင်းအောင်၊ မအိမ့်ချမ်းမြေ့ခင်၊ မောင်အောင်ကောင်းမြတ်၊ မနှစ်ဦးဝေ၊ မသီရိခင်ခင်တို့၏ အဘွားသည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### ဒေါ်မြကြည်(ခ)ဒေါ်မိုင်မွန်

**ကျားရောင်စုံပုံနှိပ်တိုက်နှင့် ဧရာဝတီမျက်မှန်**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၂၉လမ်းထိပ်၊ အမှတ် ၄၉၄ (ပထမထပ်)နေ [ဦးခင်မောင်(ကျားရောင်စုံပုံနှိပ်တိုက်နှင့် ဧရာဝတီ မျက်မှန်)]၏ဇနီး၊ ကိုခင်မောင်ဦး၊ ကိုခင်မောင်လတ်၊ မခင်မာကြည်၊ မခင်မာရီ၊ မခင်မာအေး၊ မခင်မာသီ၊ ကိုခင်မောင်ညွှန့်၊ ကိုခင်မောင်ငွေး၊ မခင်ငွေးမြင့်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် လေးယောက်တို့၏ အဘွားသည် ၂၆-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးအဟ်မဒီယာ မွတ်စလင်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်း B.A, Law

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၄လမ်း၊ အမှတ် ၁၀၂နေ ဦးထွန်းရွှေ-(ဒေါ်ရှုစွမ်)တို့၏ သားသမက်၊ (ဦးအင်းယား)-ဒေါ်ကျင်ဆိုင်တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ သိုက်ကုန်းကျေးရွာနေ ဦးမြတ်ကျော်-ဒေါ်အေးအေးချို၊ ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးဆင့်၊ ဦးအောင်မျိုးဝင်း - ဒေါ်မြင့်မြင့်မော်၊ ဒေါ်မာမာဆွေတို့၏အစ်ကို၊ဒေါ်တင်တင်ညို၏ချစ်လှစွာသောခင်ပွန်း၊ မောင်တင်ကိုလတ်၏ဖခင်သည် ၂၆-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ခင်အေး

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ချွန်း(၁)လမ်း၊ အမှတ် ၁၄နေ(ဦးမြမောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးဘငွေး)-ဒေါ်လှတို့၏ချွေးမ၊ ဦးမြင့်ကျော်၏ဇနီး၊ ကိုဝင်းမြတ်ထွဋ်၏မိခင်သည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်ဦး (ပုသိမ်မြို့)

**လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း၊ Condo 3-A (ပြည်လမ်း၊ ငါးမိုင်ခွဲ၊ ကန်လမ်းမုဝင်ရန်)နေ (ဦးမောင်ဟန်-ဒေါ်မြ)တို့၏သား၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်ရီရီဟန်)တို့၏မောင်၊ ဒေါ်ခင်ဝင်းဖြူ၏အစ်ကို၊ (ဒေါ်မိုမိုအောင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒီမိုးဦးဖြူ-Maurice Botter၊ မောင်အောင်မြင့်ဦး၊ မအောင်မာဦးတို့၏ချစ်လှစွာသောဖခင်၊ Meemee, Chan, Piet တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးလှဝင်း(ခ)ဦးသံချောင်း

**(အငြိမ်းစားရုံပိုင်ကြီး)**

**အသက်(၈၂)နှစ်**

မော်လမြိုင်မြို့၊ ဈေးချို၊ ဆန်တန်းနေ(ဦးဘဖိုး-ဒေါ်သန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အရိုးကုန်းရပ်နေ (ဦးကျော်လှိုင်-ဒေါ်ချစ်ချစ်)တို့၏တူ/သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်းနေ (ဗိုလ်မှူးကြီးဖေကြည်)-ဒေါ်မြင့်မြင့်တို့၏တူ/သား၊ အမရပူရမြို့၊ ရွှေကြက်ယက်၊ ရွှေတိုက်စိုးရပ်နေ(ဦးအုန်းဖေ-ဒေါ်မြလေး)တို့၏သားသမက်၊ အမရပူရမြို့၊ ပြဿဒ်ကြီးရပ်နေ(ဒေါ်ခင်မေသန်း)၏ခင်ပွန်း၊ အမရပူရမြို့၊ တိုးချဲ့(၄)ရပ်နေ ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်မော်၊ အမရပူရမြို့၊ ပြဿဒ်ကြီးရပ်နေ ဦးအောင်ဝင်း-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခိုင်ခိုင်မြတ်၊ ဒေါ်အေးမြင့်စံတို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ် သုံးယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၆ရက်(တနင်္လာနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် တောင်အင်း/မြောက်အင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အမရပူရမြို့၊ ပြဿဒ်ကြီးရပ်၊ မင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)**
**ဂုဏ်ထူးဆောင်နာယကကြီး**

### ဦးစောနိုင် အသက်(၈၁)နှစ်

**ဥက္ကဋ္ဌ(ငြိမ်း)၊ ပါတီယူနစ်၊ ငပုတောမြို့နယ်၊**
**အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ်၊ ငပုတောမြို့နယ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကိုးအင်းရွာနေ (ဦးဘိုးတင့်-ဒေါ်လှ)တို့၏သား၊ ဘက်ရဲတိုက်နယ်နေ (ဦးဘမှန်-ဒေါ်မြအိ)တို့၏သားသမက်၊ လှိုင် မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၄)လမ်း၊ တိုက် ၅၈၊ အခန်း ၁၂နေ ဒေါ်သန်းအေး၏ခင်ပွန်းသည် ၂၆-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့၊ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးခင်မောင်ကြီး အသက်(၇၇)နှစ်

**ကြိုးမဲ့ဆက်သွယ်ရေးဌာနစုမှူး၊ ဘရေ(ငြိမ်း)၊ ရန်ကုန်မြို့**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၂၄၃နေ (ဦးဘရွှေ-ဒေါ်လှအေး)တို့၏သား၊ ဒေါ်မေလင်း(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်သူ-ဒေါ်ခင်မေဦး၊ ဦးမောင်ကျော်လွန်း-ဒေါ်နန်းသီဂီအေး၊ ဦးဟန်ထွန်းညွှန့်-ဒေါ်ခင်ထားလတ်၊ ဦးစောမြင့်ထူး-ဒေါ်ခင်ထွေးရီတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၄၈နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၀-၂၀၁၆ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးအောင်ကျော်မင်း (Freddy)

**(Takashima Sports Factory)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ယိုးဒယားလမ်း၊ အမှတ် ၁/Cနေ ဒေါ်မူမူသိန်း(Helen)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးငြိမ်းမောင်-ဒေါ်မြင့်မြင့်)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်ညွှန့်ညွှန့်)တို့၏သားသမက်၊ ဦးဆန်နီငြိမ်းမောင်-ဒေါ်ချိုချိုဝင်း၊ (ဦးစောအောင်)-ဒေါ်တင်နှင်းမာ(ဂျပန်ဧည့်လမ်းညွှန်)၊ ဦးသက်ဦး-ဒေါ်အိအိငြိမ်းမောင်၊ ဦးလှမိုး-ဒေါ်မဥ္ဇူငြိမ်းမောင်(Australia)တို့၏အစ်ကို၊ ဦးနေမင်းနိုင်(Uniteam Marine)-ဒေါ်မေကျော့မင်း(Iris)၊ ဦးကျော်လင်းမောင်(USA)-ဒေါ်ဇင်ကျော်မင်း(Ivy)တို့၏ဖခင်၊မောင်ဝဿန်နေ(Junior)၊ မမေနေ(Jessica)တို့၏အဘိုးသည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးအောင်ကျော်နိုင်

**AGTI (Civil)**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၅၂နေ (ဦးနီ)-ဒေါ်မကြီးတို့၏သား၊ ဒေါက်တာဝင်းကိုကို-ဒေါ်မေရီမြင့်၊ ဦးသန့်စင်(ခ)ကိုချို(နယူးဇီလန်နိုင်ငံ)-(ဒေါ်သီဂီမြင့်)၊ ဒေါက်တာသီဂီ၊ (ဦးဗိုလ်ဗိုလ်)-ဒေါ်ခင်စန္ဒာတို့၏ညီ/မောင်၊ ဦးဆန်ဆန်-ဒေါ်အေးအေးမြင့်၊ ကိုအောင်မျိုးနိုင်-မသီတာကြင်၊ မမိုးချယ်ရီတို့၏အစ်ကိုသည် ၂၅-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၆ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်တောဒေသအတွင်း အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်သူများနှင့် နတ်မြစ်အတွင်း မသင်္ကာဖွယ် ဘင်္ဂါလီငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသောတပ်မတော်စစ်ကြောင်းသည် ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က ငါးစာကြူးကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းရာ ပြောင်ပိုက်ကျေးရွာအနီး တပ်မတော်စစ်ကြောင်းနှင့် ဖြစ်ပွားခဲ့သောဖြစ်စဉ်တွင် ပါဝင်ခဲ့သူများဖြစ်သည့် အာကူဟာလောင် (ဘ)မာမွတ်ရှောဒီ၊ ခါမားဟူဆေး(ဘ) ဘော်ဒူဇာဟာ၊ အာဘူအာလောင်(ဘ) ဘဆွန်းဘာလီ၊ ဇာရွတ်အာလောင်(ဘ)ချူနာဘာလီ၊ နူရူကာမိုင်(ဘ) ဆော်လီဟူဆောင်း၊ ဟာဘူအူးဆောင်း(ဘ)တဆွန်းဘာလီ၊ ဂျူရာလောင်(ဘ) နော်ဇီရာမောက်နှင့် အာဘူဘော်ရှော(ဘ)နော်ဇီရာမောက် ရှစ်ဦးတို့ကိုဖမ်းဆီးရမိခဲ့ပြီး အမှတ်(၁) နယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)သို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

အလားတူ တပ်မတော်စစ်ကြောင်း နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများကို လိုက်လံဖော်ထုတ်ရှင်းလင်းလျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ကျောင်းတောင်ကျေးရွာရှိ အဒူလာ(ဘ) ဆူတာအာမတ်ကို ၎င်း၏နေအိမ်၌ လည်းကောင်း၊ နံနက် ၁၁ နာရီခွဲအချိန်တွင် ကြက်မောက်တောင် အနောက်ရွာနေ ဆွေတာမောက်(ဘ) ဖေရင်ကို ၎င်း၏နေအိမ်၌ လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ■



# စေတနာရှင်ပြည်သူများ ပေးပို့လှူဒါန်းသည့်ပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ အဆိုပါပစ္စည်းများအနက်မှ စားသောက်ကုန် ခြောက်တန်နှင့် လူသုံးကုန် ၀ ဒသမ ၅ တန် စုစုပေါင်း ၆ ဒသမ ၅ တန်ကို ယနေ့နံနက် ၈ နာရီက မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ စစ်တွေမြို့သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လှူဒါန်းပစ္စည်းများကို လေယာဉ်ပေါ်သို့ တပ်မတော်သားများက တင်ဆောင်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

လှူဒါန်းပစ္စည်းများ တင်ဆောင်ထွက်ခွာသွားသော တပ်မတော်လေယာဉ်သည် စစ်တွေလေဆိပ်သို့ နံနက် ၉ နာရီ ၅ မိနစ် တွင်ရောက်ရှိရာ တာဝန်ရှိသူများကလက်ခံခဲ့ပြီး ယင်းလှူဒါန်းပစ္စည်းများကို ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များရှိ ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များထံသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ထိုင်ခုံခါးပတ် မပတ်သော ယာဉ်မောင်းများအား စတင်အရေးယူမည်

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့တွင် ပြေးဆွဲမောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များအနေဖြင့် လာမည့်နိုဝင်ဘာ ၁ ရက်မှစပြီး ထိုင်ခုံခါးပတ် မပါဘဲ မောင်းနှင်သော ယာဉ်မောင်းနှင့် စီးနင်းလိုက်ပါသူများကို မော်တော်ယာဉ်ဥပဒေနှင့် အညီ စတင်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောကြားသည်။

“ဒီဥပဒေက ၂၀၁၅ ခုနှစ် စက်တင်ဘာလကတည်းက မော်တော်ယာဉ် ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ လာမယ့် နိုဝင်ဘာ ၁ ရက်မှာတော့ ယာဉ်မောင်းသူများရော စီးနင်းလိုက်ပါသူများပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအနေနဲ့ ထိုင်ခုံခါးပတ် မပတ်ထားမှုအပေါ် စတင်အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်” ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက ယနေ့ညနေပိုင်းတွင် လမ်း (၅၀) ယာဉ်ထိန်းရုံး၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

မော်တော်ယာဉ် ဥပဒေပုဒ်မ ၅၄(င)တွင် သတ်မှတ်ထားသည့် ထိုင်ခုံခါးပတ်ပတ်ရန် ပြဋ္ဌာန်းထားရှိကြောင်း၊ ထိုင်ခုံခါးပတ်များသည် ယာဉ်မတော်တဆဖြစ်ပွားစဉ် အသက်ကို ကယ်တင်နိုင်ကြောင်း၊ နိုင်ငံတကာ၌လည်း ထိုင်ခုံခါးပတ်ပတ်ရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာပညာရှင်များ၏

*စာမျက်နှာ ၈ ကော်လံ ၁* ●



# အားကောင်းသော မုန်တိုင်းငယ် ဆက်လက်ရွေ့လျားပြီး အားလျော့သွားမည်ဟု ခန့်မှန်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသည့် အားကောင်းသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ၁၆၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့ဘက်မိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း

*စာမျက်နှာ ၅ ကော်လံ ၁* ❀


ချင်းတွင်းမြစ်တစ်လျှောက် ပြေးဆွဲနေသော ရေယာဉ်များ စည်းကမ်းချက်များ ထုတ်ပြန် စ၁-၈

စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကြိုတင်ကုစားစနစ် လာမည့်နိုဝင်ဘာလမှ စတင်အသုံးပြုမည် စ၁-၁၅

ဘိုင်ယန်မြူးနစ်ရဲ့ အနာဂတ်ကြယ်ပွင့် သို့မဟုတ် ဂျိုရှူအာကင်မစ်ချ် စ၁-၁၈

ယခုနှစ်ရာသီတွင် ချယ်လ်ဆီး ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးအပေါ် အန်ဆယ်လော့တီ သံသယရှိနေ စ၁-၁၉



